
စံဝ မိုးမှူး
ဆင်မြူကျွန်းအောင်သိန်း

စံဝ မိမှေး

# ဝတ္ထုတိုများ

ဆင်ဖြူကျွန်းအောင်သိန်း

Typing – RedLace(ဇာနည်)

Proof & PDF – nai99

www.mmteashop.com မှ PDF အဖြစ် အွန်လိုင်း၌ ဖြန့်ချိသည်။

စာမူခွင့်ပြုအမှတ် - ၅၀၁၃၄၉၀၉၀၉

မျက်နှာဖုံးခွင့်ပြုအမှတ် - ၅၀၀၂၆၀၁၁၀

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ မတ် ၂၀၁၀။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံး - သန်းမြင့်အောင်

ဖလင်ခွဲ - ထွန်းဆိုင်

တန်ဖိုး - ၁၀၀၀ ကျပ်

ဒေါ်နီနီခိုင် (၀၇၁၃၅)၊ သီရိမေ ရောင်စုံပုံနှိပ်တိုက်။

အမှတ် ၁၉၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဒေါ်ခိုင်ခိုင်ဦး (၀၄၁၃၈)၊ ပုဂံစာအုပ်တိုက်

၄ (A) ၅၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

ဖုန်း - ၀၉ ၅၁၁၀၀၃၈၊ ၅၄၄၃၂၁

## မာတိကာ


စာရေးသူ၏ အမှာ ၆

၁။ နွေမှာ ငိုသော ရွာတစ်ရွာ ၉

၂။ ငှက်ပျောပင်စိုက်သော လယ် ၂၂

၃။ ငယ်ချစ်ဟောင်းနှင့် ဥပေါသထသီလ ၃၆

၄။ ထန်းပင်မြစ်နဲ့ တသင်းသင်း ၅၁

၅။ မင်းမြောက်တန်ဆာငါးပါးနှင့်လူ ၆၄

၆။ ဇော ၇၉

၇။ လယ်ထဲ အိမ်ထဲမှာ ၉၄

၈။ အပွင့် အသီးတို့မြိုင်ဝေ ၁၀၅

၉။ မြော်ခေါ်တတ်ဘိခြင်း ၁၁၇

၁၀။ နို့ညှာကောင် ကျော်သူစံ ၁၂၇

၁၁။ အငယ်ဆုံးလူ မြတ်ကောင်းစံ ၁၃၁

၁၂။ ဖားပြုတ်လျှာနီ ၁၄၁

၁၃။ ခါးနာသော ငထွား ၁၅၁

## စာရေးသူ၏ အမှာ

ဤ`စံဝ မိမေး ဝတ္ထုများ´သည် မောင်သိန်းဆိုင်ထံမှ ပုဂံစာအုပ်တိုက်သို့ ရောက်လာခြင်း ဖြစ်ပါသည်။ ၂၈-၅-၂၀၀၂ တွင် ကွယ်လွန်သူ မောင်မောင် (ဥက္ကလာ)မှ တစ်ဆင့် ပေးလိုက်သော စာမူများသည် ၂၀၀၆ ခုနှစ် ရှစ်လပိုင်းတွင် ဗျာဂတ္တကျင့်ပြီး ပုဂံသို့ ရောက်လာခြင်းဖြစ်ပါသည်။

စံဝ မိမေးတို့သားအမိတစ်တွေအကြောင်း ရေးလာခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီ ဖြစ်ပါလျက် စာမူတွေ အိုင်မနေပါ။ မောင်သိန်းဆိုင်ထံမှ ပုဂံသို့ ရောက်လာသော စံဝ မိမေးဝတ္ထုများတွင် ဝတ္ထုတို တစ်ဆယ့်တစ်ပုဒ် ပါဝင်ပါသည်။ မိတ္တူကူးစဉ်က ချွတ်ချော်သဖြင့် နှစ်ပုဒ်မှာ စာဆက် မမှန်ပါ။

မိမိထံသို့ ထိုဒုက္ခကြီး ရောက်လာသောအခါ စာမျက်နှာ မစုံ၊ စာဆက်မမှန်သော နှစ်ပုဒ်ကို ဖြုတ်ပစ်လိုက်ပါသည်။ နောက်ထပ် ခုနစ်ပုဒ်ခန့် ဖြည့်ပေးရန် တစ်နေကုန်ရှာပါမှ လေးပုဒ်သာ ရပါသည်။ ထိုအခါ အထက်ပါ စာပိုဒ်ပါ စကားသည် ဖြစ်ပေါ်လာ၏။ စံဝ၊ မိမေးတို့မိသားစုအကြောင်း ရေးလာခဲ့သည်မှာ ဆယ်စုနှစ် နှစ်စု ကျော်ခဲ့ပြီ။ သို့ပါလျက်နှင့် စံဝ၊ မိမေး စာမူတွေ ပုံမနေခြင်းမှာ အဘယ်ကြောင့်နည်း။

ထိုအခါတွင် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း ပေါ်လာပါသည်။ ထိုမဂ္ဂဇင်း အယ်ဒီတာချုပ် မြင်းမူ မောင်နိုင်မိုးသည် မိမိအား စာမူခများ သုံးလေးလစာ ကြိုပေးခြင်း၊ အတိုပေါင်းချုပ်များ ထုတ်ပေးခြင်းဖြင့် အသက်ရှူချောင်အောင် ကူညီခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံ့ဂုဏ်ရည် စာပေတိုက်မှ `အမေဝတ္ထုများ´၊ `အဖေဝတ္ထုများ´၊ `အမေ အဖေ ဝတ္ထုများ´၊ `အမေ၊ သမီးတို့အမေနဲ့ အမေ ရသစ ဝတ္ထုတိုများ´ကို ထုတ်ဝေခဲ့ပါသည်။ ဤအခါကျမှ စံဝ မိမေး ဝတ္ထုတိုများ တိုရေရှားရေ ဖြစ်နေရခြင်းအကြောင်းလည်း ကောင်းစွာပေါ်ပေါက် လာပါတော့သည်။ သေချာသည်ထက် သေချာစေရန် မှတ်တမ်းကို ကြည့်ပြီး ပြောပါမည်။

(၁) အမေဝတ္ထုများကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့ပါသည်။

(၂) အမေ အဖေဝတ္ထုများကို ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေခဲ့ပါသည်။

(၃) အဖေဝတ္ထုများကို ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေခဲ့ပြီး

(၄) သမီးတို့အမေနှင့် အမေ ရသစု ဝတ္ထုများကို ၂၀၀၅ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေခဲ့ပါသည်။ နောက်ဆုံးအုပ်မှာ မဂ္ဂဇင်း ဝတ္ထုရှည် သုံးပုဒ်နှင့် အတိုလေးပုဒ် ပါဝင်ပါသည်။

အမှတ်စဥ် ၁ မှ ၃ အထိသည် စုစုပေါင်း ပုဒ်ရေငါးဆယ်ခန့်ရှိမည် ထင်ပါသည်။ ထိုငါးဆယ်ခန့်ထဲတွင် စံဝ မိမေ့ အနည်းဆုံး ပုဒ်ရေ နှစ်ဆယ်ခန့်ပါဝင်မည် ထင်ပါသည်။ အကြောင်းမှာ စံဝ မိမေ့ဝတ္ထုများထဲမှ ကျော်သူစံကို အကြောင်းပြုသော ဝတ္ထုများမှာ အမေ့မေတ္တာဖွဲ့ နှင့် အဖေ့ မေတ္တာဖွဲ့ ဝတ္ထုတိုတွေ များပြားသောကြောင့်ပေတည်း။

ဤသို့ဖြစ်ရခြင်းမှာ ဝတ္ထုတိုပေါင်းချုပ် စံဝ မိမေ့အမည်ဖြင့် ထုတ်ဝေမည်ဟူသော ကြိုတင်ကြံစည်ချက် မရှိသောကြောင့်ဖြစ်ပါသည်။

ဤ စံဝ မိမေ့ စာမူသည် အမေဝတ္ထုများတွင် ဝင်သလော။ `ဝင်သည်´ ဝင်လျှင် `ထည့်လိုက်´။ ဤသို့ဖြင့် စံဝ မိမေ့များ အိုင်မနေခြင်း ဖြစ်သည်။

ယခုလည်း မောင်သိန်းဆိုင်သာ မတောင်းခံလျှင် စံဝ မိမေ့ မိသားစု ဆုံဆည်းမိဖွယ် မရှိ။ သူက ဤဝတ္ထုတိုများကို `တလင်းခေါက်ချိန်´ ဟု အမည်ပေးထားငြား၊ တလင်းခေါက်ချိန် စာမူမှာ စာဆက်မမှန်သဖြင့် ပြုတ်ကျန်ခဲ့သည့်အတွက် စာအုပ်အမည်ကို `စံဝ မိမေ့´ဟု ပေးလိုက်ရပါသည်။ ဤသို့ဖြင့် မောင်သိန်းဆိုင်ထံမှ ပုဂံသို့ ရောက်လာသော စံဝ မိမေ့တွင် နိုင်ငံ့ဂုဏ်ရည်ထုတ် `အမေဝတ္ထုများ´နှင့် `အဖေ ဝတ္ထုများ´ `အဖေအမေ ဝတ္ထုများ´ ပါဝင်ပြီးသော စံဝ မိမေ့များ ပါဝင်မလာအောင် အထူးဂရုပြုထားပါသည်။

မိမိ၏စာဖတ်သူများအတွက် စာရေးသူတစ်ယောက်၏ အစွမ်းဆောင်နိုင်ဆုံး ကြိုးစားမှုဖြစ်ပါသည်။ စာပေသည် ခေတ်၏ ကြေးမုံဖြစ်သည်ဆိုသော စကားအရ လိုက်လျောညီထွေမှု မရှိသဖြင့် တောင်းပန်ပါသည်ဟု ဆိုင်းဘုတ် ချိတ်ဆွဲရဖွယ်ရှိသည်ဟု ထင်မြင်မိပါကြောင်း။

**ဆင်ဖြူကျွန်း အောင်သိန်း**

၁၆၊ စက်တင်ဘာ ၂၀၀၆။

## နွေမှာ ငိုသော ရွာတစ်ရွာ

### ၁

`ဟေ့ အေးမ၊ နင့်ကို ဆရာဝန်ကြီးက မှာလိုက်တယ်ဟေ့၊ ဘာပြုလို့မှန်မှန်လာပြီး မကုသာလဲတဲ့၊ မေးလိုက်သယ်ဗျား´

ကိုဖိုးဒန်၏ အသံသြသြကြီးကို နွားစာစဉ်းရင်း ကြားလိုက်ရသဖြင့် စံဝမှာ နွားစာစဉ်းခုံမှ ထလာခဲ့သည်။ ဤနွားစာစဉ်းခုံမှာ နန်းတိုင်ဖြင့် စဉ်းရခြင်းလောက် မပင်ပန်းသော်လည်း မွဲမှောင်နေသော သူ့ကျောပြင်ကြီးနှင့် ရင်ဘတ်မှ ချွေးစေးများ စီးကျနေ၏။ လက်သန်းတစ်လုံးစာမျှ ရှည်သော ရွှေရောင် ကောက်ရိုးဖတ်ကလေးတွေမှာ စံဝရင်ဘတ်တွင် ကပ်နေ၏။ ရင်ဘတ်သာမက လက်မောင်း၊ လည်ပင်း၊ ခြေသလုံးများ တွင်ပါ ချွေးစေးကြောင့် ကပ်နေကြပေသည်။

`ဗျို့ အစ်ကို ဖိုးဒန်´

ဖဲထီးကြီး ချိုင်းကြားညှပ်လျက်၊ လွယ်အိတ်နွမ်းနွမ်း တစ်လုံး လွယ်လျက် ဆက်လျှောက်လာရာမှ ကိုဖိုးဒန် ဆတ်ကနဲ ရပ်ရင်း မော့ကြည့်၏။

`မင့်မိန်းမ မိမေ့းက မှာလိုက်ပ့ါဗျား´

စံဝက ဘာမျှမမေးရသေး၊ သူက အလိုက်တသိ သတင်းပေး၏။

`ဆားပေးနေသာ တွေ့လို့ တန်းစီပြီး ဝယ်လိုက်ဦးမယ်တဲ့´

စံဝတို့ ကန်စွန်းပင်လှရွာဘက်တွင် ဆားအခက်အခဲကလေးတော့ အနည်းအပါး ရှိ၏။ တစ်ခါတစ်ခါမှ သမဝါယမက ဖြန့်ဝေရောင်းချသော ဆားမှာ အနီကြီးတွေ အခဲကြီးတွေ ဖြစ်သည်။ သို့ကြောင့် ယခုလို ဆားဖြူဖြူကလေး လွတ်လပ်စွာ ဝယ်ခွင့်ရခိုက် နေပူခံပြီး

တန်းစီကျန်ခဲ့ခြင်း ဖြစ်သည်။ လယ်သူမတစ်ယောက်အတွက် နေပူခြင်းမှာ မည်သို့မျှ မထူးဆန်းပါချေ။

`သာဖြင့် နေပါဦး၊ ခုနက ဘာအော်သာလဲဗျ။ အေးမ ဆိုလား ကြားလိုက်ပါတယ်´

`အေး ဟုတ်သယ်၊ မြို့က မျက်ခမ်းစပ်ဆရာဝန်ကြီးက အေးမကို မှာလိုက်လို့ ပြောရသာပါကွာ၊ စကားပြောရသာလည်း ကောင်းပ့ါ၊ ခံတွင်းကလည်း ချဉ်ပ့ါကွာ၊ ပေးစမ်း မင့်ဆေးလိပ်´

စံဝပါးစပ်တွင် ပြောင်းဖူးဖက် ဆေးလိပ်တစ်လိပ် တန်းလန်းပါသည်။ နွားစာ စဉ်းနေစဉ် တစ်လျှောက်လုံး မီးခိုးငွေ့ကို တမှုဉ်းမှုဉ်း ဖွာထုတ်ကာ ပါးစပ်ဖြင့် ကိုက်ထားသဖြင့် ဖင်စီခံသည် ဆေးလိပ်ကိုယ်ထည်ထဲသို့ ချိုင့်ဝင်နေပြီ။ မီးလည်း သေနေပြီ။ ကိုဖိုးဒန်က ထိုဆေးလိပ်ကို ဆွဲဖြုတ်ယူကာ ဖင်စီခံကို ဖျစ်ညှစ်လိုက်၏။ သွားရည်များသည် ဖင်စီခံထဲမှ ကြွက်မြီးတန်းကာ ကျဆင်းသွား၏။

`ငါ့လခွေးသယ်မှပဲ၊ သွားရည်တွေကလည်း သောင်းကပ်နေပြီ၊ မီးကလည်း မရှိ၊ လွှင့်သာပစ်´

`အား အား မပစ်ပါနဲ့ဗျာ၊ မီးခတ် ရှိပါသယ်ဗျ´

နွားစာစဉ်းသည့်နေရာသို့ ပြေးကာ ဓာတ်ဆီမီးခြစ်ကို ယူလာသည်။ ထိုအချိန်ဝယ် ကိုဖိုးဒန်က ကနဖျင်းအောက်ရှိ မြင်းခုံနောက်မှီ ခုံတန်းလျားသို့ ရောက်နေပြီ။ ရေအိုးအသစ်ကလေးထဲမှ ရေများကို မှုတ်သစ်ဖြင့် သောက်နေရာက …

`သယ်လဲ အေးပါကလားကွ၊ မြောင်းခွအိုးလား၊ ယမ်းဖိုကုန်းအိုးလား´

တစ်ချက်လှမ်းမေးပြီးမှ ကုန်အောင်သောက်သည်။

`ဆရာဝန်ကြီးက ဘာမှာလိုက်သာလဲဗျ၊ ပြောပါဦး´

စံဝက မီးခြစ်လှမ်းပေးရင်း၊ ဝင်ထိုင်ရင်း မေးသည်။

`အေးမက မျက်သား`ကျင်´သာ၊ မင့်ဒွေးလေးက မျက်မွေးစိုက်သာ၊ မှာလိုက်သာကတော့ နှစ်ယောက်လုံးပဲ။ ပျောက်စရှိရင် တစ်လက်စတည်း ပျောက်သွားစေချင်သယ်တဲ့၊ စိတ်မချလို့ ယောက်ျားက မလွှတ်ရင်လည်း ယောက်ျားပါ ခေါ်ခဲ့တဲ့´

`လုပ်ရော့မယ် ဒီဒေါက်တာကြီးကတော့´

ထိုသို့စံဝပြောအပြီးတွင် နှစ်ယောက်စလုံး ဟဲကနဲ ရယ်မိကြသည်။ အပြုံးရိပ်များသည်လည်း မျက်နှာပြင်ပေါ်တွင် တင်ကျန်ရစ်သည်။

မျက်ခမ်းစပ် ပပျောက်ရေး စီမံကိန်းဖြင့် သည်မြို့နယ်သို့ ရောက်ရှိလာသော ဆေးအဖွဲ့မှ သည်ဆရာဝန်ကို ကန်စွန်းပင်လှ အပါအဝင် ကျေးရွာများမှ လူများ ခင်မင်လေးစားကြသည်။ သူ့ထံရောက်လာသော မျက်စိနာ၊ မျက်ခမ်းစပ်၊ မျက်မွေးတို၊ ကြက်မျက်သင့်၊ မျက်သားကျင် စသော မျက်စိဝေဒနာသည်များမှာ တောသူတောင်သားအများစုဖြစ်ရာ၊ သန့်ရှင်းလှပါသည်ဆိုသူထံမှ မည်သည့်အနံ့မျှ မနံပါဆိုစေကာမူ အနည်းဆုံး `နေစော်´တော့ နံသေး၏။

ဤသို့ နေစော်၊ ချွေးစော်၊ ပုပ်ညှီသော ကိုယ်နံ့နံ့သူများအား နှာခေါင်းမရှုံ့၊ မျက်နှာမပျက်ဘဲ စမ်းသပ်ကြည့်ရှုသည်။ ရယ်စရာမောစရာ ကလည်း အလွန်ပြောတတ်သည်။ ထို့ကြောင့် စံဝတို့ ကိုဖိုးဒန်တို့က `လုပ်ရော့မယ် ဒီဒေါက်တာကြီးကတော့´ဟု ကျေနပ်ရင်းနှီးစွာ ဆိုကြခြင်းဖြစ်၏။

`အမယ် မင့်ဟိုဘက်က ဥသျှစ်ပင်တို့တယ်ပင်ကုန်းတို့ကျတော့ မလာတာကြာတဲ့လူတွေဆီကို သူကိုယ်တိုင် ထွန်စက်စီးပြီး သွားသတဲ့ဗျား´

`ဝေးလည်း ဝေးသာကိုးဗျ´

`အေးပေ့ါ၊ ဝေးလို့လည်း သူကိုယ်တိုင် လိုက် ထင်ပေ့ါကွာ၊ ခါတိုင်းဆိုရင် ခုလို တပေါင်း၊ တန်ခူး၊ ကဆုန်ဟာ မျက်စိနာသမားတွေရဲ့ ငရဲ မဟုတ်လား´

ကိုဖိုးဒန်က ခြစ်ခြစ်တောက်ပူနေသော နေပူပြင်ဘက်သို့ မိတ်တုတ်မိတ်တုတ် လုပ်ကာ ဝေ့ကြည့်ရင်း ပြောလိုက်လေသည်။

ထိုအခါ ငရဲရွာ၏ ငရဲကာလများကိုလည်း စံဝမှာ အာရုံပြက်ပြက် ထင်မြင်လာရပေသည်။

၂

`နေမြင့်လေ အရှူးရင့်လေ´ဆိုသောစကားကို စံဝအတွက် ထားခဲ့ကြရော့ထင့်။ နေမြင့်လာသည်နှင့်အမျှ စံဝ မနေသာ မထိုင်သာ ဖြစ်ရသည်။ ဖြစ်ရသည့်အကြောင်းရင်းကလည်း မိမေးအော်သံကြောင့်ဖြစ်ပေ၏။

အော်သံသည် အမယ်လေးလည်း မဟုတ်၊ ကယ်တော်မူကြပါဟူ၍လည်း အသံမလာ။ ဆွမ်းခံဝင်ချိန်လောက်ဆိုလျှင် ကျိတ်၍ငိုသံထက် နည်းနည်းမျှသာ သာလွန်သော ညည်းသံ ငိုသံကို ကြားကြရပြီ။ သည့်နောက်တွင် နေ၏အပူရှိန် မြင့်တက်လာသလောက်၊ ငိုညည်းသံများလည်း မြင့်တက်ကျယ်လောင်လာချေတော့၏။

မိမေး မျက်စိနာပြီ။

မျက်စိနာစတုန်းက `မိမေး နင် မပေ့ါနဲ့ဟယ်´ဟုသာ သတိပေးနိုင်သည်။ သမီးရည်းစားဘဝတွင် ရှိသေးသဖြင့် သည့်ထက်ပို၍ စံဝ မပြောတတ်။ သို့သော် ချစ်သူကို ကြည့်သော မျက်လုံးတွင် အချစ်ရည်ကို တစ်ပါတည်း ဖုံးပေးလိုက်ပြီးသားဖြစ်သောကြောင့် မျက်စိနာတော့မည့် မိမေးမျက်လုံးကလေးတွေ ကြည့်ရသည်မှာ စံဝစိတ်ထဲ၌ ပတ္တမြားခဲ

ကလေးတွေနှယ် ကျက်သရေရှိလှ၏။ တင့်စံပယ်လှ၏။

ကာယကံရှင် မိမေးအဖို့ မသက်သာလှပါ။ မျက်လုံးထဲ ဖုံတွေ ဝင်သလို၊ သဲတွေ ဝင်သလို ခိုးလိုးခုလုဖြစ်လာသည်။

`အမေရေ ကျုပ် မျက်စိများ နာချင်သလား မသိဘူး´

အမေ့ကို ပြောပြမိသည်။

`ပြစမ်း အပု´

မိမေးအမည်သည် မိမေးသာဖြစ်၏။ သို့ပေမယ့် အစ်မများ၊ အရီးကြီး၊ အရီးလေးတို့က ချစ်စနိုး အပု ခေါ်ရာမှ ဆွေမျိုးများနှုတ်ဖျားတွင် အပု ဖြစ်ခဲ့ရ၏။

အမေက မျက်လုံးမျက်သားများကို ကြည့်ပြီး `ဆားလေး ကွင်းထားလိုက်၊ ပျောက်သွားပါလိမ့်မယ်´ဟု ပြောသည်။ မိမေးလည်း မဆိုင်းမတွပင် ဆားအိုးထဲမှ ဆားနည်းနည်းယူပြီး ကျောက်ပြင်ဖင်ပေါ် တင်သည်။ ပုလင်းဖြင့် ကြိတ်သည်။

ယင်းသို့ ကျောက်ပြင်မှောက်ပြီး ကြိတ်ထားသော ဆားကို လက်ညှိုး တံတွေးတို့ပြီး မျက်လုံးကို ကွင်းသည်။ အပေါ်မျက်ခွံနှင့် အောက်မျက်ခမ်းတို့တွင် ဆားမှုန်လိမ်းထားသဖြင့် သူတစ်ပါးနှင့်မတူ တစ်မူထူးခြား၍ လှနေပေသည်။ စံဝတို့ ကာလသားတစ်သိုက် မျက်လုံးထဲတွင် ထိုနေ့ညနေက မိမေး အလှဆုံးဖြစ်နေ၏။ ကိုဖိုးဒန်ပင် စံဝရင်ဘတ်ကို တံတောင်ဖြင့်တွက်ရင်း `မင့်အမျိုးသမီးကို ငါတောင် ကြိုက်ချင်လာပြီဟေ့၊ ရှယ်မတူသာ ခက်သယ်´ဟု မှတ်မှတ်ရရ ပြောသွား၏။

ကာယကံရှင် မိမေးမှာကား မသက်သာရှာပါ။ ဆားကြိတ်ပြီး အုံသော်လည်း မပျောက်။ မျက်စိနာလေပြီ။ နေမြင့်လာသလောက် မျက်လုံး မျက်သားတွင် အခံရခက်လာသည်။ ပို၍ပို၍ နာကျင်လာသည်။ ကိုက်ခဲလာသည်။ ခေါင်းအုံးပေါ် မျက်နှာအပ်ပြီး

ဖင်ဘူးတောင်းထောင်ကာ တအား အော်ရတော့သည်။

အပျိုကလေး အရွယ်ကလေးမို့ ရှက်သည်။ ကိုယ့်အော်သံကို သူတစ်ပါးကြားမည်စိုး၍ ချုပ်တည်းပြီး အော်၏။ ညည်း၏။ ချုပ်တည်းရင်း၊ ထိန်းရင်ဖြင့် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အထိ ကျယ်လောင်မြင့်တက် သွားသည်ကိုကား မိမှေး မသိတော့ပြီ။

`အပုလေး ထမင်းစားဦးလေ´

ထမင်းစားချိန်တွင် အမေ ရောက်လာပြီး ပြောသည်။

`အမယ်လေး မစားချင်ဘူး အမေရဲ့၊ မပြောပါနဲ့´

ဤနယ် မျက်စိစူးနေချိန်တွင် အလင်းရောင်သည် ရန်သူဖြစ်၏။ နာကျင်ကိုက်ခဲနေသော မျက်စိအတွက် အလင်းတစ်တန်းသည် လှံတစ်ချောင်းဖြစ်၏။ ထို့ကြောင့် မိမှေးအမေမှာ ဉာဏ်ကူရသည်။ မိမှေး ဖင်ဘူးတောင်းထောင်နေသော အခန်းကို ဘေးက စောင်တွေ အထပ်ထပ် ကာသည်။ အလင်းရောင် အားကောင်းနေသေးလျှင် ဖျာတွေပါ ကာရံသည်။

`အပု မျက်စိဖွင့်တော့လေ၊ အမေ ထမင်းထည့်လာတယ်၊ နမ်းဆီမွှေးမွှေးလေးနဲ့´

မိမှေး ထထိုင်သည်။ မျက်လုံးဖွင့်ကြည့်သည်။ ကြည့်နိုင်သော်လည်း အကိုက်အခဲ၊ အနာအကျင် မပျောက်။ တအီးအီး တဟီးဟီးဖြင့် ထမင်းတစ်လုပ်စားသည်။ အရသာ မရှိ။ အရသာ ရှိသည်၊ မရှိသည်ထက် မျက်စိဝေဒနာက အခံရခက်လှသည်။

`မျက်စိက သိပ်ပြီး စူးတာပဲ အမေရဲ့´ဟု ပြောသည်။

`အပု ခဏနေဦး၊ အမေ ဆီးဖြူသီးခြောက် သွားသွေးလိုက်ဦးမယ်၊ ငိုမနေနဲ့နော်´

ချော့မော့ပြောပြီး ဒေါ်သော့ ပြေးထွက်သွားသည်။ မိမှေး တီးတိုးညည်းတွားရင်း

ကျန်ခဲ့သည်။ ထိုသို့ ကိုယ့်အော်သံ၊ ကိုယ့်ညည်းသံကို လျှော့လိုက်တော့မှ သူတစ်ပါး၏ ညည်းသံ၊ အော်သံများကို မိမေႈ ကြားရသည်။

`ဩော်၊ ငါတစ်ယောက်တည်း မဟုတ်ပါလား´

မှန်ပေ၏။ သည်ရာသီကား မျက်စိနာရာသီတည်း။ မိမေႈတို့ ဘိုးဘွားလက်ထက် ကတည်းက သည်အချိန်ရောက်တိုင်း မျက်စိနာကြသည်။ မျက်စိစူး၍ အော်သံများ ညံခဲ့သည်။ ယခုလည်း မိမေႈနည်းတူ ကုန်းအော်နေသူပေါင်း နှစ်ဆယ်ခန့် ရှိနေပေ၏။

နွေနေ့လယ်၏ အောက်၌ ပူလောင်လွန်းသဖြင့် ငြိမ်သက်နေသောရွာငယ်မှာ မျက်စိနာသမားတို့၏ အော်ညည်းသံဖြင့် ညံနေသည်။ အခြားသူများမှာ မည်သို့မျှ မခံစားရစေကာမူ စံဝတစ်ယောက်က ဂနာမငြိမ်ဖြစ်နေရသည်။

ယခု မိမေႈအသံ လျှော့သွားတော့မှ စံဝ နေသာထိုင်သာရှိသွား၏။ မျက်လုံးများကမူ မိမေႈကို မြင်ရနိုး လှမ်းမျှော်ကြည့်ဆဲ။ စိုးရိမ်စွာဖြင့် ပြူးကြောင်နေဆဲ။

ဒေါ်သော့သည် မကြာမီ အကြမ်းပန်းကန် တစ်လုံးကိုင်လျက် မိမေႈရှေ့သို့ ရောက်လာသည်။ ပန်းကန်ထဲ၍ ဆီးဖြူသီးခြောက်နှင့် ဆားကို သောက်ရေအေးဖြင့် သွေးပြီး ထည့်ထား၏။

`ဒါလေး လိမ်းလိုက်ရအောင် အပုလေး နော်´

သောက်ရေအိုးမှ ရေသည် အေး၏။ ထိုရေအေးကို မျက်ခွံပေါ် လိမ်းလိုက်သောအခါ မိမေႈ နေသာထိုင်သာရှိသွား၏။ နေသာထိုင်သာ ရှိသောအချိန် အတွင်း၌ ထမင်း တစ်ပန်းကန် ကုန်အောင် စားလိုက်နိုင်၏။ သို့သော် သောက်ရေအေး၏ အစွမ်းသည် ကိုက်ခဲစူးရှနေသော မျက်သား မျက်ဆန်ကို ခဏတဖြုတ်သာ သက်သာအောင် စွမ်းဆောင်နိုင်သည်။ အအေးစွမ်းကုန်ချိန်တွင် မျက်လုံး ပြန်လည်ကိုက်ခဲလာသည်။

နာကျင်စူးရှလာသည်။ မိမေး ကုန်း၍အော်ပြန်ပြီ။

၃

ဘယ်ကိုပဲကြည့်ကြည့် မွဲခြောက်သော ကျန်တီးကုန်းမြေကိုသာ မြင်ရသော ကန်စွန်းပင်လှရွာ။ သစ်ပင်တွေ ကြည့်သော သေနာနာ ကုပ်ချည့်ချည့်သာမက၊ ကမ္ဗဒွာန်းကောင်နယ် အရိုးပြိုင်းပြိုင်း။

ကန်ရေသည် နေအပူကြောင့် အငွေ့ပြန်ကာ ခန်းသည်။ သည်မျှဖြင့် မပြီးသေး၊ ရေကန်မျက်နှာပြင်ပေါ် ဖြတ်သန်းတိုက်ခတ်လာသော လေပူကြီးက ရေကို စုပ်ယူသွားသေး၏။

ဘယ်အိမ်ကို ကြည့်ကြည့်၊ အိမ်ပေါ်တွင် လူမရှိ။ အိမ်အောက်တွင်သာ ယပ်တခတ်ခတ်၊ အဝတ်တယမ်းယမ်း ရှိနေကြသည်။ ဤအချိန်တွင် ဤသို့ပူလျှင် မျက်စိနာရောဂါများသည်လည်း ဤနည်းအတိုင်း ဖြစ်ပွားသည်မှာ ယမန်နှစ်ကမှ မဟုတ်။ လွန်ခဲ့သော ဆယ်နှစ်ကမှ စသည်မဟုတ်။ ဟိုးနှစ်ပေါင်းများစွာက စသည်။ ကြာတောင်း ကြာလှပြီ။

မျက်စိနာသည်။ နာပြီးသည့်နောက် ပြီးပြီးပျောက်ပျောက် ထွက်ခွာမသွားပေ။ မျက်ခမ်းစပ်၊ ကြက်ဆူးထွက်၊ တိမ်ထွက်၊ မျက်သားကျင်နှင့် မျက်မွေးစူး၊ မျက်မွေးတို ရောဂါများကို ချန်ပစ်ခဲ့သေးသည်။ တိမ်နှင့် ကြက်ဆူးမှာ မျက်စိကွယ်ရန် စတင်ခြင်း ဖြစ်သည်။ ဤမျှ သမနိရှည်ခဲ့သော ရောဂါအတွက် ဆေးဝါးဟူ၍ မည်မည်ရရ မရှိသည်မှာ အံ့ဩစရာကောင်းလှသည်။ မျက်စိ ကျိန်းတိန်းတိန်းနေသည်ဆိုလျှင် ဆားကို ကြိတ်ပြီး ကွင်း၏။ မျက်စိနာချင်သလိုလိုဖြစ်လာလျှင် မန်ကျည်းခေါက်သွေးလူး၊ ဆီးဖြူသီးခြောက် သွေးလူး၊ နံ့သာဖြူ သွေးလိမ်း။

မျက်စိနာပြီဆိုလျှင်လည်း ဆီးဖြူသီးခြောက်၊ မန်ကျည်းခေါက်နှင့် နံ့သာဖြူမှ တိုးမလာ၊ တက်မလာချေ။ သည်ဆေးမြီးတိုများဖြင့် သက်သာလိုလျှင် သက်သာ၊ ပျောက်ကင်းလိုလျှင် ပျောက်ကင်းပေရော့။ မသက်သာ မပျောက်ကင်း၍မူ မျက်စိနာသော

ရက်ရှည်ကြာလာပါက တိမ်စွဲပေရော့။

အော်သံဟစ်သံ ညည်းသံများသည် နေမြင့်လေလေ ပြင်းထန်လာလေလေဖြစ်၏။ နေကပူပူ၊ သူတို့အော်ဟစ်သံက တဆူဆူနှင့် စံဝမှာ ငိုချင်သလိုလို ဖြစ်နေရသည်။ အော်ညည်းသံများသည် မွန်းတိမ်း၍လည်း မလျော့သေး။ မွန်းလွဲ၍လည်း မပျော့သေးချေ။ တစ်စထက်တစ်စ နေအေးလာသည်။ နေအေးလာသည်နှင့်အမျှ အပူအားလည်း လျော့ပါး သွားသည်။ အားကုန်ညည်းတွား အော်ဟစ်နေသော မျက်စိနာသမားများ၏ အသံလည်း တိမ်၍တိမ်၍ တိုး၍တိုး၍ သွား၏။ နောက်ဆုံး နေလုံးပျောက်ကာ အမှောင်ဖုံးလာတော့မှ အော်ညည်းသံများ ရပ်စဲသွားလေ၏။

စံဝမှာ မိမေ့အသံကို ကြားရသောနေရာတွင် တစ်နေ့လုံး မနေနိုင်ပေ။ နွားစာ စဉ်းစရာ၊ နွားစာ ရေခပ်စရာ၊ တောတက် အဖော်ရှာစရာ ကိစ္စများ ရှိသေးရာ မွန်းတိမ်း လောက်ကပင် ထွက်သွားရာ မီးခွက်ထွန်းချိန် လောက်ကျမှ ညစာစားပြီး မိမေ့တို့ အိမ်ဘက်သို့ လျှောက်လာနိုင်တော့သည်။

မိမေ့အသံကို စံဝ ကြားရသည်။ မီးရောင်မကျတကျတွင် သနပ်ခါးအဖွေးသား လိမ်းထားသော မိမေ့ကို မြင်ရသည်။

`အင်း အခုတော့လည်း စကားစမြည်ပြောလို့၊ ဖြီးလို့လိမ်းလို့ပါကလား´

စံဝရင်ထဲ အေးသွားသည်။ ငြိမ်းသွားသည်။

သည်အအေးအငြိမ်းက တစ်ညတာမျှသာဖြစ်၏။ နောက်တစ်နေ့ ဆွမ်းခံဝင်ချိန် လောက်က စပြီး တစ်ရွာလုံးရှိ မျက်စိနာသမားတွေ အော်ဟစ်ကာ ငရဲခံကြရမည်။ ည မီးခွက်ထွန်းချိန်တွင် ရေမိုးချိုးပြီး လူကောင်းနှင့်မခြား စားကာသောက်ကာနေမည်။ နောက်တစ်နေ့ ဆွမ်းခံဝင်ချိန် ရောက်ပြန်လျှင် ...

`ကျုပ် မကြည့်ရက်ဘူး ဒေါ်အေးသာရယ်၊ သူ့ကိုယ်စား ကျုပ်ပဲ ဝင်ပြီး

ခံလိုက်ချင်တယ်´

တစ်ရက်ဖြင့် မပျောက်၊ နှစ်ရက်ဖြင့် မပျောက်၊ သုံးရက်ဖြင့်လည်း ပျောက်ကင်းခြင်း မရှိသော မျက်စိနာရောဂါကို ဘယ်ပုံ ကုစားရမည်။ ဘယ်ပုံ နှိမ်နင်းရမည်ဟု စံဝ မသိချေ။ သူသိသည်က သူကြိုက်သော မိမေ နေ့တိုင်းတစေ နှိပ်စက်နေသော မျက်စိနာရောဂါကို ဓားဖြင့် နုပ်နုပ်စဉ်းပစ်ချင်သည်။ သည်ရောဂါမှာ အကောင်အထည် မရှိ၊ စဉ်း၍ မရ၊ ခုတ်၍ မရ။ သို့ဖြစ်လျှင် မိမေကိုယ်စား သည်ဝေဒနာကို သူ ခံလိုက်ချင်သည်။ သူ့ရင်ထဲက စေတနာကို မိမေတို့ ခြေရင်းအိမ်က ဒေါ်အေးသာကို ဖွင့်ပြောမိ၏။

`ကဲ စံဝရဲ့၊ နင့်မျက်စိနာသာနဲ့ သူ့မျက်စိနာက ပျောက်မလားဟဲ့။ နှစ်ယောက် နာသာပဲ အဖတ်တင်တော့မပေါ့´

`သာလည်း ဟုတ်သာပဲ အင်း´

စံဝ မကြံတတ်ပါ။ အင်းရှည်ကြီးကိုသာ မသက်မသာ ညည်းပြီး ရွာပြင်သို့ ငေးကြည့်လိုက်မိ၏။ သူငေးကြည့်ရာဘက်တွင် ရွာခရိုးသည် မွဲအိုသေ ဖုန်မှုန့်ဝတ်ရုံကို ခြုံထား၏။ မြင့်မားသော ရှားစောင်းပြာသာဒ်ပင်တို့သည် ခါးကျိုးမကျအောင် အနိုင်နိုင် အားတင်းထားကြရသည်။

`မြောက်ရွာက ဆေးဆရာဆီမှာ မျက်စိနာပျောက်တဲ့ဆေးများ ရနိုင်မလား၊ သည့်ပြင်ရောဂါတွေတော့ စွမ်းသာပဲ´

စံဝ ခေါင်းခါသည်။

`ရောက်ခဲ့ပြီးပါပြီဗျာ´

မြောက်ရွာမှ ဆေးဆရာသည် သူငယ်နာ မီးယပ်နိုင်၏။ အဖျားအနာလည်း တော်၏။

မျက်စိနာကိုမူကား သူလည်း မတတ်နိုင်ရှာပေ။

`နံ့သာဖြူကိုသာ သွေးပြီး လိမ်းကြပါကွာ´

မည်မည်ရရ အမည်ခံထားသော ဆေးဆရာကိုယ်တိုင်က မျက်စိနာကို အရှုံးပေးထားသောအခါ စံဝမှာ ခိုကိုးရာမဲ့တော့သည်။ သို့သော် သူသည် အားမလျော့။

`ဆေးကောင်းဝါးကောင်းများကလည်း ရှားလိုက်သာဗျာ၊ အဲအဲ ပုရပိုဒ်တန်း ဘုန်းကြီးရဲ့ မျက်စဉ်း စွမ်းလှဆိုပဲ´

`မျက်စိထဲ ခတ်ရတဲ့ မျက်စဉ်းဟဲ့ စံဝရဲ့၊ ရမ်းရမ်းလုပ်လို့ ကန်းသွားမှ ဟုတ်ပေ့ ဖြစ်နေမယ်´

`ခက်သာပဲဗျာ ဟင်း´

နောက်တစ်နေ့ နံနက် နေထွက်မည်ကို စံဝ ကြောက်နေသည်။ နောက်တစ်နေ့ နေထွက်ပြီး မကြာမီပင် ရယ်မောသံများပျောက်ကာ အော်ဟစ်ညည်းတွားသံများ ကြားရမည်။

`ကျုပ် ကျုပ် ဘာလုပ်ရမလဲဗျာ´

`ငါလည်း မပြောတတ်ဘူး စံဝရယ်´

အမှန်အားဖြင့် စံဝသာ မဟုတ်၊ ကန်စွန်းပင်လှတစ်ဝိုက်မှ လူများပါ ဘာလုပ်ရမည် မသိဘဲ မျက်စိနာရောဂါကို ငုံ့ခံခဲ့ကြသည်။ မျက်ကြောသေ၊ မျက်ခမ်းစပ်၊ မျက်မွေးတို၊ မျက်တောင်စိုက်နှင့် မျက်သားကျင်ရောဂါများကိုပါ မချစ်ခင် မနှစ်သက်ဘဲနှင့် ရင်ဝယ် ပွေ့ပိုက်ထားခဲ့ကြရသည်။

စံဝ မှတ်မိသေးသည်။ ထိုနေ့က ဥသြငှက်တို့ပင် အသံမကြည်လင်တော့ဟု

ထင်ရသည်။ ထို့ထက်ပိုပြီး စံဝ မှတ်မိရခြင်းမှာ မိမေးအတွက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော စံဝကိုယ်တိုင်ပါ နောက်တစ်နေ့တွင် မျက်စိနာရောဂါ ခံစားရသောကြောင့် တည်း။

မျက်စိနာနှင့် စပ်လျဉ်းသော မကောင်းသတင်းများကို ထိုနှစ်ကမှ မှတ်မှတ်ရရ ကြားမိသည်။ မြေစူရွာမှ မျက်စိနာသော ကလေးတစ်ယောက်မှာ သမားယောင် တစ်ယောက်၏ မျက်စဉ်းကို ခတ်မိရာ ဗျောက်အိုးပေါက်သလို ပေါက်ကွဲသွားခဲ့သည်။ စမ်းတွင်းမှ မျက်စိနာသူတစ်ယောက်မှာ ဝေဒနာကို မခံရပ်နိုင်သည့်အတွက် ရေတွင်းထဲ ခုန်ချသေဆုံးသွားရှာသည်။

သည်နှစ်ကျမှ မိုးဦးကလည်း ခေါင်လိုက်သည်မှာ နယုန်လပြည့်ကျော်မှ မိုးစတင်ရွာသည်။ မျက်စိနာများမှာလည်း မိုး၏ အအေးဓာတ်ကို ရသည်နှင့်တပြိုင်နက်၊ နင်နေခဲ့ ငါသွားမယ် ဆိုဘိအလား ပျောက်ကွယ်သွားတော့၏။

## ၄

အတိတ်ဆိုးသည် မဝေးသေးပေ။ အတိတ်ဆိုးသည် မပျောင်းအိုလှသေးချေ။

ထို့ကြောင့် မျက်စိနာ မျက်ခမ်းစပ်၏ ခြေရာလက်ရာများကို ကန်စွန်းပင်လှတွင် တွေ့နေရသေး၏။ မြင်နေရသေး၏။

မိမေးမှာ ရက်ရှည်လများ မျက်စိနာသောရောဂါကို နှစ်စဉ်ဆက်ပြီး ရရှိခံစားခဲ့ရသဖြင့် မျက်ကြောသေနေသည်။ မျက်ကြောသေသမားမှာ မျက်တောင်ကော့ဖြင့် ကြည်လင်သော မျက်စိပိုင်ရှင် ဖြစ်မလာတော့ပြီ။ မျက်တောင်သည် `စင်း´နေသည်။ မျက်လုံးသည် မှေးနေသည်။ တပေါင်းကုန် တန်ခူးဆန်းလျှင် ပတ်ကြမ်းတိုက်ကာ ရောက်လာလေ့ရှိသော မျက်စိနာ။ မျက်စိနာ နှိပ်စက်သမျှ ကုန်းခံနေရသော ကန်စွန်းပင်လှရွာ။

သည်ရွာ သည်အရပ်သို့ မျက်ခမ်းစပ်တိုက်ဖျက်ရေးအဖွဲ့ ရောက်လာလေသောအခါ တိမ်မမြင်ဘဲ ရွာသောမိုးကို ချိုးရဘိသို့ စံဝတို့ အံ့သြရသည်။ တုန်လှုပ်ရသည်။

`မျက်သားကျင်သာ၊ မျက်မွေးစိုက်သာလည်း ကုသတဲ့ဟဲ့´

မျက်ခမ်းစပ်နှိမ်နင်းရေးအဖွဲ့ ရောက်လေရာ ရွာတိုင်းက ဝမ်းသာအယ်လဲ ကြိုဆိုသည်။ စားကောင်းသောက်ဖွယ်ဖြင့် ညှေ့ခံသည်။ သွေးသားရင်းချာပမာ ခင်မင်ကြသည်။ ယင်းခင်မင်ရင်းစွဲတွင် ရယ်စရာမောစရာကို အတည်ပေါက်ပြောတတ်သော ဆရာဝန်ကြီးအကြောင်း ရောက်သွားလျှင် ပြုံးမိကြ၏၊ ရွှင်မိကြ၏။

`အေးဗျာ၊ မျက်စိထဲထည့်ဖို့ ပေးလိုက်သဲ့ မျက်စဉ်းကိုသဲ့၊ ဟိုအနာထည့်၊ သည်အနာထည့် လုပ်သဲ့ တတ်ယောင်ကားသမားတွေ ဒုက္ခဖြစ်လိမ့်မယ်သဲ့ဗျား၊ သတိလည်း ပေးလိုက်သေးတယ်´

ဆေးလိပ်တစ်တို ကုန်ပြီမို့ ကိုဖိုးဒန်လည်း ဖဲထီးကို ချိုင်းညှပ်လျက် လွယ်အိတ်ကို ကောက်လွယ်လိုက်သည်။

`သွားဦးမယ်ဟေ့၊ ကလေးတွေလည်း နေပူထဲ သိပ်မထွက်ပစေနဲ့´

စံဝ ခေါင်းညိတ်ပြနေစဉ်၊ ထန်းတောညို့အုပ်အုပ်ထဲမှ ဥသြတွန်သံချိုသည် လေဟုန်စီးလျက် ရောက်ရှိလာသည်။ သည်နှစ်တွင် တွန်ကျူးသော ဥသြသံကား ကြည်မြချိုသာနေပြီ ဆိုရပေမည်တည်း။

**၁၉၇၈၊ ဇွန်၊ ရှုမဝ မဂ္ဂဇင်း။**

## ငှက်ပျောပင်စိုက်သော လယ်

## ၁

ကောက်စိုက်မောင်းသံချိုချိုသည် နံနက်ဦးလေပြည်ဖြင့် ရောလိမ့်ကာ လွင့်ပျံ့လာလေသည်။ ကျီးကန်းတွေ အိပ်တန်းမှ ထကာ အနောက်အရပ်သို့ ဆူညံစွာ ပျံသန်းသွားကြပြီးနောက် လယ်ကွင်းတစ်ခွင်ကြီးမှာ ငြိမ်သက်တိတ်ဆိတ်လျက် ကျန်ခဲ့၏။ စိုက်ရေးပြင်ထားသော ရေပြင်ကြီးတွေမှာလည်း လေမတိုက်သဖြင့် မှန်ပြင်သဖွယ် တောက်ပနေကြ၏။ လှုပ်ရှားတတ်လွန်းသော ပျိုးခင်းသည်ပင် လေမလာသဖြင့် ငြိမ်နေသည်။

ခဏတဖြုတ်တော့ လောကကြီး သေသွားသည် ထင်ရ၏။ မျှော်မဆုံးသော လယ်ကွင်းကြီးက ငြိမ်၊ လေသော်မျှ မတိုက်။ အရှေ့ မိုးကုတ်စက်ဝိုင်းဆီမှာလည်း မည်းမည်းပိန်းပိန်း။ သို့တစေ တစ်ခဏတာမျှသာပါ။ သိပ်ပြီးမကြာ။ အမည်းပိန်းထဲမှ အနီမျှင်ကလေး အက်ထွက်လာသည်။ ရွှံ့ပုပ်လိမ်းကျံထားသော ဖရဲသီးအမှည့်ကြီးကို ကိုင်ပေါက်လိုက်သလို နီရဲစွေးလွသော အခက်အသွယ်များ ဖြာထွက်လာသည်။ ရေပြင်တို့သည် ပတ္တမြားရည်ဖြင့် ပြည့်သွားစဉ်၊ မွှေးမြသောလေသည် တသုန်သုန် ဖြူးလာ၏။ ပြေပြေသာသာကလေး တိုက်ခတ်သော လေပြည်တွင် စိုက်ကွင်းရေပြင်သည် အချစ်သွေးလှျှံသော အပျိုစင်မျက်နှာနှယ် လှုပ်ရှား၏။ ပျိုးခင်းသည် စိမ်းနရောင်ပျက်ဖြင့် တေးညည်းဆော့မြူးသည်။ ထိုအခိုက်ဝယ် သာယာသောအသံ။ မောင်းဆိုင်းဝိုင်းထဲမှ ခြောက်ပေါက်သံမောင်းကြီး၏ အသံမျိုးဖြစ်သည်။ ထိုအသံသည် လေပြင်တွင် မျောပျံလာသည်။ ကောက်စိုက်မောင်းသံပေတည်း။

ကောက်စိုက်အဖွဲ့ဝင်များအား လုပ်ခွင်သို့ ဝင်ကြရန် အချက်ပေးစုရုံးသောအသံဖြစ်သည်။ နောက်ထပ် ကြားရပြန်ပါပြီ။ မောင်းသံပင် ဖြစ်သည်။ သို့သော် မောင်းသံပေမင့် တစ်ခုနှင့်တစ်ခု မတူ။ အစောဆုံးထွက်လာသောအသံက ခြောက်ပေါက်မောင်းကြီးသံဖြစ်၍၊ ဒုတိယ ထွက်လာသောအသံမှာ သံမှန်မောင်းလတ်ဖြစ်သည်။ ဦးစွာကြားရသော

ခြောက်ပေါက်မောင်းကြီးသံမှာ ကန်စွန်းပင်လှမ ဒေါ်ဂျမ်းဘုံ၏ ကောက်စိုက်စည်းမှုဖြစ်သည်။

ကျီးနိုးပြီးစဆိုတော့ နံနက်လေးနာရီသာသာ။ သို့သော် သူတို့ထက်စောသူများက လယ်ထဲသို့ပင် ရောက်နေပြီ။ ရောက်နေသူမှာ စံဝ ဖြစ်သည်။ စံဝတို့၏ `ငှက်ပျောပင်စိုက်လယ်ပွဲ´ကို ယနေ့ ကောက်စိုက်မည်။ ထို့ကြောင့် စံဝ စောစီးစွာ ရောက်နှင့်နေသည်။

လယ်ထိပ် မန်ကျည်းပင်ကြီးအောက်တွင် မီးဖိုတစ်ဖို ဖိုထား၏။ မီးဖိုနှင့် မနီးမဝေးတွင် ခွဲတောင်းတစ်လုံးရှိ၏။ ခွဲတောင်းထဲတွင် ငှက်ပျောရွက် အစအနတွေ ထွက်နေ၏။ ခမောက်ဖုံးထား၏။ ပဲလွန်းစေ့နံ့နှင့် ကောက်ညှင်းပေါင်းနံ့သည် ငှက်ပျောရွက် များအောက်မှ သူ့ထက်ငါ လုယက်လျက် ထွက်ပျံနေကြ၏။

စံဝမှာ မနေ့ညက စ၍ စိုက်ကွင်းလယ်ကွက်များထဲသို့ ပျိုးစည်းများ ချထားခဲ့သည်။ လယ်ကြားမြောင်းထဲမှ ရေကိုကား ယနေ့နံနက်မှ ဖောက်သွင်းထားသည်။ အမှောင်သည် တရွေ့ရွေ့ပြယ်သွားသည်။ နေ့သစ်၏ အလှသည် တစ်စချင်းတစ်စချင်း ပီသလာသည်။

ပီသ ပီသလာသော နေ့သစ်သည် တစ်ချိန်ထက်တစ်ချိန် လှပလာ၏။ မြသား ကန်သင်းပေါင်များသို့ ဖျိုင်းတွေ ပျံဆင်းနေ၏။ နမ်းခင်းထဲမှ ပြောင်းဖူးပင်များသည် ရွှေနန်းသူ၏ မြဆံမြိတ်ကို လေတွင် ဖြန့်ကျင်းထား၏။ တစ်ခြမ်းပဲ့ ပျိုးခင်းသည် ငှက်ပျောညွန့်ရောင် ပိုးပဝါကို ခင်းကျင်းလျက် ရှိ၏။

စံဝ နားစွင့်လိုက်သည်။ ကျွဲချိုမှုတ်သံ။ ကျွဲချိုမှုတ်သံမှာ ပျိုးနုတ်ယောက်ျားများကို စုရုံးသောအသံ ဖြစ်ပေ၏။ ခြောက်ပေါက်မောင်းသံ ပျောက်သွားသည်မှာ ကြာပြီ။ ကောက်စိုက်သမတွေ အကတွင် အာရုံဝင်စားနေသလား၊ သီချင်းတွေ ဖောကပ်နေကြ သလား။ စံဝက နားတစွင့်စွင့်၊ လည်တရှည်ရှည်။ အလုပ်ကလည်း နစ်ခုလာ၍ ဆုံနေသည်။ တစ်ဖက်တွင် ကောက်စိုက်သမများ ကောက်စိုက်မည်။ ပျိုးခင်းတစ်ခြမ်းတွင် ပျိုးနုတ်သမားများ ပျိုးနုတ်ကြမည်။

`ပျိုးနုတ်သမားတွေနဲ့ ကောက်စိုက်သမတွေ ရန်ဖြစ်ကုန်ကြရင်တော့တော် အဲသာမှ ဒုက္ခ´

မိမေး ကြံဖန်ပြီး ပူပန်ပုံဖြစ်သည်။ ထိုအခါက `နင့်မလဲဟယ်´ဟူ၍သာ စံဝ ရေရွတ်လိုက်မိသည်။

`လာကြပေ့ လာကြ´

မှောင်နင့်မည်းမည်းပင် ရှိသေးသော်လည်း ပျိုးနုတ်သမားများ တဖွဲဖွဲ ရောက်လာသည်။ ပျိုးခင်းဘေးတွင် နီးစည်းတွေ အဆင်သင့်ရှိသည်။ ဇလုံနှင့်ထည့်ကာ ခမောက်အုပ်ထားသော ကောက်ညှင်းပေါင်းရှိသည်။

ပျိုးနုတ်သမားများ ကောက်ညှင်းပေါင်းစားနေစဉ် စံဝက ငန်းပြားကြီးထမ်းကာ ထွက်လာ၏။ သူသည် ပျိုးခင်းတွင်းသို့ ရေသွင်းသော လယ်ကြားမြောင်းကို လိုက်လံစစ်ဆေး၏။ ရေစိမ့်သောနေရာ တွေ့လျှင် ခြေဖြင့်နင်းကာ ဖိအားပေးသည်။ ဖနောင့်ဖြင့် ပေါက်သည်။ မြေကြီးကော်ပြီး ပိတ်ဆိုသင့်သည်ကို ပိတ်ဆို့သည်။

ကောက်စိုက်သမတို့၏ အသံများကို ကြားရပြီ။ မတစ်ရာသမီးတို့သည် ဗလွတ်ရွတ်တတွေ ပြောလိုက်၊ ဝါးကနဲ ညာသံပေးကာ ရယ်မောလိုက်နှင့် ခပ်ဝေးဝေးကပင် ကြားနေရ၏။ စံဝ မျှော်ကြည့်လိုက်၏။ မည်းမည်းချုံတန်းများသာ မြင်ရ၏။

စံဝ မျှော်ကြည့်နေဆဲ၌ မည်းမည်းချုံတန်းဘေးမှ ရဲကနဲ ရဲကနဲ ဆေးလိပ်မီးကို မြင်သည်။ အဝတ်ဖြူ ခေါင်းပေါင်းပေါင်းထားသူများကို ရေးရေးမြင်ရသည်။ သို့ကြောင့် မန်ကျည်းပင်အောက်သို့ စံဝ ပြေးလာ၏။ ကောက်ညှင်းပေါင်းတောင်း၊ ကွမ်းအစ်၊ လက်ဖက်အုပ်များကို အသင့် ပြင်ထား၏။ စကားပြောသံများ၊ ရယ်မောသံများ နီး၍နီး၍ လာချေပြီ။

၂

`အဖေ့ကို မေးမယ် မေးမယ်နဲ့ ကျုပ် တစ်ခါမှ မမေးဖြစ်ဘူးဗျာ၊ အဲသာ´

ဦးဟိန်းသည် စံဝကို မော့ကြည့်၏။ သူ့သား ဘာပြောမလို့ပါလိမ့်ဟု မခန့်မှန်းတတ်သောကြောင့် ဖြစ်၏။ သို့ဖြင့် ဆေးလိပ်မဖွာသေးဘဲ စံဝကိုသာ မော့ကြည့်နေ၏။ စံဝက ငန်းပြားကို ကန်သင်းပေါ် ဆောင့်စိုက်ကာ ဦးဟိန်း၏ဆေးလိပ်နှင့် မီးကူးသည်။ သုံးလေးဖွာ ဆက်ဖွာရင်း မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ရင်း ...

`သည်လယ်ကို ကျုပ်လုပ်လာသာ ဆယ်နှစ်ရှိပြီ။ သာပေမယ့် သည်လယ်ကို ကောက်စိုက်သဲ့အခါမှာ ဘာဖြစ်လို့ ငှက်ပျောပင်စိုက်ရသာလဲဆိုတာ ကျုပ်မသိဘူး အဖေ´

ဦးဟိန်းမှာ ကျောဘက်သို့ လှည့်ကြည့်မိ၏။ ဤလယ်ပွဲထဲတွင် ပါဝင်သော လယ်ကွက်တွေမှာ လယ်ကွက်ကလေးတွေ များသည်။ တစ်ယောက်စိုက် လယ်ကွယ်၊ နှစ်ယောက်စိုက် လယ်ကွက်တွေလိုလိုချည်း။ သို့ရာတွင် တစ်ကွက်ကတော့ ထူးထူးခြားခြား ကြီးမားသည်။ ခြောက်ယောက်စိုက်ပျော့ပျော့ ရှိမည်။ ယခု ဦးဟိန်း လှည့်ပြန်လှည့်ကြည့်ရသော လယ်ကွက်မှာ ဤလယ်ကွက်ကြီးဖြစ်သည်။ ဤလယ်ကွက်၏ အလယ်တွင် ငှက်ပျောပင်တစ်ပင် စိုက်ထားပြီးပြီ။ အရွက်များသည် လေယူရာ လွင့်နေကြသည်။ လယ်ကွက်ထဲတွင် ငှက်ပျောပင်စိုက်ခြင်းသည် အဓိပ္ပါယ်မရှိဟု စံဝ ထင်သည်။ သို့သော်လည်း မိမေးကြောင့် နှစ်စဉ် စိုက်ခဲ့ရသည်။

`အဲသည် ငှက်ပျောပင်ကို တော်လည်း ထမ်းထားရသာ မဟုတ်၊ ကျုပ်လည်း ရွက်ထားရသာ မဟုတ်၊ စိုက်သာ စိုက်လိုက်ပါတော်´

မိမေးသြဇာကို စံဝ မလွန်သာ။ မလွန်ဆန်သာ၍ လယ်ကွက်ထဲတွင် ငှက်ပျောပင်တစ်ပင် စိုက်ရပေမယ့် စံဝ ယုံကြည်မှု မရှိ။ လိုလိုလားလား မရှိ။ ထို့ကြောင့် ဖခင်အား မေးမိခြင်းဖြစ်၏။

`ဒီနားက လယ်ပွဲတွေရဲ့နာမည်ကို မင်း စဉ်းစားကြည့်လေကွာ။ ကျောက်ပျဉ်ဖိုး လယ်ပွဲတဲ့၊ ပဲလှော်ဖိုးလယ်ပွဲတဲ့၊ ထန်းလျက်ဖိုးလယ်ပွဲတဲ့´

မှန်ပေသည်။ ဟိုဘက်က လယ်ပွဲကို စံဝအဖေ လုပ်သည်။ အမည်က ပဲလှော်ဖိုး။ သည်ဘက်မှာ ရှိသော စံဝယောက္ခမများလုပ်သော လယ်ပွဲကား ကျောက်ပျဉ်ဖိုး။

`ဟုတ်သယ် အဖေ၊ အဲသာတွေက ဘာဖြစ်လို့ အဲသည်လို မှည့်သာလဲဗျ´

`ရှေးရှေးတုန်းက မြေပိုင်ရှင် မြို့စားကြီးတွေ၊ မြေပိုင်ရှင်သူဌေးကြီးတွေက သူတို့သားသမီးမြေးမြစ် အမွှမ်းတင်သဲ့ သဘောလည်း ပါသယ်။ သူတို့ဘယ်လောက် ချမ်းသာသယ်ဆိုတာ ဝင့်ဝါသဲ့သဘောလည်း ပါသပေါ့ကွာ။ အဲသည်သဘောနဲ့ ကလေးကို ပဲလှော်ဝယ်စားဖို့ စပါးငါးရာထွက်သဲ့လယ်၊ စပါးတစ်ထောင်ရသဲ့လယ် စသည်ဖြင့် ပေးသာပေါ့ကွာ´

စံဝမှာ `ဟုတ်ကဲ့´ စကားထောက်နေရသော်ငြား သူ့အဖေဆိုလိုချင်သော သဘောကို သဘောမပေါက်ချေ။

`ဥပမာကွာ၊ မင့်သမီးက မုန့်လက်ဆောင်းသောက်ချင်လို့ ပိုက်ဆံပေးပါ အဖေဆိုရင် မင်း ဘယ်လောက်ပေးမလဲ´

`တစ်မတ်ပေါ့ အဖေရာ၊ တစ်ခွက် တစ်မတ် မဟုတ်လား´

`ဘာပြုလို့ တစ်ကျပ်မပေးသလဲ´

`သရေစာပဲ အဖေရာ၊ ပြီးတော့ ကလေးသေးသေးလေးကို မုန့်လက်ဆောင်း တစ်ကျပ်ဖိုး သောက်ခိုင်းရင်လည်း လူကြားလို့ မကောင်းပါဘူး´

`အဲသာပဲကွ၊ ရှေးတုန်းက မြေပိုင်ရှင်သူဌေးကြီးတွေ၊ မြေပိုင်ရှင်နယ်စားကြီး

တွေဟာ လူကြားမကောင်းအောင်၊ အေး လူကြားမကောင်းအောင်လုပ်တော့မှ လူတွေက အထိတ်တလန့် ဖြစ်ကြမယ် မဟုတ်လား ဟား ဟား ဟား´

ဦးဟိန်းက တဟားဟားရယ်ရာက တစ်ခြမ်းလောင်နေသော ဆေးလိပ်ကို ထင်းတုံးတွင် ထိုးခြေနေ၏။

`အမယ်လေး ကလေးကို ပဲလှော်ဝယ်စားဖို့ သရေစာဖိုးပေးသာကလည်း စပါးငါးရာထွက်သဲ့ လယ်ပွဲကြီး တစ်ခုလုံးပါကလား၊ အဲသည်လို အထိတ်တလန့် ပြောယူရသာနဲ့ တွဲလျက် ဘာဖြစ်မယ် ထင်သလဲကွ´

`အထင်ကြီးသာပေါ့ အဖေရ´

`အေးပါ့ အဲသာပေါ့၊ အဲသည်လို လူတွေက အထင်ကြီးတော့မှလည်း သူတို့ကို ကြောက်မှာကိုးကွ။ အဲသည်တော့မှလည်း သူတို့မြေပိုင်ရှင် သူဌေးကြီးတွေ ထင်သလို ခြယ်လှယ်နိုင်မှာ မဟုတ်လား´

လယ်တောဝန်းကျင်တွင် နေခြည်ဖြာနေပြီ။ ထွန်စက်တစ်စီး၏ ကျယ်လောင်သော ရှန်းကန်သံ ထွက်ပေါ်လာသည်။ အသံလာရာသို့ စံဝ လှမ်းကြည့်၏။

`ဘယ်သူ့လယ်ကများပါလိမ့်၊ ထွန်စက်လာစရာလမ်း ရှိသေးလို့လား´

`ပုမောင်တို့ ဝါခင်းကျွတ် ထင်ပါ့ကွာ၊ ထွန်စက်လာသာကတော့ ခက်ခက်ခဲခဲ ကွေ့ပတ်လာချင်အောင် ဒီလိုပဲ လုပ်ရသာပေါ့ကွာ´

ခေါင်းခြွေပြီးသော ဆေးလိပ်ကို ဦးဟိန်း မီးညှိနေစဉ်၊ စံဝကလည်း ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်၏။

`ငှက်ပျောပင်စိုက်သာကို မရောက်သေးဘူး အဖေ´

`ရောက်မှာပေါ့ကွာ၊ လယ်လုပ်သားတွေ၊ ဆင်းရဲသားတွေ သူတို့ကို မော့မကြည့် ဝံ့အောင် ကြောက်အောင် နောက်တစ်နည်း ဉာဏ်ဆင်တာကတော့ လယ်ထိပ်မှာ နတ်စင် ထိုးသာတို့၊ လယ်ထဲမှာ ငှက်ပျောပင်စိုက်သာတို့ပေါ့ကွာ´

စံဝ သဘောမပေါက်ပေ။ သူ့အဖေမျက်နှာကို ငေးကြည့်နေ၏။ ဦးဟိန်း ပြုံးလိုက်သည်။

`လူငယ်ဖြစ်ပြီး သာလောက် နားဝေးရသလားကွ။ သူ့မွေးနေ့၊ သူ့မွေးသက္ကရာဇ်၊ သူ့ဇာတာအရ လယ်ထဲမှာ ငှက်ပျောပင်စိုက်ရင် လယ်ထွက်စပါးတိုးမယ်၊ တခြားလူစိုက်ရင် အလကားပဲ´

`အဲသာ ကျုပ်တို့လယ်လုပ်သားတွေရဲ့ အစွမ်းအစကို မှိန်ပစ်သာပဲ အဖေရ´

`ဟုတ်သယ်လေ၊ မင်းတို့ကို မပေါ်လွင်အောင်လုပ်မှ သူတို့တန်ခိုးကြီးမှာကိုးကွ။ မိုးလေဝသ မှန်ကန်လို့၊ ပိုးမွှားဘေးကင်းလို့ စပါး အထွက်တိုးရင် ငှက်ပျောပင်နတ်က မသယ်၊ နတ်စင်က မသယ်။ အဲ စပါးအထွက်ဆုတ်ရင် နတ်နဲ့ မဆိုင်တော့ဘူး၊ မင်းတို့ ကောင်းကောင်းမထွန်လို့၊ မင်းတို့ကောင်းကောင်း ရေမသွင်းလို့ဆိုပြီး လယ်လုပ်သားရဲ့ ခေါင်းပေါ် ကျတော့သာပဲဗျား´

`သယ်လည်း ဉာဏ်လည်း များသာပဲနော် အဖေ´

`သာတင် ဘယ်ကဦးမလဲကွ၊ မင်းတို့သာ အချိန်တန် ကိုယ့်လယ် ကိုယ်ဆင်း လုပ်ရသာ၊ ငါတို့မှာ လယ်လုပ်ချိန်တန် လုပ်စရာ လယ်ရှိဖို့အရေး အိပ်တောင် မပျော်ဘူး၊ သူတို့ခေတ်၊ သူတို့ဘုန်းကြီးတုန်းကိုး´

စံဝမှာ ၁၃၀၈ ခုလောက်က မွေးဖွားသူဖြစ်ရာ၊ မြေရှင်စနစ်၏ ကြီးကျယ်ခမ်းနားမှု၊ ရက်စက်မှုနှင့် နိုင့်ထက်စီးနင်းလုပ်မှုကို မသိလိုက်ရ၊ မခံစားလိုက်ရပေ။ မီသည်ဆိုရုံမျှသာ

မီလိုက်တော့သည်။

`အေးပေါ့ကွာ၊ သူတို့ဘုန်းကြီးတုန်းကများတော့´

၃

အကြောင်းမသိသူများကတော့ ရစ်ရက် သီတင်းလပြည့် လကွယ်မဟုတ်ပါဘဲနှင့် ဤလင်မယား ဘာလုပ်မလို့ပါလိမ့်ဟု ထင်ကြလိမ့်မည်။ ကိုဟိန်း မရွှေတို့လုပ်လာပုံကလည်း ထင်ချင်စရာပင်။

မရွှေက ကောက်ညှင်းဆန်နှစ်ပြည်ကို လင်ပန်းထဲ ထည့်ပုံထားသည်။ ထိုအပေါ်ကမှ `အနဆုပ်´တစ်ပိဿာထုပ်တစ်ထုပ် တင်ထားသည်။ ကိုဟိန်းက ရွှေနီ ငှက်ပျောခိုင်ကြီးတစ်ခိုင် ထမ်းထားသည်။

စင်စစ်အားဖြင့် ဥပုသ်ဇရပ်သို့ သွားခြင်းမဟုတ်ပေ။ သီတင်းဝါလလည်း မဟုတ်၊ သင်္ကြန်လို အခါကြီးရက်ကြီးလည်း မဟုတ်သောကြောင့် ဥပုသ်စောင့်ရန်သွားခြင်းကား မဖြစ်နိုင်၊ မြေပိုင်ရှင့်ထံ သွားကြခြင်းဖြစ်သည်။

လယ်ပိုင်ရှင့်အိမ်နှင့် ကိုဟိန်းတို့အိမ်သည် ချောင်းပေါက်နေခဲ့၏။ လယ်ထဲက ထွက်ထွက် မထွက်ထွက်၊ ရာသီအလိုက်ပေါ်သော သစ်သီး ပန်းမန်များကို လင်တစ်လှည့်၊ မယားတစ်လှည့် သွားပို့နေကြ၏။ လက်တိုလက်တောင်း လုပ်စရာများကိုလည်း မကြာခဏ သွားလုပ်ပေးနေခဲ့ရ၏။

ယင်းသို့ လယ်ရှင်နှင့် လယ်လုပ်သားတို့ အဆက်မပြတ် တွေ့မြင်ပွန်းတီး နေသော်ငြား အလုပ်က အလုပ်ဖြစ်သည်။ တလင်းထဲမှ စပါးတွေ ကျီကျထဲသွင်းပြီးချိန်တွင် လယ်ခံရသည်။ လယ်ခံသည်ဆိုခြင်းမှာ ပြီးခဲ့သော လယ်လုပ်ရာသီ အတွင်းက မိမိ လုပ်ခဲ့သောလယ်ကို ယခုနှစ်လည်း ဆက်လက်လုပ်ခွင့်ပြုရန် တောင်းခံခြင်း၊ အမိန့်ခံယူခြင်း

ဖြစ်သည်။

ယင်းသို့ သီးခြား`လယ်ခံခြင်း´မရှိလျှင်၊ ဆက်လက်၍ လယ်မလုပ်တော့ဟု လယ်ရှင်က ယူဆသည်။ လယ်ခံရန်လာလျှင် လက်ချည်း မလာရဟု စည်းကမ်း မသတ်သော်ငြား၊ လယ်ရှင် တစ်ချက်စိတ်ကွက်ပါက မသက်သာပေ။ လယ်လုပ်ခွင့်ကို ပြန်လည်မရုပ်သိမ်းသည့်တိုင်အောင် ညံ့သော ဝေးသောလယ်ကို ချထားလိုက်မှဖြင့် ဒုက္ခ။ ဤသို့ဖြင့် ကိုဟိန်း၊ မရွှေတို့ဇနီးမောင်နှံသည် လက်ဆောင်ပဏ္ဏာ ပြည့်စုံစွာဖြင့် ထွက်လာကြခြင်း ဖြစ်၏။

`မယ်ရွှေ ညည့်အင်္ကျီက သိပ်ပြီး သစ်နေလားဟာ´

လယ်ပိုင်ရှင့်ရှေ့တော်ဝင်ရာတွင် အဝတ်ကိုလည်း ဂရုစိုက်ရ၏။ သိပ်သစ်နေသော အဝတ်၊ သိပ်ကောင်းနေသော အဝိတ်ကိုလည်း ဝတ်သွားမိပါက လယ်ရှင်၏ စိတ်ထဲတွင် ဤလင်မယား ချမ်းသာကြွယ်ဝနေပြီဟု ထင်တတ်၏။ မြင်တတ်၏။ ထိုအခါ မြေစု (သီးစားခ) ကို တိုးမြှင့် တောင်းတတ်၏။

`ဆရာရယ်၊ အခုပေးနေရတဲ့ မြေစုတောင် များနေပါပြီဗျာ´ပြော၍လည်း မရချင်ပေ။

`မများပါဘူးကွာ၊ မများလို့သာ မင်းတို့ပိုးရောချည်ပါ လုံချည်ဝတ်နိုင်သာပေါ့ကွာ၊ ငါလည်း မတတ်သာလို့ပါ´

အဝတ်ကောင်းကောင်းဝတ်မိ၍ သွယ်ဝိုက်ပြီး အနိမ်ခံရခြင်းဖြစ်၏။ သို့ဆိုလျှင် စုတ်စုတ်ပြတ်ပြတ် ဝတ်သွားရန်သာရှိသည် မဟုတ်လား။ မဟုတ်ပြန်သေး။ အလွန်စုတ်ပြတ် ညှိုးငယ်နေလျှင်လည်း သိပ်မွဲ သိပ်ငတ်နေသည် ထင်၏။ ဤနယ်ထင်ပြီး သနားလျှင် ကြင်နာလျှင်ကား မထောင်းတာ။ သို့သော် ဤသို့ဖြစ်မလာချေ။ အလွန်ကျပ်တည်း ဆင်းရဲနေလျှင် ကြွေးပတ်လည် ဝိုင်းနေလိမ့်မည်။ ငါတို့လယ်မှ အသီးအနှံများ ထွက်သော အခါ ကြွေးရှင်များက ဝိုင်းဝန်းယူကြသဖြင့် ငါတို့၏မြေစုထဲမှ မလွဲမသွေ ပဲ့ပါသွားတန်

ရာသည်။ နောက်တစ်နည်းအားဖြင့်လည်း ရှိသေး၏။

`သိပ်ဆင်းရရင် သိပ်ပြီး ဝေ်မှာပြတ်မှာလေ၊ ဒီလိုဆိုရင် တို့လယ်ကရတဲ့ အသီးအနှံကို အကုန်အစင်သိမ်းပြီးအောင် မစောင့်ဘဲ၊ အစားသောက်ကို လယ်ထွက်သီးနှံနဲ့ ကြားဖြတ်ပြီး ဝယ်စားမယ်၊ ဝယ်ဝတ်မယ်၊ ငါတို့အစု ဘယ်လိုလုပ်ပြီးအပြည့်ရနိုင်တော့မလဲ´

သို့ကြောင့် လယ်ခံရန်သွားချိန်တွင် ကိုဟိန်း မမယ်ရွှေတို့ လင်မယားမှာ အဝတ်ကိုလည်း သတိထားရသည်။ လယ်ရှင့်မျက်နှာ မကြည်သာလျှင် လိုရင်းကိစ္စကို မပြောရဲသေး။ ပြောစရာက ...

`အစ်ကိုကြီး၊ လယ်ထဲမှာ နောက်ချေး ချဖို့တို့၊ မြောင်းတာတူးဖို့တို့အချိန်ကပ်လာပြီ၊ အဲဒါလုပ်ဖို့´

`ဟ မောင်ဟိန်းရ၊ ဒီလယ်ကို မင်းလုပ်နေသာပဲ မဟုတ်လား၊ လုပ်စရာရှိသာ စိတ်အေးလက်အေးသာလုပ်´

ဤမျှသာ ဖြစ်သည်။ သို့သော် လယ်ရှင့်မျက်နှာ မကြည်သေးမချင်း၊ ကလေး ကူထိန်းရသည်။ ထင်းခွဲစရာရှိခွဲ၊ ရေခပ်စရာရှိခပ်၊ အဝတ် လျှော်ပေးစရာရှိပေး။ သူ့လယ်ကို အလကားလုပ်ခွင့် မရသော်ငြား၊ မြေစုဖြင့် လုပ်ခွင့်ရပါမည့် အရေးကို အောက်ကျခံရ၏။ မပြတ် ဝင်ထွက်ခစားရ၏။ သူ နိုင့်ထက်စီးနင်းလုပ်သမျှကို များသောအားဖြင့် ငုံ့ခံရသည်။ ငြင်းဆန်နိုင်ခွင့်၊ လျှောက်လဲနိုင်ခွင့် မရှိသလောက်ပင်။

စပါးသွင်းချိန်ကို ကြည့်ပါဦး။ လယ်ရှင်၏လုပ်သားများသည် လယ်စုစပါးများကို သူ့ထက်ငါဦးအောင် လာသွင်းကြရသည်။ သွင်းပေမပေ့ါ၊ နောက်ကျလျှင် လေးဆခန့် ပင်ပန်းသောကြောင့် ဖြစ်၏။

စည်ထဲသို့ စပါးသွင်းပုံမှာ လှည်းမြီးကို စည့်အဝတွင် ထိုးလိုက်သည်။ လှည်းပေါ်မှာ စပါးကို တစ်တင်းပြီးတစ်တင်း ခြင်ပြီး စည့်ကြမ်းပြင်ပေါ်တွင် လောင်းသည်။ ကြမ်းပြင်ပေါ်မှ

စပါးများ တဖြည်းဖြည်းမြင့်တက်လာသည်နှင့်အမျှ တစ်ပေါက်တည်းသာရှိသော တံခါးအောက်ခြေသည်လည်း ပျဉ်ပြားများ စီဆင့်ပေးသဖြင့် မြင့်တက်သွားသည်။

ကိုဟိန်းတို့ လယ်ရှင်သည် ဧကပေါင်းများစွာ ပိုင်သောကြောင့် စည့်ကို တစ်လုံးထက်ပို၍ ဆောက်ရသည်။ စည့်များမှာလည်း စည့်ရှည်ကြီးများဖြစ်သည်။ အဝင်တံခါးမှာလည်း စည့်တစ်လုံးလျှင် `အပင်´ကို လိုက်၍ တပ်ဆင်ထားသည်။ လေးပင်စည့်ဆိုလျှင် သုံးခန်း၊ တံခါး သုံးပေါက်။ တစ်ပင်နှင့် တစ်ပင်ကြားတွင် မြေစေးနှင့် စပါးမှော်ကျံထားသော နံရံဖြင့် ခြားထားသည်။ အခန်းမခြားဘဲထားလျှင် နံရံကို အထူကြီး လုပ်ရမည်။ မလုပ်နိုင်က စည့်ကြီးကွဲထွက်မည်။ သို့ကြောင့် အခန်းတစ်ခန်းကို နံရံတစ်ခု ကန့်ကာ တံခါးတစ်ပေါက် ဖောက်ထားခြင်း ဖြစ်သည်။ သို့သော် ကိုဟိန်းတို့ လယ်ရှင်သည် အခန်းလွတ်တွေရှိတိုင်း ဖွင့်မပေးပေ။ တစ်ခန်းကို စပါးတစ်ထောင်သွင်းရန် အစီအစဉ်ရှိလျှင် တစ်ထောင် မပြည့်မချင်း နောက်တစ်ခန်း ဖွင့်မပေး။ စပါးသွင်းရန် အလွန်နောက်ကျသူ၊ သွင်းလာသော စပါးကလည်း ညံ့သူဆိုလျှင် နိပ်စက်ပြီ။ ထိုသူ စပါးသွင်းရန် စည့်တံခါးကို ဖွင့်ပေးလိုက်သောအခါ ပျဉ်ပြားတွေကိုသာ မြင်ရသည်။ စပါးပုံကြီးများသည် အမိုးကို ကပ်နေပြီ။

`အမယ်လေး သေရချေရဲ့ဗျာ၊ ဘယ်လိုလုပ်ပြီး စပါးလောင်းရပါ့´ဟု မော့ကြည့်ပြီး ညည်းလျှင် ...

`မင်းက နောက်ကျသာကိုးကွ၊ လှေကားထောင်ပြီး တက်လောင်းပေါ့၊ တခြားအခန်း တွေလည်း ဒီလိုချည်းပဲ´ဟု အပြောခံရမည်။ အမှန်မှု မပြည့်သေးသော အခန်းတွေ ရှိနေသည်။ တမင်ညှဉ်းဆဲခြင်းဖြစ်သည်။

## ၄

`အဲသည်အကြောင်းတွေ မသိခင်တုန်းက အဖေ့မှာ အေးအေးဆေးဆေးနေပြီး သွားသွင်းမိလို့၊ လက်ခုပ်တစ်ဖောင်လောက် အမြင့်ကြီးကို စပါးတောင်းကြီးထမ်းပြီး လှေကားနဲ့ တက်ရတာ သေချင်စော်ကို နံသာပဲဟေ့။ နို့ပြီး လှည်းခြောက်စီး၊ စပါး

တစ်ရာ့ငါးဆယ် တစ်သက်စာ မှတ်သာပဲ´

စံဝမှာ ပါးစပ်အဟောင်းသားနှင့် ငေးနေရ၏။ အဖေတို့ခေတ်က လယ်သမားတွေ တယ်လည်း အောက်ကျပါကလား တွေးမိ၏။

`အခုတော့ လယ်လုပ်သူတိုင်း လယ်လုပ်ပိုင်ခွင့်အတွက် မပူရဘူးကွာ၊ ဘယ်မြေရှင်ရဲ့ အညှဉ်းအဆဲမှလည်း မခံရဘူးကွာ၊ အေး စပါးဒိုင်တို့ ဝါဒိုင်တို့မှာ တစ်ခါတစ်လေ လူယုတ်မာနဲ့ တွေ့လို့ ပညာပြရင်လည်း အဖေတော့ လယ်ရှင်ရဲ့ ညှဉ်းပန်းမှုနဲ့ စာရင် မမှုလောက်လို့ အပြုံးတောင် မပျက်ဘူးကွ´

`ပျိုလေးတို့ကောက်စိုက်ရာ လိုက်လာနဲ့လေး၊ လိုက်လာရင် ရွှံ့စဉ်ရော့မယ်၊ ဖောင်းကြော့ရင်သွေး´

နေထန်းတစ်ဖျား ကျော်လာပြီ။ ကောက်စိုက်သမတစ်ယောက်က သီချင်းစညည်းလိုက်သည်နှင့် တစ်ပြိုင်နက် ...

`ဒီကောင်မက ကိုသံဒိုင်ကြီးကို မြင်မှ သီချင်းဆိုသတော့´

`မဟုတ်ပါဘူးအေ၊ ဟဲ့ ဘယ်မှာလဲ´

ကောက်စိုက်မတစ်စု၏ ညာသံပေး ရယ်မောသံသည် သောသောညံသွား၏။ ကိုသံဒိုင်မှာ ဤကျေးရွာအုပ်စုမှ စိုက်ပျိုးရေးမှူးဖြစ်၏။ သူ့အမည် ပြောသံကြားလျှင် သားအဖ နှစ်ယောက်စလုံး ခေါင်းထောင်သွား၏။ ထက်ထရက် တိုက်ပုံအနက်၊ မန်ကျည်းစေ့ရောင် ယောပုဆိုးနှင့် ကိုသံဒိုင်မှာ မြောက်လက်ကို ကျော်၍ လယ်ကြားမြောင်းအတိုင်း လျှောက်လာနေသည်။

`ဗျို့ ကိုစံဝ´

`ဖျို့ ဖျို့၊ ကောက်ညှင်းပေါင်းရော ရေနွေးရော ရှိတယ်ဗျ၊ ဒီကို လာပါ´

စံဝက ထရပ်ရင်း အသံပေး၏။

`ညက်ညက်ထွန်ပြီး စိပ်စိပ်စိုက်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း စိပ်စိပ်စိုက်တဲ့အတွက် ကန်စွန်းပင်လှ ကောက်စိုက်သမဝါယမ အသင်းသူများကို ကျေးဇူးတင်သယ်ဖျို့´

`တော်ကျေးဇူးတင်သာတော့ မဟုတ်ပါရဲ့၊ ကျုပ်တို့မှာတော့ သေတော့မယ် တော်ရေ့´

ခပ်စွာစွာ ကောက်စိုက်မတစ်ယောက်က မျက်စောင်းထိုးရင်း လှမ်းပြောလိုက်ရာ၊ သံဒိုင်မှာ တဟဲဟဲ ရယ်မောနေပြီးမှ ...

`ကိုစံဝဘက်ကရော ညက်ညက်ထွန်ရဲ့လားဗျာ၊ ဒါမေးလို့လဲ စိတ်မရှိနဲ့နော်´

`မရှိပါဘူးဗျာ၊ အဲသည်မေးခွန်းကို ပါးစပ်နဲ့မဖြေဘဲ ခင်ဗျားကိုသာ လယ်ကွက်ထဲ တွန်းချချင်တယ်´

`သာတော့ သည်းခံပါဗျာ ဟဲဟဲ´

သံဒိုင်က ရေနွေးကြမ်းတစ်ခွက် ယူသောက်ရင်း စိုက်လက်စ လယ်ကွက် တစ်ကွက်ကို လက်ညှိုးထိုးပြ၏။

`ကျွန်တော့်ကို တွန်းမချရပါဘူးဗျာ၊ ကောက်စိုက်သမရဲ့ ခြေထောက်ကို ကြည့်ရင် တမန်းကောင်းမကောင်း သိသာပါသယ် ဟဲ ဟဲ´

မိုးဖွဲကလေး ရွာချလာသည်။ သံဒိုင်က အသင့်ပါလာသော မိုးကာအင်္ကျီလိပ်ကို ဖြေ၍ ဝတ်လိုက်သည်။

`ဒါထက် သားအဖတွေ ဘာတွေ တိုင်ပင်နေလဲဗျ၊ အကြံပေးသင့် ပေးရအောင်လို့ပါ´

`ကျုပ်လယ်က နက်ဖြန် စိုက်မှာဗျ။ ဒါပေမယ့် ပျိုးက သည်မှာပဲ တစ်လက်စတည်း ရောပြီး ပျိုးထောင်ထားတော့ ပျိုးနုတ်သမားတွေ လာကြည့်သာပါဗျာ´

ဦးဟိန်းက ပျိုးခင်းကို မေးငေ့ါပြ၏။

`သူ့မလဲ လယ်က စိုက်နေတော့ ပျိုးနုတ်သမားတွေကို လှည့်မှ ကြည့်နိုင်ပဲ့မလား ဆိုပြီး ရောက်လာရင်းနဲ့ သူတို့ မမီလိုက်သဲ့ လယ်ပိုင်ရှင်ခေတ်အကြောင်း ပြောမိသာပါ´

သံဒိုင် ရှုံ့မဲ့လိုက်သည်။

`သာတွေ ပြောနေမယ့်အစား စပါးပြီးရင် ဘာစိုက်မယ်၊ ဘယ်လို အထွက်တိုးအောင် လုပ်မယ်ဆိုတာကို ဆွေးနွေးသာက ပိုပြီး အကျိုးမရှိဘူးလားဗျာ´

`ဟုတ်ပါသယ်၊ မှန်ပါသယ်၊ နို့ပေသည့် သူတို့သိစေချင်လို့ ပြောမိသာပါ။ အင်မတန်ကြီးကျယ်ခမ်းနားသလောက် အင်မတန်ရက်စက်တဲ့ မြေရှင်စနစ်ဟာ ဘယ်လောက်ပဲ ဩဇာများပေမယ့် ကျဆုံးချိန်ရောက်လာတော့လည်း ပျောက်ကွယ်သွားရပါကလား ဆိုသာ တွေးမိတော့ တရားကျသဗျာ´

သံဒိုင်သည် ခေါင်းတညိတ်ညိတ်နှင့် ထရပ်လိုက်ကာ `တာဝန်က များတယ်ဗျို့၊ သွားလိုက်ဦးမှ´ဟု ဆိုလိုက်သည်။ စံဝကလည်း `ဟုတ်ကဲ့´ပြောရန် ရောနှောထလိုက်ကာမှ မြောင်းလက်တက် မြောင်းပေါင်ပေါ်မှ လူသုံးယောက်ကို လှမ်းမြင်ရသဖြင့် ပါးစပ်ဟရုံသာ ဟနိုင်၏။

`အဖေရေ နှမ်းခင်းထဲက `ကဆစ်သီး´စားမယ်၊ ကဆစ်သီးစားချင်လို့

လိုက်လာတာ´

ထမင်းပို့လာသော မိမေးနှင့် လိုက်လာသော ကလေးတို့၏အသံ ဖြစ်ပေသည်။ မိုးပြေးကလေးရွာလိုက်၊ နေပူလိုက်နှင့် ညည်းငွေ့စရာ ကောင်းနေခဲ့သော ငှက်ပျောပင်စိုက် လယ်ပွဲသည် ယခုမှပင် ကလေးတို့၏အသံဖြင့် သာယာလာပေတော့မည်။

**၁၉၇၈၊ ဩဂုတ်၊ ရှုမဝမဂ္ဂဇင်း**

## ငယ်ချစ်ပေဟာင်းနှင့် ဥပေါသထသီလ

### ၁

`အဖေ၊ ထန်းသီးတွေ လုပ်မပစ်ပါနဲ့၊ သမီးတို့ထန်းပင်မြစ် မစားရဘဲ နေပါ့မယ်´

သမီးကြီး လှလှသည် ငါးနှစ်သမီးပင် ဖြစ်လာခဲ့စေကာမူ ထန်းစေ့ပျိုးသည်ကို တစ်ခါမျှ မမြင်ဖူးသေးပေ။ထို့ကြောင့် ဤသို့ အော်လိုက်ခြင်း ဖြစ်သည်။ စံဝလည်း တဟားဟား ရယ်မောလိုက်ရသဖြင့် မောပန်းသမျှတို့ ဘယ်ပျောက်ကုန်မှန်း မသိ။

`ဟဲ့ သမီးရဲ့၊ အဲသာဟာ ထန်းပင်မြစ်ရအောင် လုပ်နေသာဟဲ့´

`အဖေက မြေကြီးနဲ့ ဖို့ပစ်နေသဲ့ဟာများ´

လှလှမှာ ရှက်ပြုံးကလေးပြုံးကာ ခေါင်းကို ငုံ့ထားရသော်ငြား အဖေ့ပြောစကားကို မယုံတယုံ တုံ့ပြန်မိသည်။

စံဝတို့ ငှက်ပျောပင်စိုက်လယ်ပွဲတွင် ထန်းပင် နှစ်ဆယ်လောက်ရှိသည်။ လယ်ပွဲ အလယ်တွင် သုံးလေးပင်သာရှိပြီး အကျန်တွေက အစပ်တွင် ရှိသဖြင့် လယ်ကို သိပ်ပြီး မထိခိုက်လှ။

အနည်းအကျဉ်း ထိခိုက်သည်ထားဦး။ စံဝက သည်ထန်းပင်များကို လှဲဖြိုပစ်နိုင်မည် မထင်ပေ။ အကြောင်းဆိုသော် သည်ထန်းပင်တွေက စံဝတို့အတွက် အသုံးဝင် လှသောကြောင့်ပေတည်း။

ထန်းရွက်က အဆောက်အဦ မိုးရသည်။ ကာရသည်။ ထန်းလက်`ဗိုက်သား´က အလွန်ကောင်းသော လျှော်ကို ရ၍ `ဖောင်းသား´က ခပ်သင့်သင့်လျှော်ကို ရသည်။ အိမ်ဆောက်စရာ ထုတ်၊ ချောက်နှင့် တိုင်မရှိလျှင် ထန်းပင်ကို ရစ်စိတ် စိတ်ပါ။ လိုသမျှ

ရသည်။ ထန်းသီးကို ကြည့်ဦးမလား။

သိပ်မရင့်မီ အရည်သောက်၊ လက်ကော်ရ၊ လက်ကိုင်ရ အနေများတွင် ထန်းသီး၏ အသားကို ပါးပါးစဉ်းပြီး နွားစာကျွေးရသည်။ ထန်းသီးစဉ်းကို စားရသော နွားသည် မည်မျှ ပင်ပန်းပင်ပန်း မပိန်ပေ။ စိုပြည်ဝဖြိုးနေသည်။

ထန်းသီး၏ အပြင်က အသားကို နွားကျွေးပြီးသောအခါ အထဲက ထန်းစေ့အိမ် ကျန်သေးသည်။ စဉ်းတတ် ခုတ်တတ်သူ၊ ကျင်လည်သူ များဆိုလျှင် အထဲက အမှေးတည်းတည်း ကလေးဖြင့် အစေ့အိမ်လိုက်ကျန်သည်။ လျှော်တွဲပြီး ရောင်းလျှင် ပိုက်ဆံရသေးသည်။

သည့်ထက်ရင့်လာသော ထန်းသီးမှာ အတွင်းသားကို လူစား၍ မရတော့ချေ။ နွားအတွက်ကား `ရှမ်းပြင်း´ကို စဉ်းကျွေးသည်။

မိုးကလေးတစိမ့်စိမ့်တွင် ကြွေကျသော ထန်းသီးမှာ ဝင်းအိနေအောင် မှည့်နေပြီ။ အနံ့လည်းသင်းသည်။ မြေပေါ်တွင် ပုံပျက်ပန်းပျက် ကြွေကျသည်။ သည်အခါ ထန်းစေ့တွင် ကပ်နေသော အသားကို ရေဖြင့် ဖျော်ချကာ ကောက်ရိုးနှင့် ရောကျွေးကြသည်။ နမ်းဖတ်မပါ၊ ဖွဲနမပါဘဲနှင့် နွားအလွန်ကြိုက်သော အစာပေတည်း။ အပြင်သား ဝါနေချိန်တွင် စဉ်းခုတ်ပြီး ဖယ်ထားသော ထန်းစေ့များနှင့် အသားကို ရေဖျော်ပြီးနောက် ဖယ်ထားသော ထန်းစေ့များကို စံဝ နွားတင်းကုပ်ဘေးတွင် ပုံထားခဲ့သည်။

နွေတွင် မိုးကြိုကာလမို့ အလုပ်များသည်။ မိုးကျတော့လည်း မိုးတွင်းမို့ အလုပ် အလွန်များသည်။ ဘာမဟုတ် ညာမဟုတ် ထန်းသီးစေ့ကို အဘယ်မှာ လှည့်ကြည့် နိုင်မည်နည်း။ ယမန်နေ့ကမှ ငှက်ပျောပင်စိုက်လယ် ထွန်တုံးပိတ်ခဲ့သည်။

`ထွန်တုံးပိတ်သွားပါပေါ့လား´ဆိုသောအသိကို သိသောခဏတွင် ခေါင်းပေါ်တွင် ရွက်ထားရသော ခွက်တစ်ရာ ဝန်ထုပ်ကြီးကို ပစ်ချလိုက်ရဘိအလား ပေါ့ပါးသည်။ ရှင်လန်းသည်။ သွက်လက်သည်။ ကြည်လင်ဖျတ်လတ်လာသည်။ ထိုအခါ `ဟာ

သည်လိုဆိုရင် ဝါကျွတ်ပြီပေါ့ဟ´ဟူ၍လည်း စံဝ အော်ဟစ်မိသည်။

`တစ်ဝါတွင်းလုံး ထွန်ရယက်ရ စိုက်ရပျိုးရသာနဲ့ ဥပုသ်ဆိုသာ ဘာမှန်းမသိခဲ့ပါကလား၊ အင်း သည်ရက်တော့ စောင့်ဖြစ်အောင်စောင့်မှ´

မိမှေးသည် မီးဖိုခန်းဝတွင် အငယ်ကောင်ကို ဖင်ပုတ်လျက် ချော့သိပ်နေရာမှ ကျေနပ်စွာပြုံးကြည့်နေလိုက်စဉ် စံဝမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ပေါင်ကို ဖျန်းကနဲမြည်အောင် ရိုက်သည်။

`ဘာဖြစ်သာလဲတော့်၊ တော့်ဟာက အထိတ်တလန့်နဲ့´

`ထန်းစေ့တွေဟ၊ ထန်းစေ့တွေ´

`ဘာဖြစ်လဲ ထန်းစေ့တွေက သူ့ဟာသူနေသာပဲ´

မိမှေးက မျက်စောင်းကလေးလှလှဖြင့် ချိတ်လိုက်ကာ ခပ်ဆတ်ဆတ်ကလေး ပြောသည်။

`အညှော့ထွက်ကုန်ရင် စိုက်လို့မရတော့ဘူးဟ´

ပြောပြောဆိုဆိုပင် စံဝ ထသည်။ တူးရွင်းငန်းပြားကို လှမ်းဆွဲသောအခါ မိမှေး တားဆီးရသည်။

`မှောင်လည်း မှောင်ပါပြီတော်၊ တစ်ညနဲ့တော့ တော့်ထန်းစေ့တွေ ဘာမှမဖြစ်ပါဘူး´

သို့ကြောင့်ပင် တဲခါးပန်းတွင် ပြန်ထိုင်ရသော်ငြား၊ စံဝ စိတ်မဖြောင့်။ စားရာမဖြောင့်၊ အိပ်ရာတွင် မဖြောင့်။ အလုပ်ကြွေးတစ်ခုခု တင်နေပြီဆိုပါက မနေတတ်မထိုင်တတ်ဖြစ်လေ့ရှိခြင်းမှာ စံဝ အကျင့်တည်း။ ယနေ့တော့ စံဝ အိပ်ရာမှ နိုးလျှင်နိုးချင်း ထန်းစေ့

ပျိုးရန် စတင်သည်။ အလုပ်ဇောကပ်နေ၍ မျက်နှာမှ သစ်မိပါလေစ။

ခြံထောင့်တွင် ထန်းစေ့ကျင်းရှိသည်။ သည်ကျင်းထဲတွင် ထန်းစေ့ဟောင်း အခြောက်တွေ ရှိလိုရှိသေးပြား၊ တူးရွင်းငန်းပြားဖြင့် အနှံ့အပြား စီးထိုးဆွကြသည်။ ထန်းစေ့မှုတ်တွေ မရှိချေ။ တစ်လုံးတစ်လေသော်မျှ မရှိ။ အဘယ်မှာ ရှိပါမည်နည်း။ အိမ်တွင် ထင်းပြတ်လိုက်၊ ထန်းစေ့မှုတ်ကို ယူပြီး ထက်ခြမ်းခွဲကာ ထင်းဆိုက်ခဲ့သည် မဟုတ်လား။ ထန်းစေ့မှုတ်မီးက မီးအရှိန်လည်းကောင်း၊ အဆိုက်လည်း ခံပေသည်ကိုး။

ကျင်းဘေးတွင် ပြန့်ကြဲစုပုံနေသော မြေစာကို ကျင်းဟောင်းထဲ ပြန်ထည့်သည်။ ဖို့သည်။ ဘေးမြေပြင်ထက် တစ်တောင်လောက်မြင့်အောင် ဖို့ပြီးနောက်တွင် နွားတင်းကုပ်ဘေးမှ ထန်းစေ့တွေကို တောင်းဖြင့်သယ်သည်။ ကျင်းဟောင်းဖို့ထားသော မြေပုံပေါ်မှာ ဖြန့်သည်။

တစ်တောင်းပြီးတစ်တောင်း သယ်လောင်းခဲ့ရာ ထန်းစေ့တွေကုန်သည်အထိ ကလေးတွေ မနိုးသေး။ အိမ်ကလေးမှာ ငြိမ်သက်တိတ်ဆိတ်နေသည်။ ထန်းစေ့ကိစ္စ ခဏထားပြီး တင်းကုပ်ထဲက ခိုင်းနွားနှစ်ကောင်ကို မန်ကျည်းပင်အောက်သို့ ရွှေ့ရသည်။ တင်းကုပ်ထဲတွင် တစ်ညလုံး စွန့်ပစ်ထားသော အညစ်အကြေးတွေက ဗွက်ပေါက်နေပြီ။ မန်ကျည်းပင်ရိပ်တွင် ချိုင့်(ခြင်း) တစ်ခု ရှိသည်။ ချိုင့်ကို ဝါးဖြင့် ယက်လုပ်ထား၏။ အမြင့်နှစ်တောင်၊ အချင်းနှစ်တောင်ခန့် ရှိမည်။ ချိုင့်ထဲတွင် ကောက်ရိုးရှိသည်။

စံဝသည် နွားတွေ အပြင်းပြေဝါးရန်၊ အဆာပြေစားရန် ကောက်ရိုးတစ်ပွေ့ကို ချိုင့်ထဲ ထည့်ပေးခဲ့ပြီးမှ ထန်းစေ့များဘက်သို့ ပြန်ရောက်လာ၏။

ထန်းစေ့များကို အထူအပါးညီအောင် ပြုပြင်ပေးလိုက်ကာ ကျင်းဟောင်း ဘေးပတ်လည်မှ မြေကို ကော်ယူကာ ဖုံးပေး၏။ သို့လျှင် ထန်းစေ့တွေကို မြေဖြင့် ဖုံးပေးနေစဉ် မည်သည့်အချိန်က ရောက်နေမှန်း မသိသော သမီးကြီးက နမြောတွန့်တို သံဖြင့် အော်လိုက်ခြင်းဖြစ်ပေ၏။

`အခုလို မြေနဲ့ဖို့ပေးမှ အပင်ပေါက်သန်သာ သမီးရဲ့၊ အပင်ပေါက်သန်မှ သမီးတို့ထန်းပင်မြစ် အကြီးကြီးတွေ စားရမပေါ့´

မြေပွပေါ်တွင် အညှောင့်ထိုးရသဖြင့် တစ်ကြောင်း၊ အပေါ်က မြေဖုံးပေးသော အကြောင်းတို့ကြောင့် ထန်းပင်မြစ် ထွားကျိုင်းနိုင်သည်။ သည်ထန်းပင်မြစ်များကို ပြာသို၊ တပို့တွဲတွင် ဖော်ယူမည်။ စားလည်းစား၊ လှူလည်းလှူ၊ ရောင်းလည်းရောင်းဖြင့် အပိုဝင်ငွေ သာမက ဝမ်းလည်း ဝမည်။ ထို့ပြင် ကုသိုလ်လည်း ရကြပေဦးမည်။

`အောင်မယ် ဟိုသားအဖ စကားကောင်းနေလိုက်ကြသာ၊ လာကြလေ ရေမိုးချိုးကြ´

ရုတ်တရက် လှမ်းအော်လိုက်သော မိမေးအသံကြောင့် စံဝ တန့်သွား၏။ အိမ်ဘက်သို့ မျှော်ကြည့်၏။ `မိမေး ဒီနေ့ လှနေပါကလား´ အတွေးသည် စံဝရင်တွင်းသို့ ပြေးဝင်လာ၏။ စံဝ ကြည်နူးစွာ ပြုံးလိုက်မိလေသည်။

မိမေးသည် ပြာမှုန်အလူးလူးဖြင့် ကျိုးကန်းသိုက်ထနေသော ဆံပင်နှင့် မဟုတ်။ ဆင်စွယ်ဘီးဖြင့် သေသပ်စွာ ပတ်ကြော့ထုံးဖွဲ့ထားသော ဘီးအထက် ညာဘက် စောင်းစောင်းတွင်လည်း ပန်းတစ်ပွင့် ပန်ထားသေးသည်။ စိတ်အေးလက်အေးဖြင့် လူးခြယ် ရသောကြောင့်ထင်၏။ မိမေး မျက်နှာတွင် သနပ်ခါးကလည်း ဖုံနေ၏။ နှုတ်ခမ်းကလေးက မနီ့တနီ မရဲတရဲ။ ရင်လျားထားသဖြင့် ပေါ်နေသော ပုခုံး၊ ရင်ဘတ်နှင့် လက်မောင်းတို့ တွင်လည်း သနပ်ခါး ဖွေးနေပြန်သေးရာ စံဝ ငေးမောမိသည်။

`အဖေကလဲ အမေ့ကို မမြင်ဖူးလို့ ကြည့်နေသာလား´

`ဟား ဟား ဟား´ စံဝ ရှက်ရယ်ရယ်လိုက်ကာ၊ `သမီး သွားတော့၊ ရေချိုးနှင့်နော်၊ အဖေ ခုပဲ လာခဲ့မယ်၊ သာလေး မပြီးသေးလို့´ဆိုပြီး ကလေးကို တွန်းလွှတ်လိုက်လေသည်။

၂

ဥပုသ်ဇရပ်ထဲတွင် အုတ်အုတ်အုတ်အုတ် အသံကြီးက လွှမ်းနေသည်။ အနံ့ငါးပင်၊ အလျှားဆယ်ပင်၊ သွပ်မိုးဇရပ်ကြီးထဲတွင် လူများ ပြည့်နေသည်။ ရောင်မျိုးစုံသော ပန်းပွင့်တွေ လှုပ်လူးသည့်အလား၊ ရောင်မျိုးစုံ လှုပ်ရှားနေကြသည်။

`စံဝ လာဟေ့ လာဟေ့၊ သည်ရှေ့ကို လာလကွ´

ဇရပ်ကြီး၏ ဦးခန်းတွင် လေးခန်း၏ ကြမ်းပြင်ကို မြှင့်ထားသည်။ လေးခန်းတွင် ဦးခန်းနှစ်ခန်းက ကျန်နှစ်ခန်းထက် ပို၍မြင့်သေးသည်။ အမြင့်ဆုံးအခန်းတွင် သီလပေးမည့် ပုဂ္ဂိုလ်အတွက် သင်ဖြူးနှင့် နေကထိုင် ခင်းထားသည်။ ယင်း၏ ကျောဘက်နံရံတွင် ပုဆိုး ကန့်လန့်ကာကို ကာထား၍ ကောင်းမှုရှင်အမည်ကို ရေးထား၏။

သီလပေးမည့် ပုဂ္ဂိုလ်၏ရှေ့တွင် ဆွမ်းထည့်ရန် ခွဲတောင်းအသစ်တွေ ရှိ၏။ ပန်းကန်အမျိုးမျိုး စီထားသော စားပွဲဝိုင်း ဆယ်လုံးလည်း ချထား၏။ စားပွဲပေါ်တွင်ကား ဟင်းလျာအမျိုးမျိုး၊ သရေစာအမျိုးမျိုးနှင့် လှူဖွယ်ဝတ္ထုအစုစုတို့မှာ အလှူခံပုဂ္ဂိုလ်ကို စောင့်မျှော်နေကြသည်။

ထိုစားပွဲများနှင့် သီလပေးမည့်ပုဂ္ဂိုလ်ရှိသော အဆင့်အောက်မှ ဒုတိယအဆင့်တွင် ယောကျာ်းတွေချည်း နေကြပေသည်။ စံဝအား ထိုနေရာမှ လှမ်းခေါ်ခြင်းဖြစ်သည်။ ယောကျာ်းတွေချည်း ထိုင်သော အခန်းနှစ်ခန်းအောက်မှ အနိမ့်ဆုံးအခန်းများကား မိန်းမများ ထိုင်ရန်ပေတည်း။

`ငှက်ပျောဖူးသုပ်ကလေး သုံးဆောင်ပါဦးရှင့်´

ဂျပန်ဆံတောက်လည်း မကျ၊ အိုမီဂါလည်း မဖြစ်သော ဆံပင်နှင့် ဆယ်နှစ်အရွယ် မိန်းကလေးတစ်ယောက် စံဝရှေ့သို့ ဒူးထောက်လျက် ရောက်လာသည်။ ပန်းကန်ပြား ထဲတွင် စားချင့်စဖွယ် နီမြန်းနေသော ငှက်ပျောဖူးသုပ်ကို အမွှန်းတန်ဆာများ

ဆင်ယင်ထားသည်။

`စံဝရေ ငါ့ချင်းသုပ် စားပါဦးဟဲ့´

ငှက်ပျောဖူးသုပ်ကို နှိုက်နေစဉ်၊ ရင်းနီးစွာခေါ်သံကို ကြားရ၏။ သို့ရာတွင် ငှက်ပျောဖူးသုပ်ကို နောက်ထပ် နှိုက်နေမိသဖြင့် လှည့်မကြည့်အားသေး။ လှည့်ကြည့်နိုင်ချိန်တွင် အံ့အားသင့်သွား၏။

`ဟ စိန်အိ´

စံဝ ပလုပ်ပလောင်းနှင့် ဝမ်းသာအားရ အော်အပြီး၌ ထပ်ဆင့်မေးမိသည်။

`သည်လာပြီး သီလယူသလား´

`ဟုတ်သယ်၊ တစ်ဥပုသ်ကို တစ်ကျောင်းပြောင်းပြီး သီလယူသာ၊ အခု သည်ကျောင်းက နောက်ဆုံးပဲ´

စိန်အိတို့ ရွားပင်လုရွာမှာ သည် စံဝတို့ကန်စွန်းပင်လုရွာနှင့် တစ်မိုင်ကျော်ဝေးသည်။ သူ့ရွာနှင့် သူ့ကျောင်းလည်း ရှိကြသည်။

`အေးလေ ဘာပဲဖြစ်ဖြစ် သာစခေါ်ပါတယ်ဟာ၊ အမယ် ချင်းသုပ်က အပုံစားပါကလား ဟား ဟား´

စေတနာရှင့်အပြုံးကို စံဝ သတိမထားမိသော်ငြား၊ ဟိုခပ်လှမ်းလှမ်းမှ မိမှေး သတိထားမိသည်ကို စံဝ မသိ။

`လက်ဖက်ကလေး စားကြပါဦး´

`ကြက်တက်ရွက်သုပ်ကလေး သုံးဆောင်ကြပါဦး´

`စောင်းလျားသီးသုပ်ကလေး´

ဝါတွင်းကာလတွင် ဒါနကုသိုလ်၊ သီလကုသိုလ် ချို့တဲ့ခဲ့သမျှ ဝါအကျွတ်တွင် အောတိုက် ပုံချနေကြ၏။ တစ်ဖက်တွင် လှည့်ပြီး နှိုက်နေဆဲ၊ ကျောဘက်မှ ရောက်လာ၏။ ကျောဘက်သို့ လှည့်၍မျှ မပြီးသေး။ ဘေးဘက်က ရောက်လာပြန်၏။

`လက်ဖက်တစ်ရိုး´ဟူသော အတိုင်းအတာဖြင့် တစ်ဦးကို တစ်ခါစီနှိုက်သော်လည်း အကမ်းအလှမ်းက များလှသည်။ စံဝ မစားနိုင်တော့ပေ။ ဟန်ဆောင်ကာ နှိုက်ရုံသာ နှိုက်နိုင်တော့သည်။

သည်နှယ် အလုပ်များသော မဟုတ်သေး။ ထန်းသီးမုန့်၊ မုန့်ဖက်ထုပ် အကမ်းအလှမ်း များကလည်း စုံလင်လှ၏။ မုန့်ဖက်ထုပ်က အဖြူအနီ နှစ်မျိုးသာရှိ၏။ ထန်းသီးမုန့်ကား သကြားဖြင့်က တစ်မျိုး၊ ထန်းလျက်တစ်သွယ်၊ ကြံသကာတစ်နည်း။

သည်မျှ မကသေး။ ကတော့ထဲ ထည့်သော ထန်းသီးမုန့်တစ်အင်၊ အပြင်လိုက်ကြီးတွင် အုန်းသီးဆန်ဖြူး၍ တစ်နှုန်း၊ လွှန်ဆန်စပျစ်သီး ဖြူး၍ တစ်ဖုံ စုံလှသည်။ များလှသည်။ ကတော့ဖြင့် ထည့်သောမုန့်ကို ကတော့လိုက် ကမ်းသော်လည်း၊ အပြင်လိုက်ပေါင်းသော မုန့်ကိုကား ဓားဖြင့် လှီးပြီး အတုံးလိုက်၊ အမြှောင်းလိုက် ကမ်းသည်။

သည်မျှ ရှားပါးနေသော်ငြား သစ်သားမီးခြစ်ကမ်းသူ ရှိသည်။ ဖယောင်းတိုင် ကမ်းသူနှင့် လက်တစ်သစ်အရွယ် ဆပ်ပြာအယှက်ကလေးတွေ လှီးပြီး ကမ်းလှမ်းဝေငှသူပင် ရှိလိုက်သေးသည်။

လူကြားထဲတိုးဝင် ကမ်းလှမ်းသူတို့၏ ယဉ်ကျေးဖွယ်ရာသောအသံများက ကြည်နူးစရာကောင်းသလို၊ သာဓုခေါ်သံများကလည်း ချမ်းမြေ့ဖွယ်ဖြစ်ပေသည်။

အသိမိတ်ဆွေချင်း လှမ်းခေါ်သံများကလည်း တညံညံ။ စုမိစုရာ၊ စပ်မိစပ်ရာ ပြောဆို ဆွေးနွေးနေကြသော စကားဝိုင်းများကလည်း တအုန်းအုန်း။ ကလေးသူငယ်တွေ ပြေးလွှား ဆော့ကစားသံက တရုန်းရုန်း။

စံဝ၏ ကလေးနှစ်ယောက်သည် မိခင်နှင့် ဖခင်ကြားတွင် ပြေးလွှားဆော့ကစား နေကြသည်။ တစ်ခါတစ်ရံမှသာ ဝတ်ရသော အဝတ်သစ်ကလေးတွေကို ငုံ့ကြည့်ကာ ကြည့်ကာဖြင့် ရွှင်ပျလှသည်။

`ကျောင်းသားတွေ လှူဖွယ်ဝတ္ထုတွေ လာယူကြကွ´

လူတစ်အုပ် ဇရပ်ပေါ် တက်လာတိုင်း ထိုသူတို့တွင် ပါလာသော လှူဒါန်းစရာများကို ကျောင်းသားများက ပြေးယူ၏။ သီလပေးမည့် ဘုန်းတော်ကြီးရှေ့ စားပွဲပေါ် တင်ထားကြ၏။ ကျောင်းသားအင်အား နည်းသည်ထင်သဖြင့် ကိုရင်သုံးပါးပင် အင်အားဖြည့်ထားသေး၏။

သို့ရာတွင် သူတို့လည်း မနိုင်မနင်းပင်။ ကာယကံရှင်က လှမ်းခေါ်လို ခေါ်ရ၊ လူကြီးတွေက သတိပေးလို ပေးရနှင့် လက်မလည်ကြပေ။ ဦးခန်းနှစ်ခန်းမှလွဲလျှင် ကိုးခန်းဇရပ်ကြီးမှာ သီတင်းသည်များဖြင့် ပြည့်လျှံနေပေသည်။ စကားသံများ အုတ်အုတ်ကျက်ကျက် ညံနေပြီ။ ပူတတ် အိုက်တတ်သော ကလေးတွေ ကော့ထိုးကာ ငိုပြီ။

သည်အခါကျမှ တရားချီးမြှင့်မည့် ပုဂ္ဂိုလ်တစ်ပါး ချီးမြှင့်ရန် ဘုန်းတော်ကြီးတစ်ပါးကို သွားရောက်လျှောက်ထားရသည်။ သည်မျှ များပြားသော ပရိသတ်မှာ မိမိကို ရည်စူးကာ လာကြကြောင်း သိသဖြင့် ဆရာတော်ကြီးကိုယ်တိုင် ယပ်ထမ်းကာ ကြွလာ၏။

ဇရပ်ပေါ်သို့ ဆရာတော်ကြီး၏ ခြေစုံရပ်မိသည်နှင့် တစ်ပြိုင်နက် အုတ်အုတ် ကျက်ကျက်အသံကြီး ဆိတ်သွား၏။ အပ်ကျလျှင် ကြားရမတတ်ပင်။ အနီးရှိ ဒါယကာ တစ်ယောက်နှစ်ယောက်ကို လှမ်းစကားပြောပြီးနောက် အချိန်ဆိုင်းမနေတော့ပါ။ သီလပေးသည်။ သီလပေးပြီးလျှင် ဆရာတော်ဘုရားကြီး၏ တာဝန်သည် ပြီးဆုံးမသွား သေးပါ။ တရားဟောရသေးသည်။ သီလကို စွန့်စားဆောက်တည်သော ဥပါသကာ

တစ်ယောက် သို့မဟုတ် သီလရက္ခိတ သတို့သားအကြောင်း ဇာတ်လမ်းကို စတင်ပြောပြောသည်။ ကလေးငိုသော ကလေးအမေများသည် ဇရပ်နှင့်ဝေးရာသို့ အလိုက်သိစွာ ရှောင်ခွာပြေးကြသည်။ စံဝမှာ ငိုမည့်ပုံမည့် ကလေးငယ်ငယ် မပါသောကြောင့် စိတ်ချလက်ချ တရားနာနိုင်သည်။

ခါးကို မတ်ပြီး နဖူးပေါ် လက်စုံမိုးလျက် ရှိခိုးနေရာမှ လက်သည် မေးစေ့သို့ လျှောကျလာ၏။ တဖြည်းဖြည်း ရင်ဘတ်ပေါ်အထိ ကျဆင်းလာသောအခါ တံတောင်နှစ်ဖက်ကို အားပြုကာ ကြမ်းပေါ်တွင် ဝပ်လိုက်သည်။

စံဝသည် မျက်စိမှိတ်ထားလိုက်သည်။

သီလရက္ခိတသတို့သား ကြက်များကို မြင်သောအခါ စိတ်တွင်းမှာ တွေးကြံဆလိုက်ပုံက ...

`ငယ်စဉ်ကာလ၊ ကလေးဘဝ၊ စတင်စောင့်အပ်၊ သီလမြတ်ကို၊ ဖြတ်တောက်ဖျက်ဆီးရမည်လော။ သီလသီတင်း၊ ပျက်ယွင်းမခံ၊ ကေန်ဆက်ဆက်၊ ငါ့အသက်ကို၊ မင်းမျက်မာန်ရှသဖြင့်´

တရားဟောပုဂ္ဂိုလ်သည် ဤနေရာအရောက်တွင် ချောင်းဟန့်လိုက်သည်။ အသင့်ရှိနေသော ရေခွက်ကို မော့သောက်လိုက်ပြီး ဆက်လက်ဟောသည်။

`ဟုတ်ပါဘူး၊ သည်တရားကို ငါ ကြားဖူးပါသယ်။ ကြားဖူးသမှ ရင်းရင်းနှီးနှီး ပွန်းပွန်းတီးတီးကြီးပါ´

အာရုံတစ်ခုတွင် နောက်ထပ်အာရုံသစ်တစ်ခု ဝင်ရောက်နှောင့်ယှက်လာသည်ဆိုလျှင် ပထမအာရုံ ပြယ်စမြဲ။ ထို့ကြောင့် တရားဟောသံကို စံဝ မကြားတစ်ချက် ကြားတစ်ချက်။

`နေပါဦး၊ အိမ်ရှေ့မင်းက အသတ်ခိုင်းတဲ့ ကြက်တွေကို မသတ်ရင် မင်းမာန်သင့်မယ်။ အိမ်ရှေ့မင်း ပေးမယ့်အပြစ်ကို ကြောက်လို့ ကြက်တွေ သတ်ရင်လည်း တစ်သက်လုံးက စောင့်ထိန်းလာတဲ့ သီလ ပျက်စီးတော့မယ်။ ဟုတ်ပါတယ်၊ ငါ ဘယ်မှာသိပါလိမ့်´

## ၃

အတော်ပင်ပင်ပန်းပန်း စဉ်းစားလိုက်မှ စံဝပြုံးနိုင်သည်။

`ဟား လက်စသတ်တော့ ငါကိုယ်တိုင်ဟောသဲ့ တရားပဲ။ ဟုတ်သာပေါ့ ငါ ကိုရင်ဝတ်တုန်းက´

လွန်ခဲ့သော ဆယ်နှစ်ကျော်ကလာ၊ စံဝ အသက်ဆယ့်ငါးနှစ်သားတွင် သာမဏေ ဝတ်ခဲ့ရသည်။ သူ့မိဘများသည် ပင်ပန်းခက်ခဲစွာ စုဆောင်းပြီး ရှင်ပြုမင်္ဂလာဆင်နွှဲပြီး စံဝကို ရှင်ပြုပေးခဲ့ကြသည်။ သည်မျှ ခက်ခဲပင်ပန်းစွာ အားယူပြီး ရှင်ပြုရသော သာမဏေသည် တစ်ဝါမျှ မရလျှင်လည်း မကောင်းပေ။ ထို့ကြောင့် ကိုရင်စံဝ သုံးဝါရအောင် သင်္ကန်းဆီး ခဲ့ရသည်။

ကိုရင်စံဝတို့ လက်ထက်တုန်းက ဤမြို့သာလာယံ ဥပုသ်ဇရပ်ကြီးမှာ ယခုထက် ခမ်းနားသစ်လွင်ခဲ့သည်။ အတွင်းမျက်နာကြက်များမှာ ဆေးရောင်တောက်သေး၏။ သီလယူသော ပရိသတ်ကလည်း တစ်သုတ်ဖြင့်မပြီး၊ သုံးသုတ်ခွဲ၍ သီလယူကြရသည်။

ဆရာတော်ဘုရားကြီးသည် သီလယူသူများကို ရှစ်ပါးသီလ ပေးပြီးနောက် တရားဟောရန် သာမဏေတစ်ပါးကို ထားပစ်ခဲ့သည်။ ထိုသာမဏေသည် ကျက်ထားသော တရားစာကို ဟောကြားရသည်။

တစ်ခုသော သီတင်းနေ့ကား ကိုရင်စံဝ တရားဟောလှည့် ကျသောနေ့ပါတကား။ ကိုရင်စံဝနည်းတူ ဝါဆိုသော ကိုရင်ဆယ်ပါးရှိရာ သည်သီတင်း၌ ကိုရင်စံဝ အလှည့်ကျ

သည်။ ကိုရင်စံဝသည် ဘုန်းကြီးပေးသော တရားစာကို ကျေညက်အောင် ကျက်ထားသောပြား၊ ပရိသတ် အလယ်မှာ ရပြီးသား စာကို `စာပြန်´ရန် အရေးကိုပင် ရင်ထဲ တအေးအေးနှင့် ကြောက်နေသည်။

`ကိုရင် ပရိသတ်ကိုမကြည့်နဲ့၊ ကိုရင့်ဘေးမှာ ကိုရင့်သူငယ်ချင်း ကျောင်းသားတွေပဲ ရှိတယ် သဘောထား´

ဒကာကြီးတစ်ယောက်က ယင်းသို့ သညာပေးသည် ကိုရင်စံဝ အသံတုန်တုန်ဖြင့် တရားစပေါသည်။ ဒကာကြီးပြောသည့်အတိုင်း `စာပြန်´ရာ ချောမောနေသည်။ စာမှာ သီလရက္ခိတဇာတ်လမ်း။ အတော်ကလေး အရှိန်ရလာသည်။ ဇရပ်တစ်ခုလုံးမှာ အပ်ကျသံပင် ကြားရမတတ် ငြိမ်သက်နေသည်။ ကိုရင်စံဝ ရဲတင်းလာသည်။ ထို့ကြောင့် ပရိသတ်ကို မျက်လုံးဝင့်ကြည့်လိုက်သည်။ တစ်နေရာပြီး တစ်နေရာ ကြည့်သည်။

သို့သော် လက်ယာဘက်ထောင့် တစ်နေရာသို့ မျက်လုံးအရောက်တွင် ရှားပင်လှ ဆွမ်းခံအိမ်တစ်အိမ်မှ အပျိုဖော်ဝင်စ မာတုဂါမကလေးနှင့် မျက်လုံးချင်း ဆုံမိသည်။ မာတုဂါမကလေးက ပြုံးပြုံးကလေး။ သို့တစေ ကိုရင်စံဝမှာကား ကောင်းကင်မှ ထိုးကျသလို ဖြစ်သွား၏။

`သီလရက္ခိ၊ မည်ရှိထင်ရှား၊ သတို့သားသည်၊ သီလရက္ခိ၊ မည်ရှိထင်ရှား၊ သတို့သားသည်၊ သီလ သီလ´

ကျက်ထားသော တရားစာသည် `လည်´ချေပြီ။ စက်ဝိုင်းပေါ် လျှောက်ပြေး နေမိလေပြီ။ ကိုရင်စံဝ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေ ပြန်လာ၏။ သူ့စိတ်ထဲတွင် ဘာလိုလိုဖြစ်နေသော မိန်းကလေးရှေ့တွင် သည်သို့ဖြစ်ရသဖြင့် ကိုရင်စံဝ သိပ်ရှက်သည်။ သိပ်ရှက်သောကြောင့် သိပ်ပြီး ချာချာလည်သည်။ အစ ရှာမရအောင် ချာချာလည်သည်။

နောက်ဆုံး ဒကာတစ်ယောက်က ဦးပဥ္စင်းတစ်ပါးကို ကျောင်းပေါ်သို့ ပြေးပင့်ရ၏။ အကျိုးအကြောင်းမေးသောအခါ ကိုရင် တရားလည်နေလို့ဟု လျှောက်ရ၏။ ထိုအခါ

ထိုတရားစာကို ရသော ဦးပဥ္စင်းကို ရွေးလွှတ်လိုက်ရာ ဦးပဥ္စင်းက လည်နေသောအပိုင်းကို ရှေ့ဆက်ပေးလိုက်တော့၏။

သီလခန်းအပြီးတွင် အဘိဓမ္မာ ဘယ်ပုံသတ်မိသည် မသိ။ ချက်ချင်းမြေခွဲ အမျိုးခံချင်အောင် ကိုရင်စံဝ ရှက်သည်။ ပရိသတ်အလယ်တွင် ငါ့အရှက်ကို ခွဲရမလားဟု ဆရာတော်က ငါးတန်သား ကျွေးသောအခါ နာရမှန်း မသိအောင်ပင် ရှက်နေခဲ့ရ၏။

၄

ယနေ့မှပင် သီလရက္ခိတ တရားနှင့် လာတိုးသည်။ ထိုတရားနှင့် ပတ်သက်သူ နှစ်ဦးကလည်း တိုက်တိုက်ဆိုင်ဆိုင်ပင် လာရောက်ဆုံစည်း နေကြပြန်သည်။ ထိုစဉ်ခါက စိတ်လှုပ်ရှားခဲ့ရပုံများ၊ အရှက်ကြီး ရှက်ခဲ့ရပုံများသည် စံဝအတွက် အသစ်ဖြစ်လာ ရပြန်သည်။ ထို့ကြောင့် ပတ်သက်သူ တစ်ဦးဖြစ်သော စိန်အိကို မျက်လုံးဝေ့ဝဲရှာမိ၏။ တွေ့ပါသည်။ ပြုံးနေသော မျက်လုံးများနှင့် စိန်အိ။

ရယ်တော့မည့်နယ်၊ စကားလှမ်းပြောတော့မည့်နှယ် ကြည့်နေသော စိန်အိ။ သူလည်း အတိတ်ကို ပူနွေးစွာ သတိရနေဟန်တူသည်။ စိန်အိထံမှ အပြုံးသည် စံဝထံ ချက်ချင်းကူးစက်လာသည်။

စံဝစိတ်သည် ဟိုရောက်သည်ရောက် ရောက်သွားသဖြင့် အဘိဓမ္မာ ဘယ်ပုံ ချသွားမှန်းမသိ။ ဥပါသကာတစ်ယောက်၏ အမျှဝေသံကို ကြားမှသာ အများနှင့်ရောပြီး သာဓုခေါ်မိသည်။

ဥပုသ်သည်များအနက် ပြန်ရန် ဝေးသူများသည် အစားအစာများ တစ်ပါတည်း ယူလာခဲ့ကြ၏။ တစ်နေ့လုံး နေခိုကာ ညနေကျ အေးအေးလူလူ ပြန်ကြလိမ့်မည်။

စံဝတို့ကား အနီးကလေး၊ လှမ်းခေါ်လျှင်ပင် လေသင့်ပါက ကြားနိုင်၏။

သို့ကြောင့် အေးဆေးစွာ ပြန်သည်။ အေးဆေးသည် ဆိုသော်ငြား မွန်းမတည့်မီ ထမင်းစားပြီးရမည်မို့ အချိန်ဖြုန်း၍ မဖြစ်။ မိမိအား စောင့်ဆိုင်းနေမည့် ဇနီးသည် မိမေ့နှင့် ကလေးများကို လှမ်းကြည့်၏။ ဇရပ်ပေါ်တွင် မရှိ။ သို့သော် ဇရပ်ခြေရင်း `သီး´ပင် အောက်ဆီမှ ကလေးငိုသံ ကြားရသည်။ အငယ်ကောင့်အသံနှင့် တူသည်။ အသံလာရာသို့ လှမ်းကြည့်လိုက်ရာ ရဲရင့်စံကို ရိုက်ပုတ်နေသော မိမေ့။

`မလိုက်ချင်လဲ နေဟဲ့၊ သည်မှာ သေနေခဲ့´

ကလေးသည် ချွဲ၏။ နွဲ့၏။ အငယ်မို့အဆိုးကလေးပါ ဖက်၏။ မည်မျှဆိုးသော် ချွဲသော်ငြား မိမေ့သည် သားငယ်ကို သည်းခံသည်က များ၏။ သီတင်းသီလ စောင့်သုံး ထားသောအခါ ပိုပြီးနူးညံ့ရမည်။ သည်းခံခွင့်လွှတ်ရမည်။ ယခုသော်ကား လူကြားမှာပင် ရိုက်နှက်နေသည်။ အကြောင်းမည်သို့ ရှိသနည်း။

မိမေ့သားအမိထံ စံဝ သွက်သွက်လှမ်းလာပေမင့် မမီတော့။ ကလေးကို ဒရွတ်ဆွဲပြီး ခေါ်သွားသည်။

`မိမေ့တစ်ယောက် တော်တော်ခက်ပါလား´

ညည်းညူပြီး သူတို့ကို မီအောင် လိုက်လာ၏။ မီလုမီလုနှင့် လိုက်လာရာ အိမ်ရောက်မှသာ မီတော့သည်။

`ကဲ ဥပုသ်သည်၊ ဘယ်လိုဖြစ်သာတုံး´

မိမေ့မျက်နှာ စူနေသည်။

အင်္ကျီကိုသာ ချွတ်ထားပြီး လုံချည်ကို ရင်ရှားထားသည်။ မျက်နှာကို တစ်ဖက်

လွှဲထားရင်း `ဥပုသ်သည် ဘယ်လိုဖြစ်သာတုံးဆိုတာ တော်က မေးရမှာလား၊ ကျုပ်က မေးရမှာလား´မေးပြီး ဟီးကနဲ ငိုချလိုက်လေ၏။

`ဟင်း ဘယ်လိုဖြစ်သာလဲ၊ ဒုက္ခပါပဲဗျာ၊ ဟဲ့ မိမှေး မိမှေး´

အကြောင်းမှန် မသိသေးသဖြင့် ပုခုံးကို လှမ်းပုတ်မိသည်။ မိမှေးထံမှ စကားပြန် မရသဖြင့် ယုယုယယ ပုခုံးနှစ်ဖက်ကို ကိုင်မိပြန်သည်။

`နင် သည်လိုလုပ်ရင် ဥပုသ်တော့ ကျိုးတော့မှာပါပဲဟာ´

`ဇရပ်ပေါ်မှာ စိန်အိကို ဥပုသ်ကြီးနဲ့ ငမ်းကတည်းက ဥပုသ်ကျိုးခဲ့သာ မဟုတ်လားဟင်၊ ဘာ ခုမှလာပြီး ဟင်း´

မိမှေး ဖျတ်ကနဲလှည့်ပြီး ရန်တွေ့လိုက်ရာ စံဝမှာ `အမယ်လေးဗျာ´အော်လျက် ပက်လက်လန်သွားလေ၏။

`ဘာ အမယ်လေးဗျာလဲ၊ ရှစ်ပါးသီလယူထားပြီး အပြဟ္မစရိယ သိက္ခာပုဒ်တောင် မဟုတ်ဘူး၊ အဒိန္နာဒါနကိုတောင် ကျူးလွန်တော့ ဒီတစ်သက် ဥပုသ်စောင့်ဖြစ်ပါဦးမလား ကိုစံဝရဲ့´

`အေးဟာ၊ ဥပုသ်စောင့်စ မရှိတော့ အမှတ်တမဲ့နဲ့ စိတ်ကို လွှတ်ထားမိသာပေါ့ဟာ၊ သာပေမယ့် စိန်အိကို´

`တော်ပါတော့ ထမင်းစားရအောင်ပါ၊ ဟိုမှာ နွားနှစ်ကောင်ကို တင်းကုပ်ထဲ ရွှေ့ချေပါဦး´

စံဝ ခါးပန်းစွန်းမှ လျှောဆင်းလာသည်။

သူသည် ဥပုသ်ရှိသေးသည်လော၊ ကျိုးသွားပြီလော မဆုံးဖြတ်တတ်။ သို့ရာတွင်

သည်တစ်နေ့တာကို ကိုယ်စိတ်နှလုံး သုံးပါးလုံး မြိုးမြိုက်လျက် ဥပုသ်သည်တစ်ယောက်အဖြစ် ကုန်လွန်စေရန် စိတ်အားထက်သန်လျက် နေဆဲပင် ရှိပေ၏။

**၁၉၇၈၊ အောက်တိုဘာလ၊ ရှုမဝမဂ္ဂဇင်း**

## ထန်းပင်မြစ်နဲ့တသင်းသင်း

ငွေရွက်မှုန်သေးသေးကလေးများသည် မြရွက်ရင့်ယို မန်ကျည်းပင်အိုထိပ်ဖျားဆီသို့ တလူလူတလွင့်လွင့် ပြေးတက်သွားကြသည်။ မီးပြောင်း(မီးပလွေ)ကို လိုက်ဖက်သံပါအောင် ကုန်း၍ကုန်း၍မှုတ်လိုက်တိုင်း ငွေမှုန်ငွေရွက်အသွင် ပြာမှုန်ပြာဖတ်များက မီးဖိုထဲမှ လွင့်ကြွ ပျံတက်သွားကြပေသည်။ စံဝနှုတ်ခမ်းတွေ ခြောက်သွေ့လာပြီ။ မီးမှုတ်ရလွန်းသဖြင့် နှုတ်ခမ်း ခြောက်လာလေလေ၊ လေမထွက်လေလေ။ လေမထွက်လေလေ၊ မီးက မတောက်လေလေ၊ မီးလှုံချင်စိတ်က ပို၍ ပြင်းပြလာလေလေ။

မီးမတောက်သေးပါဘူးဆိုကာမှ မီးလှုံချင်လွန်း အားကြီးလာရသလို၊ အချမ်းကလည်း ပိုကဲလာသည် ထင်မိလေ၏။ သို့ကြောင့် စံဝမှာ ထင်းတုံးကို မီးပြောင်းထိပ်ဖြင့် ထိုးဖွဲ့မိ၏။ မီးပြောင်းမှာ စံဝတစ်လှည့်၊ မိမေးတစ်လှည့် မီးခဲခြွေရာတွင် အသုံးပြုဖန်များသည့်အတွက် တိုနေပါပြီ။ ရွဲ့နေပါပြီ။

ထင်းတုံးမှ မီးခဲများ ကြွေလာချိန်တွင် နီရဲသော မီးဖွားကလေးများ၊ ဝါကျင်သော မီးဖွားကလေးများ လွင့်တက်သွား၏။ ချမ်းပါသည် ဆိုကာမှ မြောက်ပြန်လေအေးက မထိတထိ ဖော့လိုက်သည်။ မန်ကျည်းပင်ထိပ်ဖျား ရောက်လုလု မီးဖွားကလေးများမှာ လေအေးကလေးကလူရာသို့ ယိမ်းပါသွားတော့သည်။

မီးဖွားကလေးတွေ လွင့်ပါသွားရာဘက်တွင်ကား နွားတင်းကုပ်။ ထန်းရွက်မိုးထားသည်။ ကောက်ရိုးဖြင့် ခေါင်ချုပ်ထားသည်။ မီး အင်မတန်ကြိုက်သောလောင်စာများ။ သို့သော် မီးဖွားနီနီဝါဝါကလေးများမှာ နွားတင်းကုပ်ပေါ်သို့ မရောက်မီပင် ငြိမ်းသွားသည်။ ပြာမှုန်အဖြစ်သာ ဆက်လက်လွင့်ပါးသွားတော့သည်။ မီးကျီးခဲများ ထပ်ခြွေပြီးနောက် စံဝ ကုန်း၍ကုန်း၍ မှုတ်သေး၏။ မီးကား မတောက်။ သစ်ခက်ကလေးတွေကြားမှ မီးခိုးတွေသာ အခဲလိုက်အဆုပ်လိုက် တွန့်ကာလိမ်ကာ၊ ဝေ့ကာဝဲကာ အူနေသည်။

စံဝ မောသွား၏။ မီးပြောင်းကို ပစ်ချလိုက်၏။ သူ့တစ်ခေါင်းလုံးလည်း ပြာမှုန်များကြောင့် ဖွေးဖွေးလှုပ်နေ၏။ မီးပွားစင်သဖြင့် လုံချည် တစ်ထည်လုံးလည်း ဆန်ခါပေါက်။

`မတောက်ချင်လဲ နေပေါ့ကွာ´

ထိုသို့ဆိုလိုက်တော့မှ ဟုန်းကနဲ အသံပေးကာ မီးထတောက်ချေတော့သည်။ မန်ကျည်းခက် သေးသေးကလေးတွေကို တဖျစ်ဖျစ် တဖြောက်ဖြောက် အသံပေးကာ တောက်လောင်တော့သည်။ သစ်ကိုင်းအလတ် အရွယ်ကလေးတွေကို ချိုးဖွဲ့ထည့်သည်။ လက်မောင်းအရွယ် ထင်းစ သုံးလေးချောင်းကို မသိမသာကလေး မေးတင်ထားလိုက်သည်။

ထင်းစကို မီးဖိုထဲသို့ တစ်ခါတည်း ထိုးထည့်လိုက်ပါက မီးကို ဖိသတ်လိုက်သလိုဖြစ်ကာ မီးငြိမ်းသွားနိုင်သည်။ ထို့ကြောင့် မေးတင်ထားရခြင်းဖြစ်သည်။ မီးတောက်ပြီဖြစ်သဖြင့် စံဝ စိတ်ချလက်ချ ထလိုက်သည်။ ကိုယ်ပေါ်တွင် ပတ်ထားသော `ငါးစပ်စောင်´ကြီးက အမြိတ်တဖွားဖွားဖြင့် ဝဲလွင့်လျက် လိုက်ပါသွား၏။ ငါးစပ်စောင်အမြိတ်များတွင် ကောက်ရိုးမျှင်တွေ၊ ထန်းပင်မြစ်ခွံတွေ၊ သစ်ရွက်တွေ စသည်ဖြင့် စံဝ ထိုင်မိသောနေရာတွင် ရှိသမျှ အမှိုက်တွေ ခိုတွဲကာ လိုက်ပါသွားကြပေ၏။

စံဝသည် ငါးစပ်စောင်ကြီးတဖားဖားဖြင့် ရေနွေးအိုးကို ယူလာပြီး မီးဖိုပေါ်တွင် ချိတ်ဆွဲလိုက်၏။ မန်ကျည်းပင်ကိုင်းတွင် ချည်နှောင်ထားသော သံကြိုး၏အဖျားတွင်

သံချိတ်ရှိသည်။ သည်သံချိတ်တွင် ရေနွေးအိုးကို ချိတ်ဆွဲထားလိုက်ခြင်းဖြစ်သည်။

အရုဏ်ကာလ အမှောင်ရိပ်သည် အပြေးအလွှား ပျက်ပြယ်လာနေပေသည်။ အမှောင်အောက်မှ လိမ္မော်ရောင် မီးတောက်မီးညွှန့်များသည် မည်းကြုတ်နေသော သံရေနွေးကရားကို ဝိုင်းဝန်းဝါးမျိုထားကြသည်။ အိမ်လေ့ကားရင်း မှောင်ရိပ်တွင် စံဝ တချွတ်ချွတ် နှိုက်ဖွနေ၏။ ခဏကြာလျှင် ထန်းပင်မြစ်များကို အဖျားပိုင်းမှ ဆုပ်ကိုင်လျက် မီးဖိုနား ပြန်ရောက်လာပေ၏။

မီးရှိန်ကို အားပေးမည့် ထင်းချောင်းများမှာ အရှိန်ရလာပြီး အားကောင်းကောင်းနှင့် တောက်လောင်နေကြ၏။ စံဝက သည်ထင်းချောင်းများ၏ ကြားနေရာတွင် ထန်းပင်မြစ်များကို စီသွင်းလိုက်၏။ မီးကျီးပေါ်လည်း မရောက်၊ မီးတောက်ပေါ်လည်း မရောက်စေဘဲ ပြာပူ အပူဓာတ်ရရုံကလေးသာ ဖြစ်သည်။

စံဝ ပြန်လည်ထိုင်မိချိန်တွင် လှေကားအတိုင်း မည်းမည်းအရိပ်တစ်ခု ဆင်းလာ၏။ မိမေ့ဖြစ်သည်။ မီးရောင်၏ အလင်းရောင်ကို မခံနိုင်သဖြင့် မျက်လုံးကို ဖွင့်ချည်ပိတ်ချည် လုပ်ရင်း ချဉ်းကပ်လာသည်။

`မီးဖိုထဲကျသွားရင်တော့နော်၊ ငါက ဆွဲမှာ မဟုတ်ဘူး၊ ထိုင်ကြည့်နေပြီး ကျက်တော့မှ ဖဲ့ဖဲ့ပြီး ရေနွေးနဲ့ မြည်းမှာဗျား´

စံဝ၏ ရွှန်းပြက်သော ကြိုဆိုသံကို မိမေ့က တုံ့ပြန်လိုက်၏။

`စောစောစီးစီး ဒါလောက်ပဲ ငတ်ကြီးကျရသလား´

သည်မျှပြောရရုံဖြင့် အားမရသေးဘဲ ပုခုံးချင်း တိုးဆောင့်ကာ လူချင်း ပူးကပ်ထိုင်ချလိုက်လေ၏။ စံဝ ဖင်ခုထိုင်ထားသော တုံးအစွန်းပေါ်သို့ မိမေ့ နေရာတကျ ထိုင်မိလျှင် စံဝကလည်း ပုခုံးဖြင့် ပြန်တွန်း၏။

`ကြည့်စမ်း ကြည့်စမ်း၊ သူများ လိမ့်ကျတော့မယ်´

ပြောကာ မိမေ့က ပြန်တွန်းပြန်သည်။ မိမေ့က ပြန်တွန်းလိုက်၊ စံဝက ပြန်တွန်းလိုက်နှင့် နှစ်ကိုယ်ကြားလည်း ကျိတ်၍ ရယ်မောနေကြသေး၏။ လေးငါးခါက်လောက် အပြန်အလှန် တွန်းမိသွားသောအခါ မိမေ့ ပြန်မတွန်းနိုင်စေရန် စံဝက တအားဖိထားသည်။ မိမေ့ ပြန်တွန်းသည်။ သို့ပေမယ့် တုံးစွန်းမှ မိမေ့ လိမ့်ကျသွားသည်။

`ဒီမှာ ဖုန်တွေ ပေကုန်ပြီ တော်ရဲ့´

သို့သော် ဤတုံးစွန်းပေါ်သို့ မိမေ့ ပြန်မတက်နိုင်စေရန် စံဝက ဖိရုံသာ မဟုတ်၊ တွန်းသည်။ တွန်းရုံဖြင့် အားမရ၊ ရွှေ့လာသည်။ မိမေ့က စံဝ၏ ပုခုံးကို ထုသည်။ လက်မောင်းကို ထုသည်။

တဟဲဟဲရယ်မောသံမှာ မြောက်ပြန်လေပြည်နှင့် ရောနှောက်လွင့်မျောသွား၏။ မည်သို့မျှ ထု၍ရိုက်၍မရသည့်အဆုံးတွင် မိမေ့မှာ စံဝ၏ ပျော့ကွက်ကို ရှာရ၏။ ချက်ချင်းပင် ချိုင်းကြားကို လက်ငါးချောင်းဖြင့် နှိုက်ကုတ်လိုက်တော့သည်။ အကျီထဲ ကြွက်ဝင်သောနယ် စံဝ ထိုးထိုးထွန့်ထွန့် ဖြစ်သွား၏။ တဟီးဟီး တဟားဟား ရယ်၏။ မလုပ်ရန် အော်၏။

`ကဲ ဟုတ်သလား´

ပေါ်လာသောနေရာတွင် မိမေ့ ဝင်ထိုင်၏။ အပြောနှင့်အပြုံ လှုပ်ရှားလိုက်သော မြတ်နိုးခြင်း မျက်စောင်းကလေးမှာ မီးရောင်ဖြင့် တောက်ပသွားလေ၏။

`ငါ့ကို ကလိထိုးသာ ဘာရမလဲ´

စံဝက သူ့စောင်တစ်ပိုင်းကို ဖြန့်သည်။ မိမေ့ကို အုပ်ခြုံပေးကာ ပူးကပ်ဖက်ထားလိုက်သည်။

`လမ်းသွားလမ်းလာတွေ မြင်ကုန်လိမ့်မယ်´

`အံမယ် သည်အချိန်ကြီး ဘယ်သူတွေက လာမြင်မှာလဲ´

`တော့်သာ သည်အချိန်ကြီးလုပ်နေ၊ ဝါးလုဲဖို့ သွားသဲ့လူတွေ သွားကုန်ပြီ´

`အေးဟ´

မိမေ့းအားဖက်ထားသော လက်တစ်ဖက်ကို လွှတ်လိုက်သည်။ တိုပြီး နောက်ဆုတ်လာသော ထင်းစများကို မီးဖိုထဲသို့ တွန်းသွင်းပေး၏။ လက်ကောက်ဝတ် မရှိတရှိ ထင်းချောင်းတစ်ချောင်းမှာ ထိပ်တွင် ပြာဖုံးကာ ငြိမ်သက်နေ၏။ မီးမလောင်သော ဘက်တွင်မူ `ထင်းဆီ´များ တရွဲရွဲ မြည်ကာ ထွက်နေပေ၏။

`အေးဟ၊ တို့လယ်လည်း ဝါးလုဲရတော့မှာပါကလား´

`ဘယ်စည်းနဲ့ ပြောထားလဲ´

`သမဝါယမစည်းပေါ့ကွာ´

`သာဖြင့် ရက်သွားတောင်းချေတော့လေ´

`မင်းပြောမှ သတိရသယ်ကွာ´

`တော်သတိရတာ ဘာများရှိလဲ´

ရေနွေးကရားနှုတ်သီးမှ ရေများ လျှံကျလာသည်။ အရှိန်ကောင်းနေသော မီးတောက်သည် ဒေါသတကြီး အော်လိုက်ပြီး ရုတ်ချည်း အားလျော့သွားသည်။ ပြာမှုန်များ အဆုပ်လိုက် ထလာသည်။ စံဝသည် ရေနွေးကရားကို ကပျာကယာ မီးဖိုနှင့်လွတ်အောင် ဖယ်လိုက်သည်။ ချိတ်မှ ဖြုတ်သည်။ ထင်းစတချို့ကို တွန်းဖယ်ပြီး မီးဖိုအလယ်မှ မီးကျီးခဲ

သုံးလေးခဲ ယက်ထုတ်လိုက်သည်။ သည်မီးကျီးခဲစုပေါ်တွင် ကရားကို တင်ထားရင်း စကားကို ဆက်သည်။

`ရိတ်ချိန် နယ်ချိန်မှာပါ မိုးလွတ်ရင်တော့ မနစ်ကထက် အထွက်သာမှာပဲကွ´

`ပိုထွက်ရင် ကောင်းသာပေါ့တော်၊ တော့် သမစည်းက ရက်ရရင်သာ၊ ဆီးဖြူသီး ရှာချိန်ဖွေချိန်ရအောင် ကြိုကြိုတင်တင်ကလေး´

မန်ကျည်းပင် ခြေရင်းဘက်သို့ စံဝ နောက်ပြန်နှိုက်နေရသဖြင့် မိမှေးကို ပြန်မပြောနိုင်။

`မောင်းမကြိုခင် ရက်ရရင်တော့ ကောင်းမှာပဲကွာ´

ပြောရင်း သူ့လက်ထဲတွင် ဖန်ဘူးတစ်ဘူး ပါလာသည်။ လက်ဖက်ခြောက်ဘူး ဖြစ်သည်။ ကရားထဲ လက်ဖက်ခြောက်ခတ်နေစဉ် သားငယ်၏ အော်ခေါ်သံကို ကြားရ၏။ မိမှေး အသံပေးလိုက်ပြီး မကြာမီ သမီးကြီးနှင့် သားငယ်တို့သည် အိမ်ရှေ့သို့ ရောက်လာကြ၏။

`အိမ်မှုန်စုံမွှားနဲ့ လိမ့်ကျမယ်၊ သမီးရေ မောင်လေးလက်ကို ကိုင်ပေးလိုက်စမ်း´

သမီးကြီးလုလုက စပ်လုံချည်ကလေး ဝတ်ထား၏။ မအေဖြစ်သူ ထဘီချုပ်စဉ်က တစ်ထည်ချုပ်တိုင်း တစ်ထွာဆုတ်ထားခဲ့ရာမှ စုလိုက်သောအခါ ကလေးဝတ် `စပ်ထဘီ´တစ်ထည် ဖြစ်လာရပေ၏။ ထိုလုံချည်နှင့် ရှင်မီးအင်္ကျီနှင့်။ သားငယ် ရဲရင့်စံကား ပေကျံစ အင်္ကျီတစ်ထည် ဝတ်ထား၏။ သို့သော် ခါးအောက်ပိုင်းတွင်မူ ဟောင်းလောင်း။ အမှောင်ပြယ်ပေပြီ။ သို့ကြောင့် ကလေးနှစ်ယောက်၏ လက်မောင်း စသည် ပေါင်စသည် တို့တွင် ကြက်သီးထနေသော အဖုကလေးတွေကို မြင်နေရသည်။

`အိပ်ရာထဲမှာ စောင်နဲ့ ကွေးနေပါလား သားရယ်´

ကလေးနှစ်ယောက်သည် မီးဖိုနားကပ်လာပြီး ထိုင်စရာရှာပြီး မထိုင်၊ မအေ့ရင်ခွင်ထဲ လုယက်ဝင်ကြသည်။ အကြီးမက ခြေတံရှည်သောကြောင့် အငယ်ကောင် နောက်ကျ သွားသည်။

`လူလေးက အဖေ့ဆီလာ´

ရင်ခွင်လုမည် စိုးသည့်အတွက် စံဝက လှမ်းခေါ်၏။ ဟင့်အင်း ဟင့်အင်းဆိုကာ အငယ်ကောင် ခေါင်းယမ်းသည်။ ခြေဆောင့်သည် ဆောင့်သော ခြေတစ်ဖက်သည် မီးဖိုဘေးသို့ လိမ့်ဆင်းနေသော ပြာပူခဲကလေးတစ်ခဲကို ဆောင့်နင်းမိသည်။ အားကနဲ အော်ပြီး မအေကို ခုန်ဖက်လိုက်သည်။ မိမေ့းရော ကလေးနှစ်ယောက်ပါ မြေကြီးပေါ် ပက်လက်လန်လဲကျသွား၏။ စံဝ လှမ်းဖမ်းသော်ငြား မမိ။

`ပူသယ် ပူသယ်´

ရဲရင့်စံ၏ ငိုသံသည် ကျွတ်ကျွတ်ညံနေပေ၏။ မိမေ့းသည် သမီးကြီး လှလှအား တွန်းပစ်၏။

`ကိုယ့်မောင်လေးရယ်လို့ မညှာဘူး၊ ငါလုပ်လိုက်ရ သေတော့မယ်´

`သမီးလာ အဖေ့နား လာထိုင်´

စောစောက အဖေခေါ်လျှင် လာမည်မဟုတ်။ ယခု အဖေခေါ်လိုက်သောအခါ ညှိုးနေသော မျက်နှာမှာ ဝင်းသွား၏။ စံဝဘေးသို့ စွေ့ကနဲ ရောက်သွားပေ၏။

`သားရေ တိတ်ပါကွာ၊ မင်းနင်းမိသဲ့ဟာက မီးခဲ မဟုတ်ပါဘူး၊ ပြာပူအလုံးကလေးပါ။ အဖေ ထန်းပင်မြစ် ခွာပေးမယ်ဟေ့´

စောစောက ထိုးထားခဲ့သော ထန်းပင်မြစ်များကို ဆွဲယူလိုက်သည်။ နီးပြား တစ်ချောင်းဖြင့် ခြစ်ချရာ အခွံသင်ပြီးသား ဖြစ်သွားသည်။ ရွှေရောင် ထန်းပင်မြစ် အသားသည် စားချင်စဖွယ် တဝင်းဝင်း၊ အနံ့တသင်းသင်း။

`ရော့ သမီး´

ခေါင်းချိုးပြီးသော တစ်ချောင်းကို သမီးကြီးအား လှမ်းပေးသည်။ သားငယ် ရဲရင့်စံ အတွက်ကား အခွံခွာပေးရုံဖြင့် မပြီးသေးပါ။ ပါးစပ်ထဲ ခွံ့နိုင်အောင် လုပ်ပေးရမည်။ သို့ကြောင့် ထန်းပင်မြစ် အမြီးဖျားပိုင်းကို သူ့ရှိပြီးဖြစ်သော အရာအတိုင်း ထက်ခြမ်း ဆွဲခွာလိုက်သည်။ အခြမ်းနှစ်ခြမ်း၏ အလယ်တွင် ဆင်စွယ်ဆံထိုးလိုလို၊ ဘောပင်မင်ချောင်း အရွယ် အူတိုင်ကလေး ပေါ်လာသည်။

စံဝက အူတိုင်ကလေးကို ထင်းတုံးပေါ် တင်ထားပြီး ထန်းပင်မြစ်တစ်ခြမ်းကို ထပ်မံခွဲစိတ်သည်။ လက်တစ်ဆစ်ရွယ်ကလေးတွေ ဖြစ်အောင်ချိုးသည်။ ချိုးဖွဲ့တိုင်း တန်းတွဲလျက် ထွက်ပေါ်လာသော အမျှင်များကို သုတ်သင်ပြီးမှ သားထံ လှမ်းပေးသည်။ မိမှေးလည်း ငြိမ်ငြိမ်ထိုင်နေသည် မဟုတ်ပေ။ မီးကျွမ်းထားသော ထန်းပင်မြစ်များကို တုတ်တစ်ချောင်းဖြင့် ခြစ်ချကာ အခွံခွာနေ၏။ အခွံခွာပြီးသွားလျှင် သူလည်း ချိုးဖွဲ့ပြီး စားသည်။ ရင်ခွင်ထဲမှ သွားအတွက်လည်း ကလေးပါးစပ်နှင့်လိုက်အောင် သေးသေးကလေး ချိုးဖွဲ့ကာ ခွံ့ပေး၏။

စံဝရှေ့တွင် လက်လေးသစ်ခန့်မြင့်သော ခုံကလေးတစ်ခုံ ရှိ၏။ ခုံပေါ်တွင် စီထားသော အကြမ်းပန်းကန်များထဲမှ ရေနွေးငွေ့များ တလူလူ တလိမ့်လိမ့် ထွက်နေ၏။ ထန်းပင်မြစ်အချို့ကို ဝါးပြီး မျိုချလိုက်၊ ရေနွေးမှုတ်သောက်လိုက် လုပ်ရင်း ငိုက်မျည်း နေပေ၏။ သို့စဉ်တွင် မိမှေး အသံကြောင့် မျက်လုံးဖွင့်လိုက်ရ၏။

`ထန်းပင်မြစ် ကုန်ပြီလား ဟင်၊ သည်မှာ `တီကိုက်´တွေပဲ ရှိတော့သယ်´

မိမှေးသည် စံဝကို လှမ်းပြောရင်း စားလက်စ ထန်းပင်မြစ် တစ်ခြမ်းသာသာကို

ထင်းတုံးကြီးပေါ် တင်လိုက်သည်။ အခွံမခွာရသေးသော သုံးချောင်းမျှလည်း အခွံမီးဖျားများ ကြွပ်ကော့နေ၏။

ထန်းစေ့ထဲမှ အညှောက်ထွက်လာပြီး ထန်းပင်မြစ်ဟု စံဝတို့ ခေါ်နေသော ထန်းပင်ငယ်ကလေး ဖြစ်ရန် အပင်လုပ်စဉ်တွင် တီကောင်နှင့် ပိုးတီကောင် စသည်တို့ ဖျက်ဆီးတတ်သည်။ တီကိုက်မခံရသော ထန်းပင်မြစ်မှာ အဖျားပိုင်း သေသပ်လှပနေသည်။ တီကိုက်ခံရသော ထန်းပင်မြစ်မူ အတွင်းသားနှင့် အခွံများ သေသပ်စွာ ကပ်မနေချေ။ အခွံ၏ အတွင်းမျှင်များ ပုပ်ချွဲနေသည်။ စားရာတွင်လည်း ပုပ်စော်နံသည်။

`သွားတူးချေဦးလတော်´

`ဟာကွာ ချမ်းက ချမ်းနဲ့´

မိမေ ဘာမျှ ထပ်မပြောတော့။ မျက်စောင်းတစ်ချက်ထိုးလိုက်ကာ နှုတ်ခမ်းကို စူထားသည်။ ထင်းချောင်းတွေကို မီးဖိုထဲ ဆောင့်ထိုးသည်။ ပြာမှုန်များ တသောသော လွင့်တက်ကြ၏။

`ကဲကွာ ကဲကွာ ငါ့ကို စိတ်ဆိုးပြီး မီးဖိုကို မမဲပါနဲ့၊ ကလေးတွေ တစ်ကိုယ်လုံး ပြာတွေ ပေကုန်ပါပြီ´

စံဝ ငါးစပ်စောင်ကြီးကို ခွာပြီး မန်ကျည်းပင်ခွကြားသို့ ပစ်တင်လိုက်၏။ သမီးကြီးက မော့ကြည့်ပြီး ထရပ်သည်။ ထိုအခါ အငယ်ကောင်ကပါ အားကျမခံ ...

`နော်ယဲ ယိုက်မယ်´

`သိပ်ချမ်းသယ် သားရဲ့၊ ဂပ်ဂပ်ဂပ်ဂပ်ဖြစ်နေမယ်´

စံဝက ကုပ်ချောင်းချောင်းနေပြပြီး ချမ်းအေးတိုက်နိုက်ဟန် လုပ်ပြ၏။ ရဲရင့်စံ

တခစ်ခစ် သဘောကျလျက် ကျန်နေခဲ့၏။

`သမီးရေ တူးရှင်းယူခဲ့ပေ့ါ၊ ခြေထောက်ပေါ်လည်း ကျမနော်´

ခြံထောင့်တွင် ထန်းပင်မြစ်ကျင်းရှိသည်။ တူးဖော်လက်စနေရာကို ဆီးခက် အုပ်ထားသည်။ အခြားသူများ အလစ်ဝင်ပြီး အလွယ်တကူ မတူးဖော်နိုင်စေရန် ဖြစ်၏။ မြေမှာ `မြေမ´ဖြစ်သည်။ သို့ကြောင့် နက်မှောင်နေသည်။ လှန့်ခါးလောက်နက်သော ကျင်းမြေသားများမှာ နက်ပြောင်နေပေသည်။

ပြန်ဖို့ထားသော မြေပွများကို ဖယ်လိုက်သောအခါ ထန်းပင်မြစ်များ အချောင်းလိုက် စီရီနေကြသည်။ အောက်ခြေမှ လိုဏ်ခေါင်းဖြစ်အောင် တူးပေးပြီး အပေါ်မှ ဖြိုချလိုက်ရာ ထန်းပင်မြစ်များမှာ ထန်းစေ့မှုတ်များ တန်းလန်းဖြင့် ပြိုဆင်းလာကြ၏။

ညာဘက်ပြိုနေသောနေရာကို သမီးကြီးက သိမ်းဆည်းလျင် စံဝက ဘယ်ဘက်ကို ရွှေ့ပြီး ဖြိုချသည်။ လှလှက ထန်းစေ့များကို ဆွဲဖြုတ်သည်။ ထန်းပင်မြစ်ကို တစ်ချောင်းပေါ် တစ်ချောင်း စီထပ်၍ ထန်းစေ့မှုတ်ကို ကျင်းပေါ်ပစ်တင်သည်။ သည်ကြားထဲမှ တစ်ချောင်းမှာ ကိုင်လိုက်ရုံနှင့် ထန်းစေ့မှုတ်မှ ပြုတ်ထွက်သွားကာ အရည်တွေ ဝေါကနဲ ထွက်လာသည်။ သူနှင့်တွဲနေသော ထန်းပင်မြစ်မှာလည်း အခွံနှင့် အတွင်းသား တွယ်ကပ် မနေသော အပုပ်ဖြစ်သည်။ နောက်ထပ်နှစ်ချောင်း ထပ်တွေ့ရပြန်သည်။ အပုပ်မဟုတ်။ တီကိုက်ဖြစ်သည်။ ထန်းပင်မြစ် အမြီးဖျားတစ်ဝက်လောက်မှ ဒဏ်ရာရှိသည်။ တွဲနေသော ထန်းစေ့မှာလည်း အခြားအစေ့များထက် လေးလံသည်။

လှလှ သဘောကျသွား၏။ နေ့လယ်နေ့ခင်းတွင် ဤထန်းစေ့ကို ခွဲစားမည်။ အထဲတွင် အုန်းဆံခြည်ထွေးထက်ချိုသော ထန်းဆံခြည်ထွေး ရှိသည်။ အသားတွေ ကုန်အောင် အညှောက် မဖြစ်လိုက်ရသောကြောင့် ကျန်သော အသားများဖြစ်၏။

ထိုစဉ်တွေ မြေကြီးထဲမှ ထန်းစေ့သုံးစေ့ တွေ့ရ၏။ ထန်းပင်မြစ်နှင့် တွဲမနေ။

လက်နှစ်ဆစ်မျှသာ ရှည်သော အညှောက်ဖွေးကလေးတွေဖြင့်။

`အဖေရေ စားကြောကြီးတော့´

ဤထန်းစေ့များမှာ အညှောက်ဆင်းရန် နေရာပေး၍ဖြစ်စေ၊ အညှောက်သွားရန် နေရာမရှိ၍ဖြစ်စေ၊ အပင်မလုပ်လိုက်ရဘဲ တန်းလန်းကျန်နေခဲ့ရခြင်းဖြစ်၏။ ယင်းတို့ကို ခွဲပြီးစားလျှင် ထန်းဆံချည်ထွေးမှာ တီကိုက် ထန်းဆံခြည်ထွေးထက် ချို၏။ ကြီး၏။ အပင်အတွက် အသားများ ထုတ်မပေးရသောကြောင့် ဖြစ်၏။

သည်အညှောက်ပေါက်မှာ ဆံခြည်ထွေးသာလျှင် ကောင်းသည် မဟုတ်သေး။ ဆံခြည်ထွေးကို ခြုံထားသော ထန်းသီးဆန်မှာလည်း အုန်းသီးဆန်လောက်နီးပါး ကောင်း၏။ ထို့ကြောင့် ကလေး ဝမ်းသာနေခြင်း ဖြစ်၏။

`သမီးရေ တော်ကြစို့ဟေ့´

ရွာခရိုးဆီကို မျှော်ကြည့်ရင်း ထရပ်လိုက်၏။ စံဝမျှော်ကြည့်ရာဘက်တွင် မှိုင်းမှောင်နေသည်။ ညဥ့်အချိန်တွင် ကောင်းစွာမကျခဲ့သော နှင်းသည် ယခုမှ ခဲခဲသိပ်သိပ်ကြီး ကျလာပြီး လေကလည်း ထိုနှင်းအုံနှင်းခဲကို တွန်းရွှေ့နေ၏။ မိုးလည်းမကျ၊ နှင်းလည်း မကသော နှင်း။

သည်နှင်းမိလျှင် အအေးပတ်နိုင်သည်။ မည်သူပင် ဖျားနာသည်ဖြစ်စေ၊ ရိတ်ချိန်သိမ်းချိန်ကြီးတွင် မည်သူမျှ နာမကျန်းအဖြစ်မခံနိုင်။ သမီးက ထန်းပင်မြစ်တွေပွေ့၍ အဖေက သံတူးရွင်းထမ်းကာ ပြန်လာခဲ့ကြ၏။ စံဝမှာ မီးဖိုသို့ မသွားနှင့်သေး။ နွားတင်းကုပ်ထဲ ဝင်ခဲ့ရ၏။ တစ်ညလုံး စွန့်ပစ်ထားသော အညစ်အကြေးထဲတွင် မနေလိုသဖြင့် ထရပ်နေကြ၏။ အပြင်ကိုလည်း လှမ်းလှမ်းကြည့်နေကြ၏။

သို့ကြောင့် နွားနှစ်ကောင်ကို `စောင်ချမ်းပင်း´အောက်သို့ ရွှေ့ပေး၊ နွားချေး ကျုံးပေးပြီးမှ မီးဖိုသို့ ပြေးလာနိုင်သည်။ မီးဖိုသို့ လူက မရောက်သေး၊ လက်နှစ်ဖက်က

အလျင်ရောက်နေပြီး မီးတောက်ပေါ်တွင် လက်ဝါးနှစ်ဖက်ကို မှောက်ချေလှန်လှည့် လေးငါးကြိမ်လုပ်ပြီးမှ လက်ဖက်ရည်ကြမ်းတစ်ခွက် ငုံ့သောက်လိုက်သည်။ တစ်ပြိုင်နက်ပင် သားငယ်ကို လှည့်ကြည့်မိ၏။ တဟားဟား ရယ်မိရတော့၏။ အရယ်ခံရသော သားငယ်မှာ မျက်လုံး ပုတ်ခတ်ပုတ်ခတ် လုပ်နေ၏။ ခေါင်းပေါ် နင်းကျမည်စိုး၍ မအေက စောင်ဖြင့် ဖုံးထားသော သားငယ်မှာ မျက်လုံး ပုတ်ခတ်ပုတ်ခတ် လုပ်နေခါမှ ပိုပြီးရယ်စရာ ကောင်းလာ၏။

`ဘာရယ်သာလဲ တော်ရဲ့´

မေးရန်းမြန်းရင်းဖြင့် သားကို ငုံ့ကြည့်ကာ မိမေးလည်း ရောနှောကာ ရယ်လေ၏။ ယခုနှယ် အေးသောရာသီတွင် ကလေးတွေ နှာစေး စမြဲ၊ နပ်ထွက်စမြဲ။ ရဲရင့်စံမှာ မအေညှစ်ပေးမှ နပ်ကို မှုတ်ထုတ်၏။ သူ့ဘာသာသူ ဆိုပါက ထွက်လာသောနပ်ကို ပါးပေါ်သို့ ဆွဲပွတ်ပစ်လိုက်၏။

ပါးပေါ်တွင် နပ်ကို အကြိမ်ကြိမ် သုတ်လိမ်းသောအခါ အရောင်ထွက်ပြီး ပြောင်လက်နေ၏။ မျက်နှာကို လေအေးတိုက်လိုက်၊ မီးလှုံစဉ် အပူဟပ်လိုက်နှင့် ပါးပြင်မှ နပ်မှာ ပပ်ကြားအက်လာ၏။ မီးခိုးသင့်၍ မည်းလာပြန်၏။ ထန်းပင်မြစ်ကို အိုးမည်းပေလိုက်၊ ထိုပေသောလက်ဖြင့် နပ်သုတ်လိုက် လုပ်ပြန်လေရာ နပ်ပက်ကြားအက်မှာ မည်းနက်လာ၏။ တစ်နည်းသော် နှုတ်ခမ်းမွေးဆွဲထားသည် ထင်ရ၏။ အမေ့ရင်ခွင်ထဲက သုံးနှစ်သားမှာ နှုတ်ခမ်းမွေး မည်းမည်းကြီးနှင့် ဖြစ်နေသောအခါ မြင်ရသူတိုင်း ရယ်မောတော့သည်။

သားငယ်၏ လက်ထဲတွင် ငှက်ရုပ်ကလေးရှိ၏။ ထန်းပင်မြစ်အူတိုင်ကို ဖြန့်လိုက်လျှင် ထန်းရွက်ပိစိကွေးကလေး ဖြစ်လာ၏။ ယင်းကို ပုံမပျက် စိတ်ဖြာပြီး မိမေး ယက်လုပ်ထားခြင်း ဖြစ်သည်။ သားချော့ကစားစာ တစ်မျိုးပေပေ့။ ထန်းပင်မြစ်စားလိုက်၊ ရေနွေးကြမ်း သောက်လိုက်နှင့် စံဝတစ်ယောက်တည်းပင် ဆယ်ချောင်းထက် မနည်းတော့ပေ။ သို့သော သူ့ဗိုက်မှာ ပြည့်လာသည် မထင်။ သို့ဖြင့် `ထမင်းကြမ်း

ကျန်သေးလားဟ´ဟု မေးမိသည်။

`ဘယ်ကလာလို့ ကျန်ရမှာလဲ၊ တော့်သမီးတောင် ကောင်းကောင်းမဝဘူးဆိုပြီး ထပ်ချက်ပဲ့ါမယ် တကဲကဲလုပ်နေလို့ ငေါက်ထားရသာ´

`သမီးလေး ဆန်ဆေးတောင်းလေးယူပြီး ဘတို့အိမ် သွားမေးစမ်း၊ ထမင်းကြမ်း ကျန်ရင် ယူခဲ့´

စံဝတို့မှာ မိမှေးမိဘများ အိမ်ဝိုင်းထဲတွင် အိမ်ခွဲနေသူများဖြစ်ရာ `ဘ´ဆိုသည်မှာ မိမှေးအဖေကို ရည်ရွယ်ခြင်းဖြစ်ပေ၏။ ဆန်ဆေးတောင်းကလေးကိုင်ကာ သမီးကြီးလုလု ပြေးသွားသည်။ ခဏကြာလျှင် လေးလံသော အရာတစ်ခုကို ထည့်လျက် ပြန်ပြေးလာ၏။ တောင်းနှုတ်ခမ်း စောင်းရွဲ့နေသည်ကို မြင်ရုံဖြင့် လက်သီးဆုပ်အောက်မငယ်သော ထမင်းကြမ်းခဲ ရလာပြီဟု သိ၏။ သိသည်နှင့် တစ်ပြိုင်နက် စံဝ စောင်ကို ခွာပစ်သည်။ မျက်နှာသစ်သည်။

ထိုအခါကျမှ ကလေးတွေရော မိမှေးပါ မီးဖိုဘေးမှ ပြာနကလေးတွေ တို့ကာတို့ကာ သွားတိုက်ကြသည်။ မျက်နှာသစ်ကြသည်။ မကြာမီ မီးဖိုဘေး ထမင်းဝိုင်းကို ကျွက်ညံ ကျွက်ညံနှင့် ဆင်နွှဲကြ၏။ အငယ်ကောင်ကက ထမင်းကို ယူမစား၊ အမေခွံ့မှ။ အမေက အလျှဉ်မီအောင် မခွံ့သော် ငို၏။ လုလုယက်ယက် ထမင်းဝိုင်းတွင် ဟင်းတစ်ခွက်သာ ပါ၏။ နမ်းဆီကလေး ပါလေကာ ဆမ်းထားသော ငါးပိဖုတ်အကျန် ဖြစ်၏။ ငါးပိဖုတ် ပန်းကန်ကို အုတ်ခဲပေါ်တွင် တင်ထားကာ၊ လက်ကလေးဖြင့် တို့လိုက်၊ ထမင်းကို သုတ်လိုက်၊ ထမင်းကို အခဲလိုက် ခွံ့လိုက်ဖြင့် လက်များ ရှုပ်ထွေးနေ၏။

နေထွက်ချိန်တန်ပြီ။ နှင်းမကွဲသေးသဖြင့် ချမ်းဆဲ တုန်ခိုက်ဆဲသာ။ သို့ပေမယ့် စံဝ မနေသာ။ ရေနွေးသုံးလေးခွက်ကို အပြေးအလွှား သောက်ပြီး ထရပ်လိုက်၏။

`ခုမှပဲ နေသာထိုင်သာ ရှိသွားသယ်ပော့၊ ကဲ နွားစာစဥ်းပြီးသား မရှိရင်

တစ်ခါကျွေးလောက် စဉ်းလိုက်အုံးဟေ့၊ ကျန်သာတော့ ငါပြန်လာမှ စဉ်းတော့မယ်´

စံဝ ပုဆိုးစုတ်တစ်ထည်နှင့် တံစဉ်ကို လှမ်းဆွဲသည်။ မိမေ့ မော့ကြည့်သည်။

`ကောက်ရိတ်စဉ်း ရက်ချိန်းယူဖို့ကော´

`အဲသည်ကို တစ်ခါတည်း ဝင်သွားမယ်ဟာ၊ ပြီးတော့မှ လယ်ပြင်သွားပြီး မြက်ရိတ်မယ်လေ´

တဖြောဖြောနှင့် အားကောင်းနေဆဲရှိသော နှင်းမှုန်တွင်းသို့ စံဝ တိုးဝင်သွားသည်။ မိမေ့တို့ သားအမိသုံးယောက်ကား မီးဖိုဘေးမှ မခွာသေး။ ဖုတ်ပြီးသား ထန်းပင်မြစ်များလည်း မကုန်သေး။

**၁၉၇၈၊ ဒီဇင်ဘာ၊ ရှုမဝ မဂ္ဂဇင်း။**

## မင်းမြောက်တန်ဆောင်ါးပါးနှင့်လူ

အရှေ့အရပ်တွင် ကာရံထားသော ပိန်းပိန်းမည်းနေသည့် ကားချပ်ကြီးမှာ ကြက်ဥကွဲသလို ရုတ်ချည်း ကွဲကြေသွားသည်။ သည်ခဏဝယ် ပတ္တမြားလျှပ်ပန်းနွယ်သည် ပေါ်ထွက်လာလေတော့သည်။

မရေးမနှောင်းမှာပင် ကန်စွန်းပင်လှမှ တစ်မိုင်ပျော့ပျော့ဝေးသော ရှားပင်လှ ကျောင်းမှ တုံးကြီးခေါက်သံသည် တစ်ချက်ချင်း မှန်မှန်ကလေး ထွက်ပေါ်လာ၏။ တုံးကြီးခေါက်သံသည် တဖြည်းဖြည်း မြန်ဆန်လာခဲ့၏။ အသော့နှင်လာ၏။ တစ်ဖန် နှေးကွေးလေးလံသွားကာ ပျောက်ကွယ်လုလုတွင် သာယာသော `ထိုးစည်´နက်သံ လွင့်ပျံ့ လာပေသည်။

ထိုးစည်၏ သာယာသောအသံမှာ ကန်စွန်းပင်လှ ရွာဦးဘုန်းကြီးကျောင်းမှ ဖြစ်လေသည်။ တုံးကြီးခေါက်သံက အရပ်လေးမျက်နှာရှိ ကျေးရွာများသို့ ရောက်ရှိ နိုင်သော်လည်း ထိုးစည်သံမှာမူ ကန်စွန်းပင်လှရွာကိုသာ လွှမ်းခြုံနိုင်ပေသည်။ တစ်ညလုံး တုံးထင်းသရော အိပ်မောကျနေခဲ့သော ကန်စွန်းပင်လှရွာမှာ တုံးကြီးခေါက်သံကြားမှ လူးလွန့်လာသည်။ ရွာက နိုးထလာသည့်နည်းတူ မြောက်ပြန်လေညင်းကလည်း ယခုမှ သုတ်ဖြူးလာလေတော့သည်။ ထိုအခါ ကျောင်းဦးစေတီကြီးမှ ဆည်းလည်းများလည်း တညိုးညိုးတညံ့ညံ့ လူးလွန့်လာပေတော့၏။

ကန်စွန်းပင်လှ ရွာသားတို့မှာ သာယာသော ထိုဆည်းလည်းသံကို နားမစွင့်အား ကြပါ။ ခြုံစောင်ကိုခွာလိုက်သည်နှင့် ခါးကုန်းသွားကြရ၏။ ကုပ်ချောင်းချောင်းဖြစ်သွားကြ၏။

စံဝမှာ တဟီးဟီး ညည်းသံပေးလျက် အိမ်ရှေ့မန်ကျည်းပင်အောက်သို့ ပြေးလာ၏။ အေးမြသော မြောက်လေသည် ဆောင်းလေပီသစွာ ဆီးကြိုနှုတ်ဆက်ပေ၏။

`ချမ်းလိုက်သာ ဟားဟား ဟီး´

မီးလုံ့နေကျ နေရာတွင် သူ့ကိုယ်လုံးခန့်တုတ်သော မန်ကျည်းတုံးကြီး တစ်တုံး ရှိသည်။ ဆောင်းဝင်ခါစက နှစ်လံကျော်ကျော် ရှည်လျားခဲ့သော သည်တုံးကြီးမှာ ယခုတော့ တစ်လံပင် မရှည်တော့ပေ။ နေ့ရောညပါ မီးစွဲနေခဲ့ရသည် မဟုတ်လား။

ထင်းတုံးကြီး၏ ပြာဖုံးနေသော အပိုင်းဘေးတွင် မီးသေနေသော ထင်းစများ ဝန်းရံနေသည်။ တစ်ပိုင်းမီးကျွမ်းနေသော ထန်းစေ့မှုတ်များလည်း ရှိသည်။ ထင်းတုံးထိပ်ကို ထင်းစတစ်စဖြင့် ခပ်ဆတ်ဆတ်ကလေး ထိုးလိုက်သည်။ မီးခဲရဲရဲများ ကြွေကျလာသည်။ လေပြည်အောက်တွင် တရဲရဲတညီးညီးဖြင့် တောက်စရာ လောင်စာတောင်းခံနေကြ၏။

လောင်စရာ တောက်စရာကို စံဝ မပေးနိုင်သေးပါ။ သောက်ရေအိုးတစ်မျှ အေးစက်နေသော သူ့လက်များကို မီးကင်ရပါသေးသည်။ မုန့်လေပွေ မီးကင်သောနယ် လက်ဖဝါးနှစ်ဖက်ကို မှောက်ချေလှန်ချေ ကင်၏။ ပူနွေးသွားသော လက်များဖြင့် နားရွက်နှစ်ဖက်ကို အုပ်ပေး၏။ ပွတ်ပေး၏။

နှင်းစက်များသည် မန်ကျည်းရွက် အကြိုအကြားများမှ ဖြတ်သန်းစီးဆင်းကာ မီးခဲများပေါ်သို့ ပေါက်ကနဲ ပေါက်ကနဲ ကျဆင်းလာ၏။

`ဟား ငါ ဝါးလုံးမယ့်နေ့ကျမှ နှင်းကလည်း သိပ်ကျနေပါကလား´

မန်ကျည်းပင်ကို မော့ကြည့်ကာ စံဝတစ်ယောက်တည်း ရေရွတ်သည်။ စောင်ချမ်းပင်အောက်သို့ ပြေးကာ ကောက်ရိုးတစ်ပွေ့ ယူလာပြီး မီးခဲများပေါ် ပစ်တင်သည်။ ကောက်ရိုးညှော်နံ့ ထွက်လာပြီးနောက် မီးခိုး အခဲအလုံးကြီးသည် ကောက်ရိုးမျှင်များကြားမှ အလုအယက် ထွက်လာ၏။ မကြာမီ ဟုန်းကနဲ အသံဖြစ်ကာ မီးထတောက်၏။

စံဝ အားရပါးရမီးလှုံ့သည်။ လက်တွေခြေတွေကို ကင်သည်။ ကျောလှည့်ပေးသည်။ ကောက်ရိုးမီး ပြာမကျမီ ထင်းစဟောင်းများကို မေးတင်ထားပေးပေသည်။ လွန်ခဲ့သော ငါးမိနစ်လောက်က မှောင်ကြီးမည်းကြီး အောက်တွင် ငြိမ်သက်စွာ အိပ်မောကျနေခဲ့သော ကန်စွန်းပင်လှရွာ ကလေးမှာ ယခုမူ အိမ်တိုင်းလိုလို၏ ရှေ့တွင် မဟုတ်လျှင် နောက်၊

နောက်တွင် မဟုတ်လျှင် ရှေ့၌ မီးတောက်ကလေးတွေ တလွန့်လွန့်၊ မီးပုံကလေးတွေ တဝင်းဝင်း တလက်လက်ဖြင့် လယ်ပြင်ထွက်ရန် တာစူနေကြပြီ။

စံဝ ရေချွေးအိုး တည်မိချိန်တွင် အိမ်ပေါ်မှ မိမေး ပြေးဆင်းလာ၏။ ပါးစပ်မှလည်း ငရုတ်သီးစပ်သူအလား တရှီးရှီးမြည်၏။ လက်ဖျားကလေးများကိုလည်း ထဘီအထက်ဆင့်နှင့် ဘော်လီအင်္ကျီကြားသို့ ထိုးသွင်းထား၏။

`ကလေးတွေကို စောင်ခြုံပေးခဲ့ရဲ့လားကွာ´

မိမေး အဖြေမပေး၊ စံဝကို ဘေးစောင်းတိုက် ကိုယ်လုံးချင်း ပစ်တိုက်လိုက်ကာ ဝင်ထိုင်သည်။ လက်ချောင်းကလေးများကို မီးညွှန့်ထဲ ရောက်အောင် ထိုးသွင်းကာ မီးကင်လိုက်သည်။

`သေတော့မှာပဲ၊ ဘယ်လိုဖြစ်လာသာလဲ တိရစ္ဆာန်မရဲ့´

စံဝအသံက မိမေးပုခုံးနားမှ ထွက်မလာ၊ နည်းနည်းဝေးသည်။ သို့ကြောင့် စောင်းကြည့်မိရာက အသံထွက်အောင် ရယ်မောမိလေ၏။ စံဝမှာ တစ်ယောက်ထိုင် ဖင်ထိုင်ခုံလေးပေါ်မှ ချော်ကျသွားကာ လက်တစ်ဖက်ထောက်ထားသည်။ ထိုင်စရာ ခုံကလေးတွေ ရှိပါလျက် သူ့ခုံကိုမှ ကိုယ်လုံးချင်းတိုက်ကာ လုယူရသလားဟု မကျေနပ်။ သို့ကြောင့် သူလည်း နောက်ထပ်တစ်ခုမရှာဘဲ မိမေးဘေးတွင် လုထိုင်သည်။

တစ်ယောက်သာလျှင် ကျယ်ကျယ်ဝန်းဝန်း ထိုင်သာသောခုံကို အဘယ်မှာလျှင် နှစ်ယောက်ထိုင်၍ ရပါမည်နည်း။ သို့ဖြင့် စံဝ မိမိရရ ထိုင်မိလျှင် မိမေး ဖုန်ထဲကျ၏။ မိမေး နေရာတကျ ထိုင်မိပြန်သော စံဝ လိမ့်ကျပြန်၏။ တစ်ယောက်တစ်လှည့် လိမ့်ကျရင်း တဟီးဟီး တဟားဟား ကြည်နူးနေကြသည်။ ချမ်းတုန်ရသမျှကိုလည်း မေ့သွားကြသည်။

နေရာလုရင်းက မီးဖိုဘေးတွင် ပုံထားသော ထန်းစေ့မှုတ်၊ ထန်းစေ့အခြောက် ပုံကြီးကို ခြေဖြင့် ကန်မိကြသည်။ ထန်းစေ့မှုတ်အချို့ မီးဖိုထဲ လိမ့်ဆင်းသွားသည်။

သည့်ထန်းစေ့မှုတ်များ ထဲတွင် အဝတွင် ရွှံ့ခဲကြီးပိတ်ကာ အထဲတွင် ရေဝင်နေသော ထန်းစေ့မှုတ်တစ်လုံး ပါသွား၏။ ဤသည်ကို မည်သူမျှ မသိ။

`တိုးပါဦးတော့ ဟိုဘက်ကို´

`သာပဲ တိုးလို့ရမယ်၊ သာ့ထက်တိုးရရင် မြေကြီးပဲ ရှိတော့တယ်´

`တိုးပါဦး´

မရပါဘူးဆိုသည်ကို မိမှေး အတင်းကပ်တိုးနေ၏။ စံဝ ကြိုးစားပြီး ရွှေ့ပေး၏။

`ထိုင်လို့မရသေးဘူး တော်ရဲ့၊ လိမ့်ကျလိမ့်မယ်´

`ဒါများ ခက်ခက်နိုးနိုးကွာ ကဲ´

စံဝက သူ့ကိုယ်တွင် ပတ်ထားသော ငါးစပ်စောင်ကြီးကို တစ်ခြမ်းခွာကာ မိမှေးကို ခြုံပေးရင်း သိမ်းဖက်လိုက်သည်။

`လိမ့်ကျသေးလားဟေ့´

မိမှေး၏ ခေါင်းကလေးမှာ စောင်ခြုံအတွင်း ရင်ခွင်အတွင်းသို့ ငုံ့လျှိုးဝင်သွားသည်။ စောင်အပြင်တွင် ရှိနေသော စံဝ၏ခေါင်းလည်း စောင်ခြုံတွင်း ငုံ့ဝင်သွားပြန်ရာ မိမှေးက ကျိတ်ပြီး မာန်လိုက်၏။

`ဖယ်ပါ အာပုပ်စော် နံက နံသနဲ့´

မာန်လည်းမာန်သည်။ ခေါင်းဖြင့်လည်း ဖေ့သည်။

`အမယ် သူ့ပါးစပ်ကတော့ မန်သဲ့အတိုင်းပဲ´

စံဝ၏အသံ ထွက်ပေါ်လာသည်။ ခေါင်းကား စောင်ခြုံအပြင်သို့ ထွက်မလာချေ။ စောင်ခြုံအတွင်း၌ မည်သည့် အကြောင်းဟူ၍ အတပ်မသိရသော အကြောင်းသည် ဆက်လက်ဖြစ်ပွားနေစဉ် ထိတ်လန့်ဖွယ်ရာ ပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာသည်။ ဝေးဝေးမှ မဟုတ်။ အနားကလေးတွင် ဖြစ်သည်။ မိမေးရော စံဝပါ စောင်ခြုံထဲမှ ခေါင်းများကို ပြိုင်တူထုတ်လိုက်ကြ၏။ မီးဖိုကို လှမ်းကြည့်၏။ ပြာမှုန်တွေ ဖုံးနေသော ရေနွေးကရားနှင့် လွင့်စဉ်အူတက်နေသော ပြာမှုန်ပြာဖတ်များ။ ထို့အပြင် ဖရိုဖရဲဖြစ်နေသော ထင်းစများ။

`ထန်းစေ့မှုတ်တွေ မီးဆိုက်ရင် အရမ်းမထည့်ပါနဲ့ ပြောသာ မရဘဲကိုးကွ´

ပြောပြီး ရေနွေးကရားပေါ်မှ ပြာတွေကို ကုန်းမှုတ်နေသည်။

`အမယ်လေးတော် ထန်းစေ့မှုတ်တစ်လုံးမှ မီးဖိုထဲ မထည့်ရသေးပါဘူး။ တော့်သမီးကို ထန်းစေ့မှုတ်တွေ သယ်ကတည်းက ပေါ့ပေါ့ကလေးတွေ ရွေးပြီး သယ်ခဲ့၊ လေးသာကို မသယ်ခဲ့နဲ့၊ အခေါင်းပိတ်နေသဲ့ဟာ ပါလာလို့ အမှတ်သမဲ့ မီးဖိုထဲ ထည့်မိရင် ပေါက်ကွဲကုန်လိမ့်မယ်၊ ဟိုစဉ်သည်စဉ် ဖြစ်တတ်သယ်လို့ တော့်သမီးကို ပြောသာပဲ´

ထန်းသီးစေ့အတွင်းသို့ တီကောင် ဝင်နေလိုက်သောအခါ ထန်းပင်မြစ်လည်း မကောင်းတော့ပေ။ ထန်းစေ့မှုတ် အတွင်း၌ ကျန်နေလေ့ရှိသော ထန်းဆံခြည်ထွေးလည်း တီစားသောကြောင့် ကုန်ပြီ။ ထိုထန်းစေ့မှုတ်မျိုးမှာ အပေါက်ပိတ်နေလေ့ရှိသည်။ သူ့ကို မီးဆိုက် လိုက်သောအခါတွင် ထပြီး ပေါက်ကွဲလေ့ရှိသည်။

အရှက်ဦး ဖနီးမောင်နံတို့၏ဘေးမှ ရုတ်တရက် သြဘာပေးလိုက်သော ပေါက်ကွဲသံကား ဤထန်းစေ့မှုတ်မျိုး ဖြစ်လေသည်။

`တော့်သမီး တော့်သမီးနဲ့ လင်ပါသမီးကျနေတာပဲ´

`ဟုတ်သယ်၊ တော်က ကလေးတစ်ယောက်အဖေ၊ ကျုပ်က အပျိုလေး သိရဲ့လား´

`ဟုတ်သာပေ့ါ အပျိုလေးမို့ ချစ်မဝသာဗျ´

စံဝခေါင်းကြီးက ဝေ့ဝဲလာသဖြင့် ခပ်လှမ်းလှမ်းဆီသို့ မျက်လုံးဝေ့ကြည့်ကာ `အဖေ မြင်သွားလိမ့်မယ် သိလား၊ တော်တော်ကဲ´ဟု ဆိုလိုက်၏။

စံဝက တဟဲဟဲရယ်၏။ ခဲတပစ် အကွာလောက်တွင်ရှိ မတောက်တစ်ချက်၊ တောက်တစ်ချက် ဖြစ်နေသော မီးဖိုတစ်ခုဆီသို့ လှမ်းကြည့်၏။ မိမွေးအဖေ ဦးသောင်း၏ မီးဖိုဖြစ်ပေ၏။

`နင့်အဖေလား ငါတို့ကို မြင်မှာ၊ ဒါလောက် မှောင်နေသာကြီးများ´

`ကဲပါ ဖယ်ပါ´

ချွန်ထက်သော တံတောင်ဆစ်ဖြင့် ရွရွကလေး ထိုးလိုက်ရင်း ထရပ်လိုက်ရာက မိမွေး နှာခေါင်းကို ရှုံ့ချေပွချေလုပ်၏။ မျက်လုံးသည် မီးဖိုအစပ် ပြာတောသို့ ရောက်သွား၏။

`ကုန်ပါပြီတော် ကုန်ပါပြီ´

စံဝ ခြေဖျားမှကျော်ကာ မီးဖိုအစပ်သို့ ရောက်နေသော စောင်မြိတ်များက မီးခိုး တလူလူထွက်နေ၏။ ပြာပူကပဲ လောင်သလား၊ မီးခဲ မှုန်မွှားမွှားတို့ကပဲ လောင်သလား။ မိမွေး စိစစ်မနေနိုင်။ စောင်ကို အတင်းဆွဲကာ ပွတ်ခြေလိုက်ရ၏။ သူတို့အိမ်ထောင်ဦး အတွက် လက်ပံတောမှ ကောင်းကြီးသာဒင် လက်ဖွဲ့သောပစ္စည်း။ ရှိသေလေးစားရသည်။ ယုံကြည်သော အိမ်ထောင်ဦးပစ္စည်း။ မိမွေး စိတ်ဆိုးသည်။ သို့သော် ချမ်းချမ်းစီးစီး လယ်ပြင်သွားရမည့်သူကို စိတ်မဆိုးရက်။ ရင်ထဲတွင်လည်း အကြည်ဓာတ်

အရွှင်ဓာတ်ကလေး လိုက်ပွဲနေဆဲမို့ စိတ်မဆိုးချင်။

`အိမ်ထောင်ဦးပစ္စည်းမို့ မချိုးပါနဲ့ပြောသာ မရဘူး၊ ခုတော့ ကောင်းသယ်´

ပြောဖြစ်အောင်ကား ပြောမိသေး၏

`မတော်လို့ပါကွာ၊ ကဲကဲ နေမြင့်နေဦးမယ်´

စံဝက ရေနွေးကရားထဲ လက်ဖက်ခြောက် ခတ်အပြီးတွင် မီးကျီးခဲပေါ် နပ်ထားရင်း ပြန်ပြောသည်။ မန်ကျည်းပင်ခြေသို့ နောက်ပြန် စမ်းကြည့်သည်။ ထန်းပင်မြစ်အချို့ တွေ့သည်။ အဆာပြေ သုံးလေးချောင်းလောက် ဗိုက်ထဲထည့်သွားမည့် အကြံဖြင့် ဆွဲယူလိုက်သည်။ သို့တစေ ပြာပူထဲသို့ ထန်းပင်မြစ်ခေါင်းများ ထိုးတော့ရန် ရွယ်ပြီးမှ လက်ကို သိမ်းလိုက်သည်။ မူလနေရာသို့ ပြန်ထားလိုက်သည်။ ကလေးတွေ ဆာရင် ဘာစားမလဲ တွေးမိသောကြောင့်။

စံဝအကြံကို မိမွေး သိသည်ထင်၏။ မီးဖိုဘေးသို့ မိမွေး ပြန်ရောက်လာသောအခါ သံပန်းကန်ပြားတစ်ချပ် ပါလာသည်။ ပန်းကန်ထဲတွင် လက်သီးဆုပ် နှစ်ခုစာလောက် ကြီးမားသော ထမင်းခဲကြီး တစ်ခဲက တလူးလူးတလိမ့်လိမ့်။ မတော်တဆ လိမ့်ကျ လိုက်မှဖြင့်ဟု စိုးရိမ်လာကာ မိမွေး အရောက်ကို မစောင့်ဘဲ ဖင်ကြွပြီး လှမ်းယူလိုက်ရ၏။

`များလှချေလားကွာ၊ လယ်ပြင်ကို ထည့်ပေးလိုက်ဖို့ ရှိသေးလား´

`လယ်ပြင်ကို ထည့်ပေးလိုက်မှာက သာ့ထက်များသေးတယ်´

`ကျန်လှချေလားကွာ၊ ထမင်းကြမ်းတွေက´

`ကျန်မှာပေါ့တော်၊ တော့်ကလေးနှစ်ယောက်က အိမ်က ဟင်းကို မကြိုက်ဘူးဆိုပြီး အမေတို့အိမ် သွားစားတာကိုး´

မိမေးတို့အိမ်တွင် မနေ့ညတုန်းက စောင်ချမ်းချဉ်ဟင်း ချက်သည်။ စောင်ချမ်းသီးမှာ အသီးခွံထဲတွင် အညှောက်ထိုးနေပြီးသား ဖြစ်၏။ မကြာခဏ ရေလဲကာ သုံးလေးရက် ရေစိမ်ပြီးမှ ချဉ်ထည့်ထားသော စောင်ချမ်းသီးဟာမ်းမှာ ကြော်စားစား၊ ဆီပြန်ချက်ချက် အညှောက်ကလေး ဖွေးဖွေးတွေနှင့် စားကောင်းလှသည်။

သည်ဟင်းကို စံဝ မည်မျှပင် ကြိုက်စေကာမူ ကလေးတွေက မကြိုက်။ ဘွားအေအိမ် သွားနိုက်သော ကလေးတွေကို လိုက်ခေါ်ရင်း ဟင်းကောင်းကြုံသဖြင့် မိမေးပါ ဝင်တွတ်ခဲ့သည်။ ဤသို့ဖြင့် စံဝတို့ ထမင်းအိုးထဲတွင် `ထန်းအုန်းနက်သီး´အရွယ် ထမင်းကြမ်းခဲကြီး ကျန်နေလေ၏။

နမ်းဆီမွှေးမွှေး ဆမ်းထားသော ငါးပိဖုတ် အကတ်အသတ်ကို ထမင်းခဲတွင် သုတ်လိုက်၊ ထမင်းခဲကို ပလုပ်ပလောင်းစားလိုက်၊ ရေနွေးကြမ်းကို မှုတ်သောက်လိုက်ဖြင့် စံဝ အရသာ တွေ့နေ၏။ ဘေးနားတွင် မယားချစ်က ရေနွေး ငှဲ့ပေးနေပြန်သေးရာ သည်စည်းစိမ်ကို နတ်စည်းစိမ်နှင့်ပင် စံဝ လဲလှယ်နိုင်အံ့မထင်။ ပါးစပ်က တပျပ်ပျပ် မြည်လိုက်၊ လေချဉ်တက်လိုက်နှင့် ထမင်းစားအပြီး အရသာတစ်မျိုးကို စံဝ ခံစားရင်း ဆေးပေါ့လိပ်ကို မီးကျီးခဲတစ်ခဲတွင် ဆေးလိပ်မီး မညီမချင်း ဖိကပ်ညှိနေစဉ် မိမေး ထပြန်သွားကာ ပစ္စည်းတချို့ကို ယူလာသည်။

ကန်ကြိုးတပ်ထားသော ဆယ်တောင်ဝါးတစ်လုံး၊ ထမင်းချိုင့်၊ ပလတ်စတစ်ရေဘူး၊ ခမောက်၊ တံစဉ်းနှင့် ကောက်ရိပ်ဖိနပ် တစ်ရံတို့ဖြစ်ကြပေ၏။ ခပ်ဝေးဝေး လယ်ပြင် လမ်းဆုံဆီမှ ကျွဲချိုမှုတ်သံ ကြားရသည်။ ကောက်စိုက်စည်းသားများကို အချက်ပေး စုရုံးသောအသံ ဖြစ်သည်။ စံဝ ထရပ်လိုက်၏။

မီးဖိုနှင့် ဝေးသွားလျှင် ဝေးသွားသလောက် ချမ်းသည်။ အေးသည်။ မီးဖိုနှင့် ဝေးရာသို့ ရောက်လျှင်ကား သည်ထက်ချမ်းမည်။ မေးချင်းရိုက်အောင်ကို ချမ်းမည်။ ချမ်းပါစေတော့။ တဟူးဟူးတိုက်နေသော ဆောင်းချမ်းလေ မည်မျှပြင်းပါစေ၊ မိုးလောက် ပြင်းထန်သော နှင်းမှိုင်းကြီး ဝေချင်လျှင်လည်း ဝေပေဦး။ စံဝ သွားရမည်။ သူ့လယ်ကို

ရိတ်ရန် ကောက်ရိတ်စည်းထံမှ ရက်ယူပြီးနေပြီ။ သို့သော် ကောက်ရိတ်စည်း မဝင်မီ တစ်ရက်စောပြီး စားပါးပင်တွေ ဝါးလှဲထားရမည် သို့မှ ရိတ်၍ကောင်း၊ ရိတ်၍ကောင်းမှ ရိတ်ဖြတ်ပြီးစီးနှုန်း မြန်ဆန်ပေမည်။ အချိန်မီ ရိတ်ဖြတ်ပြီးစီးမှ အလေလွင့်နည်းမည် မဟုတ်လား ဝါးလုံးကို ပုခုံးတွင် ထမ်းသည်။ ခမောက်ကို ခေါင်းမှာ စွပ်သည်။ တံစဉ်ကို ခါးမှာ ထိုးသည်။ ဓာတ်မီးခြစ်နှင့် ဆေးလိပ်များကို ခါးပုံထဲ ထည့်သည်။ ရေဘူးကို ပုခုံးတွင် စလွယ်သိုင်း၍ ထမင်းချိုင့်ကို လက်တွင်ဆွဲကာ ကောက်ရိတ်ဖိနပ်ကို စီးသည်။

`ဟင်း ငါ့တစ်ကိုယ်လုံးလည်း မင်းမြောက်တန်ဆာ ခြောက်ပါးနဲ့ ပြည့်နေပါကလား ဟေ့၊ လက်တောင် မအားတော့ဘူး´

သူ့ကိုယ်ကို ငုံ့ကြည့်ရင်း စံဝ ရယ်သွမ်းသွေး၏။

`မတော်တရော်တွေ မပြောကောင်းဘူး ဟင်း´

သူ့ကိုယ်သူ ငုံ့ကြည့်ရင်းက ထန်းစေ့မှတ်အပုံကြီးပေါ် စံဝ မျက်စိရောက်သွား၏။ ထိုအခါ ထန်းပင်မြစ်ထွက်ပြီးနောက် တန်းလန်းကျန်နေ ခဲ့သော ထန်းစေ့မှတ်များထဲမှ ထန်းဆံခြည်ထွေးကို သတိရသည်။ ထန်းပင်မြစ်ထွားလျှင် ဆံခြည်ထွေး မချိုတော့၊ သိပ်လည်း မရှိတော့။ ထန်းပင်မြစ် လှီလျှင် လှီသလောက်၊ ဆံခြည်ထွေး ကြီးကြီးကျန်သည်။ ချိုလည်း ချိုသည်။

ထန်းပင်မြစ်ရာသီတွင် ကလေးလူကြီးမရွေး နှစ်သက်စွာ စားခွင့်ကြုံသော ကျေးလက်သရေစာ တစ်မျိုးဖြစ်၏။ သည်သရေစာကို စံဝ၏ သမီးနှင့် သားတို့လည်း ကြိုက်၏။ သို့ကြောင့် မှာမိ၏။

`ထန်းပင်မြစ်ကျင်း ဘက်ကိုလည်း လှမ်းလှမ်းကြည့်ဟေ့၊ ကလေးတွေ ဆံခြည်ထွေးခွဲစားလို့ လက်ကို ဓားထိနေမယ်´

`ကြည့်ပ့ါမယ်၊ စိတ်ချပါ´

`ဓားမကြီးကို ကလေးတွေ မတွေ့အောင် ဖွက်ထားပော့´

`အဖြစ်သည်းရန်ကော´ ပြောချင်၊ မျက်စောင်း ထိုးချင်သော်လည်း မိမှေး မထိုးလိုက်နိုင်။ `ဖွက်ထားပ့ါမယ်တော်´ ဟူ၍သာ ပြောဖြစ်သည်။ စံဝ ကျေနပ်သွား၏။

အရှေ့အရပ်မှ နံရံကြီးတွင် ကြက်သွေးရောင် မျဉ်းကြောင်းများ ရှပ်ထွေးနေပြီ။ ကောက်ရိတ်ဖိနပ်တွင်းမှ ခြေဖမိုးနှစ်ခုမှ လွဲ၍ စံဝတစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။ သည်အခါ စံဝ သုတ်ချေတင်ရသည်။ သို့မှသာ အချမ်းပေ့ါချေမည်။ မှောင်နေဆဲရှိသေး၏။ သို့ဖြစ်ငြား တလှုပ်လှုပ်သွားနေသော လူများကို ရိုးတိုးရိပ်တိပ် မြင်ရသည်။ ရဲကနဲ ရဲကနဲ ဆေးလိပ်မီးများကလည်း လူ၏အမှတ်အသား။

အရုဏ်အကြိုတော် ကြယ်နီကြီးသည် စံဝ ခေါင်းပေါ်သို့ လျင်မြန်စွာ ပြေးတက်လာနေ၏။ စံဝ အသွက်မလျှော့။ လမ်းဆုံမှသွားလျှင် ကောက်ရိတ်သမားများနှင့် တွေ့ကာ ကြန့်ကြာနေမည် စိုး၍ ကွေ့ရောင်ကာ ဖြတ်လမ်းမှ လာခဲ့၏။ သူတို့နှင့် တွေ့လျှင် ထမင်းချိုင့်ဖွင့်သူကဖွင့်၊ ခါးပိုက်ထောင်ထဲမှ ဆေးလိပ်ကိုနှိုက်သူက နှိုက်ကြမည်။ သည်မျှသာမကသေး `ယောက်ျားတွေ ချမ်းချမ်းစီးစီးနဲ့ လယ်ပြင်လာတုန်း အိမ်က မိန်းမက တစ်ယောက်တည်း ချမ်းပြီးကျန်ခဲ့တော့ ဘာလုပ်သယ် မှတ်သတုံး´ အော်ကျယ်အော်ကျယ် ပြောတတ်ကြသေး၏။

သည်စကားကို စံဝ မကြားချင်။ လှိုက်လှဲယုံကြည်စွာ ချစ်ရသော မိမှေးကို သံသယမဝင်ချင်၊ စိတ်မထင့်ချင်။ လယ်ထိပ်မန်ကျည်းပင်ကြီး အောက်သို့ ရောက်ချိန်တွင် စံဝမှာ နွေးသလိုလို ရှိလာသည်။ သို့ဖြစ်ငြား ချမ်းဆဲသာ ရှိသေးသည်။ သို့ဖြင့် ထမင်းချိုင့်နှင့် ရေဘူးကို မန်ကျည်းကိုင်းတွင် ချိတ်၊ တံစဉ်နှင့် ဆေးလိပ်၊ မီးခြစ်ကို သစ်ပင်ရင်း ပုံကာ လယ်ကွက်ထဲ ဆင်းလိုက်၏။ ဝါးလုံးတွင် နေရာမျှပြီး ချည်ထားသော ကြိုးကို အလယ်မှ ကိုင်မြှောက်ကာ ဝါးလုံးကို ခြေဖြင့် ဖိနင်းလိုက်သည်။

နင်းရည်လိမ်းကာ တစွင့်စွင့်တလူလူ ဖြစ်နေသော စပါးပင်များ အိကနဲ ညွတ်ယိုင်သွား၏။ ညာခြေက နင်းပြီးလျှင် ဘယ်ခြေက ရှေ့တိုးကာ ပူးကပ်လိုက်၏။ ထိုအခါ ကြိုးကို မြှောက်၊ ဝါးကို မ၊ ညာခြေကြွကာ ရှေ့သို့ ညာခြေတစ်လှမ်း တိုးလိုက်ပြန်၏။ သည်နှယ် တစ်လှမ်းတိုးခြင်းသည်ပင် ဝါးတစ်ချက် ဖိလှဲခြင်း မည်တော့၏။

ဝါးအစွန်းတစ်ဖက်ကို တစ်ဖက်ကန်သင်းနှင့် ထိစေပြီး တစ်ချက်ပြီး တစ်ချက် မနားတမ်း ဝါးလှဲလိုက်ရာ တစ်ခဏအတွင်း မျက်နှာချင်းဆိုင် ကန်သင်းသို့ ရောက်လာ၏။ မူလစသော ကန်သင်းသို့ ဝါးထမ်းကာ ပြန်ခဲ့သည်။ ဝါးလှဲဖိပြီးသားနေရာနှင့် နေရာချင်း စပ်အောင် မနားတမ်းလုပ်ပြန်၏။

ပထမဆုံး လယ်ကွက်က သုံးယောက်စိုက် လယ်ကွက်။ ဒုတိယ အကွက်က တစ်ယောက်စိုက်။ ဒုတိယလယ်ကွက်ကို ဝါးလှဲပြီးသွားချိန်တွင် စံဝ အတော်ဟိုက်သွားပြီ။ ချမ်းတာတွေ ခိုက်တုန်တာတွေ ဘယ်ပြေးကုန်ပြီ မသိ။ ကျင်းလယ် လယ်ကွက်ကြီးထဲမှ ငှက်ပျောပင်သည် မြောက်ပြန် လေဖြင့် လက်ဖားကြီးများကို ဝှေ့ယမ်းကာ စံဝအား ကောင်းချီးပေးနေ`အမောင်ယောက်ျား လယ်သမားကောင်း ပီပေစွ၊ ကြိုးစားကြိုးစား ပြောနေဘိသို့။

အလင်းရောင်သည် ငှက်ပျောပင်စိုက်လယ်ပွဲကြီးကို လွှမ်းခြုံထားပေပြီ။ အရှေ့မိုးကောင်းကင်မှ အရောင်များ၊ အရုပ်များလည်း မရှိတော့။ ပြာစင်နေသည်။ ပြာစင်သမှ တကယ့်အပြာ ပီပီသသ။ ဝါးစတင်လှဲရမည့် နေရာသို့ ကန်သင်းအတိုင်း လျှောက်လာရင်း ပြီးစီးပြီးသား လယ်ကွက် နှစ်ကွက်ကို စံဝ လှမ်းကြည့်သည်။ လှလိုက်တာ။ ပြောင်လက်ဝင်းအိသော ရွှေအကြေးခွံကလေးတွေရယ်။ အရှေ့အရပ်တွင် ပြာမှိုင်းသော နံရံကြီးတွင် စိုက်ဘီးနီနီကြီး ပေါ်လာချိန်တွင် စံဝကိုယ်မှာ ချွေးစို့လာ၏။ ဝါးလှဲပြီးသား စပါးပင်များကို လဲသည့်ဘက်မှ ကြည့်လိုက်မိသည်။ ယခုမှ ပို၍လှသည်။ ယခုမှ တကယ့်ရွှေရောင်။ လှလိုက်ပါဘိ၊ တောက်လိုက်ပါဘိ။

စတုတ္ထ တစ်ကွက်ကို ဆင်းလိုက်၏။ အချို့စပါးပင်များ မြောက်ဘက်သို့

ယိုင်လဲနေ၏။ တောင်ဘက်သို့ လဲသည့်အပင်က နည်း၏။ ထို့ကြောင့် စံဝ ယောင်နန ဖြစ်သွားရ၏။ စပါးလှဲရာတွင် အများအားဖြင့် `လေ´ နှင့် အလိုက်သင့် လှဲကြရသည်။ စပါးလှဲသော ဤရာသီတွင် မြောက်လေ အားကောင်းသောကြောင့် မြောက်မှ တောင်သို့ မျက်နှာမူကာ လှဲကြသည်သာ များ၏။ ယခုလို မြောက်ဘက်သို့ သူ့အလိုလိုလဲနေသော အပင်တွေ များနေသဖြင့် စံဝ ခပ်ဆိုင်းဆိုင်း ဖြစ်သွားရ၏။ ကန်သင်းပေါ် စံဝ ပြန်တက်၏။ သည်တစ်ကွက်ကိုတော့ တောင်မှ စတင်၍ မြောက်သို့ လှဲရန်ဖြစ်ပေသည်။

စံဝ ကန်သင်းပေါ်မှ ဆင်းလိုက်ပြန်သည်။ ဆီးဖြူသီး ဝင်းဝင်းကြီးနှစ်လုံး တွေ့လိုက်ရ၍ ဖြစ်သည်။ ရိတ်ဖြတ်အံ့ဆဲဆဲ လယ်ကွက်များထဲသို့ ဆီးဖြူသီးများ ကြဲပက်ထားပါက ပိုးကောင်များ မနေဝံ့ဘဲ ထွက်ပြေးရသည်။ ထိုအခါ ဝါးလှဲသူများ၊ ကောက်ရိတ်သူများ၊ ကောင်ရှည်အန္တရာယ် ကင်းသည်ဟု ဆိုကာ မိမေး ဆီးဖြူသီးလေးပြည် ကြဲပက်ထားခဲ့သည်။ စံဝ ဆီးဖြူသီးတစ်လုံးကို ပါးစောင်တွင်ခဲကာ တစ်လုံးကို တမြုံ့မြုံ့ ဝါးရင်း တောင်ဘက်ကန်သင်းသို့ လာခဲ့သည်။

ချွေးစို့ထားပြီ ဖြစ်သဖြင့် ခြေလှမ်းနှစ်ဆယ်လောက် ဝါးလှဲမိချိန်ဝယ် စံဝကျောပြင် တစ်လျှောက် ချွေးစီးကြောင်း ဖြစ်လာ၏။ နဖူးမှလည်း တပေါက်ပေါက် ကျလာရုံသာမက မျက်လုံးထဲသို့ပင် စီးဝင်လာကြ၏။ လေတစ်ချက်အငြိမ်တွင် အိုးစည်သံများ မြိုင်ဆိုင်စွာ လွင့်ဝဲလာသည်။

`ဘယ်ကပါလိမ့်၊ ဘာလုပ်တာပါလိမ့်´

အိုးစည်သံပျောက်သွားလျှင် ဝါစိုက်ရန်ကိစ္စက ခေါင်းထဲ ဝင်လာသည်။ ယခု ဝါးလှဲနေဆဲ တစ်ကျိပ်စိုက် လယ်ကွက်ကြီးထဲမှ စပါးပင်များမှာ အပင်သန်လှရာ စပါးရိတ် အပြီးတွင် ထပ်မံထွက်လာမည့် စပါးအညွှန့် အရွက်များကို မွေးမြူပြီး စပါးလမိုင်းလုပ်ကြည့်ရ ကောင်းမလား။

စိတ်ကူးတွေ ယောက်ယက်ခတ်နေဆဲ ရှေ့ကန်သင်းခုံတွင်ရှိသော ထန်းပင်မှ ထန်းရွက်ခြောက်ကြီး ကျယ်လောင်စွာ ကျဆင်းလာ၏။ အတွေးနှစ်ခု ပြတ်သွားကာ

စိုးရိမ်စိတ် ဝင်လာရချေ၏။

`မိမေ့အလစ်မှာ ကလေးတွေ ထန်းဆံခြည်ထွေး ခွဲစားရင်တော့၊ အင်း သူက ကောင်းသဲ့ဓားမကြီးကိုသာ သိမ်းမှာ၊ နွားတင်းကုပ်ထဲက ဓားမအိုကြီးကို သိမ်းမှာ မဟုတ်ဘူး။ အဲသာကြီးနဲ့ ထန်းစေ့ကို ခွဲတော့ ဓားက ခုန်ပြီး လက်ပေါ် အသွားဘက်က ကျတော့မှ၊ ဟ ဘာလဲ´

ဘယ်ဘက်ခြေထောက်ဆီက တစ်စုံတစ်ရာ ထူးခြားသည် ထင်သဖြင့် ငုံ့ကြည့်လိုက်မိရာ စံဝတစ်ကိုယ်လုံး အေးစက်တောင့်တင်း သွားသည်။ သို့သော်ငြား ချက်ချင်း သတိဝင်လာသည်။ နောက်ဆုတ်မည့် ခြေထောက်မှာ ငြိမ်သွားသည်။ စံဝ ဘယ်ဘက်ခြေထောက်တွင် ကောက်ရိတ်ဖိနပ် စီးထားသည်။ ထိုခြေထောက်ကို မြွေတစ်ကောင်က ပေါက်လိုက်ခြင်းဖြစ်၏။ မြွေမှာ မြွေပွေး၊ ကျပ်လုံးခန့်တုတ်၍ လုပသော အကွက်များ တလဲ့လဲ့ အရည်လည်နေသော မြွေပွေး။

မြွေပွေးသည် ကောက်ပင်ရင်းတွင် ခွေနေခဲ့ရာ၊ သူ့အခွေပေါ် တက်နင်းသော ဖိနပ်ကို အားပါးတရ ပေါက်လိုက်ဟန်တူ၏။ အားပါးတရ ပေါက်လိုက်သောကြောင့်သာ စံဝ သတိထားမိဟန် တူပေသည်။ ကြောက်စိတ်ကို ထိန်းသိမ်းမိလျှင် ထိန်းသိမ်းမိချင်း၊ စံဝသည် ကောက်ရိတ်ဖိနပ် အားကိုးဖြင့် မြွေပွေးအခွေပေါ်သို့ အားရှိပါးရှိ နင်းချလိုက်၏။ မြွေသည် လူးလွန့်ရုန်းကန်၏။ အခွေအောက်မှ အမြီးသည် ရုန်းထွက်လာ၏။ စံဝခြေထောက်ကို ပတ်သေး၏။ သို့သော်ငြား တဖြည်းဖြည်း ငြိမ်သက်သွားသည်။

မြွေအသေကြီးကို ဝါးလုံးအဖျားဖြင့် ထိုးကော်ပစ်လိုက်ကာ ဝါးဆက်လှဲသည်။ အဘိုးတို့၏ လက်ထက်မတိုင်မီ ကတည်းက လယ်သမားတိုင်း ကြောက်ခဲ့ရှိသေခဲ့ရသော အရှိန်ကြောင့် စံဝလည်း ရင်ခုန်နေသည်။ တစ်ဖက်တွင်ကား သည်ကဲ့သို့ တစ်လျှောက်လုံး ကြောက်နေခဲ့ရသော သတ္တဝါကို မကြောက်မရွံ့ နင်းဖျစ်ပစ်နိုင်သဖြင့် ကျေနပ်နေ၏။

တစ်ကျိပ်စိုက် လယ်ကွက်ကြီး လှဲဖိပြီးချိန်တွင် စံဝကိုယ်ပေါ်တွင် အကျီမရှိတော့ပြီ။ ချွေးတွေမှာ ရေချိုးထားသူထက်ပင် ရွှဲအိုင်နေသေးသည်။ ပူလာသည်နှင့် အမျှ

မောပန်းသည်။ မောပန်းသည်နှင့် အမျှ ဝမ်းက ဟာလာသည်။ သို့သော် စံဝမှာ ဝမ်းကို အေးအေးလူလူ မဖြည့်နိုင်ချေ။ လေအသင့်တွင် တစ်ချက်တစ်ချက် လွင့်ပျံ့လာသော အိုးစည်သံများက နှောင့်ယှက်နေပေ၏။

`ဘာသံတွေပါလိမ့်၊ ဘာလုပ်ကြသာပါလိမ့်´

စိတ်ကသာ တွေးရဲ၏။ တကယ်သွားပြီး မစူးစမ်းရဲသေး။ လက်ကျန်လယ်ကွက် ခြောက်ကွက်၊ တစ်ကျိပ်စိုက်ကျော်ကျော်ကို ဝါးလုံပြီးတော့မှ တစ်ဖက်မြောင်းပေါင်ပေါ်သို့ စံဝ တက်လာသည်။ တံစဉ်ကို ပေါက်ပင်ရင်းတွင် ချကာ မျက်နှာမှ ချွေးကို သုတ်သည်။ ခါးပိုက်ထဲမှ ဆေးလိပ်ကိုထုတ်ပြီး မီးညှိဖွာရှိုက်လိုက်သည်။ ဟိုဘက်လယ်ပွဲ နှစ်ပွဲကျော်တွင် အဝတ်ဆိုင်းဘုတ်ကြီး တလူလူ၊ အလံတွေ တလွင့်လွင့်၊ လူတွေ တရှုရှုဖြင့် လှမ်းမြင်ရသည်။ ထိုလယ်ပွဲမှာ ရှားပင်လှနယ်မြေထဲတွင် ပါဝင်၍ အထွက်တိုးမျိုးတွေချည်း ချထားသည်။

စံဝ ကြာကြာငေးမနေနိုင်။ ပုဆိုးစုတ် ခေါင်းပေါင်းကာ ဆေးလိပ်မီး တရဲရဲ၊ တံစဉ် တယမ်းယမ်းဖြင့် လျှောက်လာခဲ့သည်။ အိုးစည်သံများနှင့် နီးသည်ထက် နီးလာ၏။

`ဟား ကောင်းလေးဘသောင်း၊ ကောက်ရိတ်တဲ့လူတွေ များလှချေလား´

ရှားပင်လှရွာသား ကိုသဘောင်းကို ကပ်မေးသည်။

`ကောက်ပင်ရိတ်ပြိုင်ပွဲ ကျင်းပနေသာကွ၊ သည်ဘက်က စပါးနက်အဖွဲ့၊ ဟိုဘက်က မြီးတုံးအဖွဲ့ကွ´

ကိုဘသောင်းညွှန်ပြသော မြီးတုံးအဖွဲ့ကို လှမ်းကြည့်လိုက်ရာ သနပ်ခါးဘဲကျားနှင့် ငယ်ချစ်ပောင်း စိန်အိကို တွေ့ရသည်။ စံဝ ဝမ်းသာအားရ ပြေးသွားသည်။

`စိန်အိ ငါလည်း ကူရိတ်ပေးမယ်ဟေ့´

`အို ဘယ်ဖြစ်မလဲတော့်၊ အဲသာဟာ ပြိုင်ပွဲဝင်နေသာ´

စိန်အိပြော၍မှ မဆုံးသေး၊ ပြိုင်ပွဲလူကြီးနှစ်ယောက် ပြေးလာသည်။ `ဟော့ကောင် စံဝ ဝင်မရှုပ်နဲ့ကွ´ အော်ဟစ်ကြသည်။

`ရှုပ်သာ မဟုတ်ပါဘူးကွာ၊ ရိတ်ချင်လို့ပါ´

`မရဘူး မရဘူး´

အိုးစည်ဝိုင်းမှ လူများက စံဝကို ရယ်ပစ်လိုက်ကြသည်။ ပြိုင်ပွဲအားပေးနေသူများက ပြုံးကြည့်နေကြသည်။ စံဝမှ မည်သို့မျှ ဆက်မပြောတတ်တော့ပါ။ ရှက်ရှက်နှင့် ခြေကုန်သုတ်လာခဲ့ကာ သူ့လယ်ပွဲထဲရောက်မှ အားရပါးရ ထိုင်ချလိုက်သည်။

`အေးကွ မင်းတို့ဆီမှာ မရိတ်ရတော့လဲ ငါ့ဟာငါ သည်မှာ ရိတ်သာပေါ့ကွာ၊ ကဲဟာ ကဲဟာ´

ပြောပြောဆိုဆိုဖြင့် ရွှန်းသန်သော ပန်းတော်နီမြက်များကို အဆုပ်လိုက် အဆုပ်လိုက် ရိတ်ယူနေမိတော့သည်။

**၁၉၇၉၊ မတ်၊ ရှုမဝမဂ္ဂဇင်း**

ဇော

`ဟဲ့ မိမေး၊ ဘယ်သူ ဘာဖြစ်လို့လဲ´

ရွာအရှေ့ဖျားမှသည် ရွာလယ်ပိုင်းအထိ `ချေးအောင်းခြင်း´ကြီး ကိုင်လာသော မိမေးမှာ သည်မေးခွန်းကို ဆယ်ကြိမ်ထက်မနည်း ကြုံခဲ့ရသည်။ ကြုံရတိုင်းလည်း `အိမ်ကလူ ချေးအောင်းမလို့ပါတော်´ဟု ဖြေခဲ့ရသည်။

အချို့လည်း `သြော် သြော်´ဆိုကာ ပြီးသွားသည်။ အချို့မူ သည်မျှနှင့် မပြီး။ `ဘာဖြစ်သာလဲ၊ ဘယ်လိုနေလို့လဲ´ ဆင့်ကဲလာပြန်ချေသည်။ ချေးအောင်းသည်ဆိုသည်မှာ နေပူရှိန် အမြင့်ဆုံးအချိန်၊ မွန်းတည့်မွန်းတိမ်းတွင် ဆောင်ရွက်ရ၏။ သည်မေးခွန်းကို စီကာပတ်ကုံးသာ ဖြေနေရလျှင် အချိန်လင့်တော့မည်။ အချိန်လင့်သည်ထက် အိမ်ကလူ စိတ်မရှည် လက်မရှည် ဖြစ်ကာ လင်မယား စကားများရကိန်း မြင်သည်။ ထို့ကြောင့် `လေးတေးတေးကြီးဖြစ်နေသယ် ပြောသာပဲ´ဆိုကာ အတင်းသုတ်ခြေတင်ရသည်။

သို့တိုင်အောင် `နေပါဦးဟ´တားသူက ရှိသေး။ `နောက်မှ နောက်မှ´ အော်လည်းအော်၊ သုတ်ခြေလည်း တင်ရ၏။ အပြားလက်သုံးလုံးခန့်၊ အရှည်နှစ်လံခန့် ရှိသော ဝါးခြမ်းပြားနှစ်ခုကို ကြက်ခြေခတ်ချည်နှောင်ကာ ကုန်းကွေးပြီး ဝါးခြမ်းပြားတစ်ခုဖြင့် နှုတ်ခမ်း သတ်ထားသော ချေးအောင်းခြင်းကို ကိုင်ကာ မိမေး အသော့နှင်လာသည်။

`ဟဲ့ မိမေး ဘယ်သူ ဘာဖြစ်လို့လဲဟေ´

အိမ်နီးချင်းတစ်ယောက်ကို ကူညီသည့်အနေဖြင့် ဗျာ:ရမ်းလာခြင်းလည်း ဖြစ်နိုင်သည်။ တစ်ပိုင်းထဲနေ အဖေ အမေအတွက်လည်း ဖြစ်နိုင်သည်။ သို့ကြောင့် ဘယ်သူ ဘာဖြစ်လို့လဲ မေးကြခြင်းဖြစ်၏။ ဖြစ်သော်ငြား မိမေး မကြားယောင်ဆောင်ခဲ့သည်။ အိမ်အပြန် မနှောင်းချင်။ ကိုယ်လက်မအီမသာနှင့် စိတ်လက်တစ်ဆစ် ဖြစ်နေသော ချစ်လင်၏ အငြိုအငြင်ကို မခံလို။ နေပူမရှောင်၊ မိုးရွာမရှောင် လယ်အလုပ်ကိုသာ ဦးစားပေးခဲ့သော စံဝ။ ရေယူရန် ရေလှည့်ကျပြီလားဆိုမှဖြင့် အိပ်ရေးပျက်သည်

မပျက်သည်ကို မပြောနိုင်သော စံဝ။ သည်အထဲ ဘယ်နေရာမှာ မြောင်းကျိုးလို့တဲ့ပော့ ဆိုလျှင် အပြေးအလွှားသွားပြီး နေ့မအား ညမအား ဆောင်ရွက်ရပြန်သေးသည်။

ကာယကံရှင်ကလည်း တတ်စွမ်းသရွေ့ သတိထားပါသည်။ မိမေးကလည်း သတိပေးပါသည်။ သို့သော် လွန်ခဲ့သောတစ်ပတ်က စံဝ ဖျားတော့သည်။ ပထမ ထမင်းစား မကောင်း။ ထွန်ရေးပြင်နေချိန်တွင် လယ်သမားတစ်ယောက်၏ တစ်နပ်စားနှုန်းသည် မစားနိုင်ပါဘူးဆိုသော အနပ်၌ တစ်စလယ်ချက်။ သို့သော် စံဝ မစားနိုင်။ ဒုတိယ၊ ခြေညောင်းလက်သေ ဖြစ်လာသည်။ မိမိကိုယ်ကို မိမိ မသယ်ချင်အောင် ဖြစ်လာသည်။ နင်တံသည် ထွန်တုံးလောက် လေးလာ၍၊ ထွန်တုံးကို မ၍မရ။ မရ ရအောင်မမည် စိတ်ဖြင့် မသောအခါ၊ မရှိသွားဖြဲသည့်နယ်။ ဖြစ်စကတည်းက နားနေလိုက်ဖို့ အကောင်းသား။ ဆေးပေးခန်းသွားပြီး ဆေးစားဖို့ အကောင်းသား။ သို့တစေ၊ ပျိုးသက်မရင့်မီ စိုက်လိုသော ဇော၊ ကောက်စိုက်စည်းနှင့် ချိန်းဆိုသတ်မှတ်ထားသော ရက်တွင် အသင့်ဖြစ်နေချင်သော လောဘ၊ တမန်း မညက်ဆိုကာ ဖင်ထိုင်လဲသော တမန်းဟု အဟားမခံလိုသော မာန်တို့ဖြင့် စံဝ ပေခဲ့သည်။ ထွန်တုံးပိတ်ခါနီးလေ၊ မိမေး စိတ်မချမ်းသာလေ။ မှောင်တရီတွင် အိမ်ပြန် ရောက်လာသောအခါ စံဝမှာ ပင်ပင်ပန်းပန်းဖြင့် ထမင်းကို ဟပ်ဟပ်ထိုးနေရမည့်အစား အတင်းထိုးအိပ်သည်။ အိပ်သော်ငြား တုံးနယ် ထင်းနယ်မဟုတ်။

သက်ကြီးခေါင်းချ မရောက်တရောက်တွင် လူးပြီ၊ လိမ့်ပြီ၊ ညည်းတွားပြီ။ မျက်စိအစုံ ဖွင့်မရလောက်အောင် အိပ်ချင်နေပေမင့် မိမေး အားတင်းကာ ထသည်။ နင်းပေးသည်။ နှိပ်ပေးသည်။

နှိပ်နယ်ရသော ညများသည် သုံးလေးည မဟုတ်ချေ။ ညပေါင်းများပြားလာခဲ့ရာ မိမေး လက်ခွတွေ နာနေသည်။ လက်မနှစ်ချောင်းမှာ ပစ္စည်းတစ်ခုခုကို ကောင်းမွန် နိုင်နင်းစွာ မညှပ်နိုင်ပြီ။ မကိုင်နိုင်ပြီ။ စံဝတို့လယ် ကောက်စိုက်ချိန် နီးလာလေလေ၊ စံဝ အခြေအနေ ဆိုးလေလေ။ လယ်ပွဲ၏ အောက်ဆုံးလယ်ကွက်သာ ကျန်တော့ချိန်တွင် စံဝ မထနိုင်တော့ပြီ။ မထနိုင်သည်ကို မထနိုင်တော့ဟု စံဝ ဝန်မခံ။ `အဖေ့ သွားခေါ်ပေးစမ်း´

ပြောသည်။

`ဘာကိစ္စလဲဟင်´

`သွားမှာသာ သွားစမ်းပါကွာ´

ရှုံ့ရှုံ့မဲ့မဲ့နှင့် ညည်းညူသံဖြင့် ပြောသည်။ သည်ရှုံ့မဲ့ပုံကို မိမေး မကြည့်ရက်။ ပင်ပန်းညည်းညူ သံကြီးကိုလည်း မကြားရက်။ သို့ကြောင့် ဆက်မမေးတော့ဘဲ ယောက္ခမ ဦးဟိန်းကို ပြေးခေါ်ရသည်။ အိမ်သို့ မရောက်။ လယ်ပြင်သို့ ထွက်လာသော ဦးဟိန်းကို လမ်းတွင် တွေ့သည်။

`အလုပ်ပူချိန်ကြီးမှာ သည်ကောင်က ဘာဖြစ်ရသာတုံး´

`သာတော့ ကျုပ်လည်း မသိဘူး အရီး´

လယ်ပြင်သွားမည့် လက်နက်ကိရိယာများ တိုးလိုးတန်းလန်းဖြင့် ဦးဟိန်း လိုက်လာရာ၊ အိမ်တွင် မိမေးမိဘ ဦးသောင်းနှင့် ဒေါ်သော့တို့ရောက်နေကြ၏။ ဦးသောင်းမှာ လယ်ကို သူရင်းငှားနှင့် လုပ်သူဖြစ်သည်။ အရေးကြီးသောနေ့တွင် သူရင်းငှားနှင့်အတူ လိုက်၍၊ အရေးမကြီးလျှင် နေမြင့်မှ လိုက်သည်။ တစ်ခါတစ်ရံ လိုက်ပင် မလိုက်။ ဦးဟိန်း ခမောက်ပင် မချွတ်ရသေး။ ဦးသောင်းက ဆီးပြောသည်။

`တင်းကုပ်ထဲမှာ နွားတွေ မြင်ကတည်းက ကျုပ် အကဲခတ်နေသာဗျ။ သည်ကောင် စိုက်ခင်းခွဲလို့လည်း မပြီးသေးပါဘူး၊ ဘာဖြစ်လို့လဲ ဆိုပြီး။ အဲသာနဲ့ မယ်သော့ကို အကြည့် ခိုင်းလိုက်တော့ နေမကောင်းဘူးသိလို့ အခု လာကြည့်သာ´

`အဖေ ကျုပ်´

စံဝ ပြောသည်။ မောပန်းသည် မဟုတ်ပြား အသံထွက်အောင် ကြိုးစားရသည်ကိုပင်

ပင်ပန်းနေ၏။

`မင့်လယ် စိုက်ခင်းခွဲဖို့ မဟုတ်လား၊ ဘာမှ မပူနဲ့။ သာထက် နေပါဦး၊ `စည်း´က ဘယ်နေ့ချမှာလဲ´

ကောက်စိုက်မည့်ရက်ကို မေးခြင်းဖြစ်၏။

`ကြားခုနစ်ရက် လိုပါသေးတယ်´

`ငါးယောက်စိုက်တစ်ကွက် ကျန်တော့သာများ ပူမနေပါနဲ့ကွာ၊ ပြီးတော့ စက်နဲ့ တစ်စပ်လုန်ထားသာ မဟုတ်လား´

စံဝ ခေါင်းညိတ်ရုံသာ ညိတ်နိုင်သည်။

`သည်တော့ တစ်မနက် အထွန်ငှားလိုက်ကွာ၊ သုံးလေးစပ်တော့ ကောင်းကောင်းရပါသယ်´

ထိုအခါ ဦးသောင်းက ကန့်ကွက်၏။

`ငှားရင် ပိုက်ဆံ ကုန်နေပွါမယ်ဗျာ၊ တစ်မနက်စာဆို ဆယ့်ငါးကျပ်ဗျ၊ နည်းနည်းနောနောလား´

`ရပါလိမ့်မယ်၊ ဆယ့်ငါးကျပ်နဲ့ အားကြီး ရပါလိမ့်မယ်´

ဒေါ်သော့က မပြောချင့်ပြောချင် ဝင်ပြောသည်။

`တစ်မနက်စာ ထွန်ခ ဆယ့်ငါးကျပ် မဟုတ်လား´

`အဲသာက ရှိးရိုးအချိန် တော်ရဲ့။ အခုလို သူက စိုက်ချင်၊ ငါက စိုက်ချင် ဖြစ်နေသဲ့

အချိန်မှာ ထွန်အငှားလိုက်တွေ မျက်လုံးထဲ သဲဝင်လို့ မျက်စိမဖွင့်ကြဘူး။ ဖနောင့်လည်း သံစူးနေသယ်´

ဒေါ်သော့အပြောကြောင့် ဦးဟိန်း ရယ်မောနေရ၏။ ဦးသောင်းကမူ ပြုံးရုံသာပြုံးကာ `ညည်းဟာက ငါမေးသာ မပြောဘဲ ငယ်ထိပ် သံစူးသာတွေ၊ ဖနောင့် သံစူးသာတွေ လျှောက်ပြောနေ´ဆိုသည်။

`သည်အချိန် တစ်မနက်ထွန်ခ နှစ်ဆယ်နဲ့ရ အာကာပေ့ါတော်´

ဦးသောင်း လက်ကာလိုက်သည်။

`နှစ်ဆယ်ဆို နည်းသလားဗျ၊ ကျုပ် သူရင်းငှားကို ကျုပ်ခိုင်းမယ်´

မိမိသား၏ ယောက္ခမ တော်စပ်သူက တစ်မနက်စာ အခမဲ့ ထွန်ယက်ပေးမည် ဆိုသောအခါ ဦးဟိန်း စဉ်းစားရသည်။ မိမိမှာလည်း အလုပ်ပူချိန် ဖြစ်သော်ငြား ရှေ့ရေး နောက်ရေး တွေးရပြီ။ လင်မယား စကားများကြပြီဆိုလျှင် တော့်မိဘက ဘယ်သို့၊ ကျုပ်မိဘက ဘယ်ပုံ စသည်ဖြင့် ထိပါးသောစကား၊ ကြေးတိုက်သောစကား ပါလာစမြဲ။ ထိုအခါ မိမိသား မျက်နှာငယ်ရပြီ။ မျက်နှာငယ်သဖြင့် ငုံ့ခံလျှင် တော်သေးသည်။ မိဘကို ခိုက်ရပါမည်လားဆိုကာ အရိုက်အနက် အကန်အကျောက်တွေ သုံးလာလျှင် ...။

`ကိုသောင်းက တစ်မနက်စာ ကူတော့လည်း ကျုပ် တစ်မနက်စာ သက်သာ သာပေ့ါဗျာ၊ ကဲ လူကလေး ဘာမှ မပူနဲ့၊ မင့်လယ် တမန်းလည်း ကောင်းရမယ်၊ တမန်းလည်း အေးရမယ်၊ စိုက်ချိန်မှာ အဆင်သင့်ဖြစ်စေရမကွာ၊ ဟုတ်ပလား´

မိမိတွင် အလုပ်ပူငြား ဦးဟိန်း မရှောင်နိုင်တော့ပေ။ မတတ်သာလျှင် လူငှား၍ ဖြစ်စေ ဆောင်ရွက်ရမည်။ သို့ကြောင့် ကတိပေးကာ နှစ်သိမ့်ရသည်။ ဦးသောင်း၏ သူရင်းငှားက တစ်မနက်ထွန်ပေးရာ လေးစပ်ရ၏။ စက်ထွန်ဝင်ပြီးသားမို့ ဦးဟိန်းကိုယ်တိုင် မိမိနွား၊ မိမိထွန်ဖြင့် ကန်သင်းဆွဲပေးသည်။ ကြမ်းပေါင်ရိုက်ပေးသည်။ သို့တစေ ဦးဟိန်း၏

တာဝန် မပြီးသေး။ ပျိုးနုတ်သမားများကို ကွပ်ကဲရန်၊ ကောက်စိုက်သမားများကို ဧည့်ခံရန် ကျန်သေးသည်။ သို့ကြောင့် ဖိုးဒန် အမှူးပြုသော လူငယ်လူလတ်များကို ပျိုးသယ်ပျိုးချရန် အတွက် အကူတောင်းရ၏။ လယ်စိုက်ရန်ကိစ္စ ဖြောင့်ဖြူးနေပြီ။ စံဝ လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ စံဝလုပ်သော ငှက်ပျောပင်စိုက်လယ်ကား သူ့ရက်ချိန်းအတိုင်း စိုက်ဖြစ်တော့မည်။ ယင်းသို့ရှိငြား စံဝမှာ တငင်ငင်။

`အဖေတို့အရီးတို့ အားနာလိုက်သာ မိမေးရာ၊ သူတို့လည်း အလုပ်ကျပ်သဲ့ ကြားထဲက လုပ်ပေးကြရသာ´

မိမေးလည်း ဖအေနှင့် ယောက္ခမကို အားနာပါသည်။ သို့ရာတွင် စံဝ နေသာ ထိုင်သာစေရန် ဟန်ဆောင်ရသည်။

`အားနာနိုင်ပေါင်တော်၊ ကိုယ်မချို အမိသော်လဲ သားတော်ခဲတဲ့´

`ငါလည်း သုံးလေးရက်လောက် နားနားနေနေနဲ့ ဆေးစားလိုက်သာ ကောင်းသွားပြီ ဟ၊ ညနေလောက်တော့ လယ်ပြင်သွားအုံးမှ´

ချစ်လင်ကို မိမေး ငေးကြည့်နေမိသည်။ ခေါင်းမညိတ်ဝံ့။ ခေါင်းမခါရက် သောကြောင့်ဖြစ်၏။ ခေါင်းမညိတ်ဝံ့ခြင်းမှာ ထမင်းစားစသာ ရှိသေးသည့် နာလန်ထအား လေးငါးမိုင်သေးသော လေတဟူးဟူးတိုက်နေသည့် လယ်ပြင်သို့ မည်သို့ သွားခွင့် ပေးရပါမည်နည်း။ စံဝ ဖျားစရက်များက ကိုယ်ပူလည်း မကြီးဘဲနှင့် ယောင်ယမ်းသည်။ ယောင်ယမ်းရာတွင် သားအကြောင်းလည်းမပါ၊ သမီးအကြောင်းလည်းမပါ။

`ဟော့ကောင် ငါ့ကန်သင်းဘက်ကို သာလောက်ကပ်တူးရင် ငါ့ကန်သင်း ဘယ်လိုလုပ်ပြီး ရေလုံတော့မလဲကွ´

တစ်ယောက်ယောက် ရောက်လာ၍ စကားပြောနေသည်ထင်ကာ မိမေး မီးဖိုထဲမှ

ထလာပြီး ကြည့်၏။ မည်သူမျှ မရှိချေ။ စံဝတစ်ယောက်တည်း ကြမ်းပေါ်တွင် လှိမ့်နေသည်။

`ကိုစံဝ´

`အေးကွာ၊ အထွက်တိုးစပါးကို စိုက်မိသာဟာ ကံကောင်းသယ်ခေါ်ရမှာပဲကွ´

`ကိုစံဝ´

မိမေ မတိုးမကျယ်ခေါ်ပြား စံဝ မထူး။

`မင်း စဉ်းစားကြည့်လကွာ၊ ရိုးရိုးစပါးကို ခုပင်ပန်းသာထက် နှစ်ဆသုံးဆ ပင်ပန်းခံပြီး၊ နှစ်ဆသုံးဆကျယ်သဲ့မြေမှာ လုပ်မှရမယ့် စပါးကို အထွက်တိုးစပါးက နှစ်ဆ အပင်ပန်းမခံဘဲနဲ့ နှစ်ဆသုံးဆလောက် ရမှာကွ´

လယ်ကို သည်မျှ အာရုံရောက်နေသူအား လယ်ပြင်မထွက်ပါနှင့် ဟူ၍လည်း မိမေ မတားရက်။

`ထမင်းမှ ကောင်းကောင်း မဝင်သေးသာတော်´

`အေးကွာ ခံတွင်းပျက်နေသာကိုး၊ ကဲ ထန်းသီးချဉ်နဲ့ နဘာတ်ချဉ် ချက်စမ်းကွာ၊ ခံတွင်းလိုက်မယ် ထင်သယ်´

`တည့်ပါ့မလားတော်´

`လူမမာရဲ့စိတ်က စားချင်နေရင် တည့်သာပဲကွ၊ ချက်သာချက်ကွာ၊ ပြောရင်းဆိုရင်း သရေကျလာပြီ´

ပြောဆဲဆိုဆဲမှာပင် သွားရည်မထိန်းနိုင်ဟန် စံဝလုပ်ပြရာ၊ မိမေ ဝမ်းသာသွား

သည်။ ချက်ရပြုတ်ရ၊ လုပ်ရကိုင်ရရာတွင်လည်း တက်တက်ကြွကြွရှိလှသည်။

`မေ့ မှင်းကြားမယ်´

ဟင်းနံ့ရကတည်းက သားငယ်ရဲရင့်စံသည် သူ့ဇလုံကို ဆွဲကာ ထမင်းစားမည်ပူနေ၏။

နမ်းဖတ်ချဉ်နှင့် ထန်းသီးချဉ် ရောသောဟင်းသည် စံဝ တမ်းတမည်ဆိုလည်း တမ်းတစရာပါပေ။ နနွင်းကလေး အရောင်လှရုံနှင့် အဆီမထုတ်ရသေးသော ဝက်ဆီတစ်ဖတ်လည်း ထည့်ထားရာ ဟင်းမှာ ဝင်းအိနေ၏။ အနံ့မှာ သင်းပျံ့နေ၏။ အချဉ်နှစ်မျိုးရောဖက်ပြီး ချက်ထားသော ဟင်းပေမင့် နမ်းဖတ်ချဉ်မှာ ဆိမ့်သောအရသာ ကဲနေသည်။ သည် နမ်းဖတ်ချဉ်၏ လျော့နည်းသော အရသာကို ထန်းသီးချဉ်က ဖြည့်ပေးရာ အတောင့်လိုက် ခတ်ထားသော ငရုတ်သီးစိမ်းက အစပ်ဖြင့် ထိန်းပေးသည်။ ထန်းသီးချဉ်သည် မွှေသော်ငြား ကြေပျောက်မသွားပေ။ ဘဲဥအကာ၊ ကြက်ဥအကာကို နနွင်းဆိုးထားသော အရောင်ဖြင့် ဆီပြန်ဟင်းခွက်ကို အလှဆောင်ပေးနေ၏။

`ဖေ့ ချာတီဂျ´

ပန်းကန်ခွက်ယောက် ဆေးကြော၍ မပြီးမီပင် ရဲရင့်စံ ခုန်ဆွခုန်ဆွ လုပ်နေသဖြင့် ထမင်းပွဲတွင် စံဝ ဝင်ထိုင်ရတော့သည်။ သူတောင့်တာသော ဟင်းဖြင့် စားရစေကာမူ စံဝ ခံတွင်းမတွေ့ပါ။ ပျက်နေသော ခံတွင်းတွင် အချဉ်အဆိမ့်အရသာသည် မတိုး။ လူသာ ချမ်းသလို စိမ့်သလိုနှင့် ရောဂါတိုးလာခဲ့သည်။ စိုက်ရက် ကပ်လာပြီ။ စံဝအခြေအနေကား ရင်းစား မရသေး။ ဘာလိုလိုနှင့် နက်ဖြန်ဆိုလျှင် ပျိုးနုတ်ရတော့မှာ ပါကလား။

သည်အသိ ဝင်လာသောအခါ စံဝ နေမထိ ထိုင်မသာ ဖြစ်ရပြီ။ သည်မျှ ကြာကြာ နားနေပြီး ဆေးဝါးမှီဝဲနေပါလျက်နှင့် ပြန်လည်မကျန်းမာသေးခြင်းမှာ အဘယ်ကြောင့်နည်း။ သုံးသပ်ရပြီ။

`ဟုတ်ပြီ ချွေးပုပ်နေသာပဲ´

စံဝ ဝမ်းသာရသည်။ မည်သူ့အိမ်တွင် ချွေးအောင်းသောခြင်း မြင်မိပါလိမ့် စဉ်းစားကာ မိမွေးကို လွှတ်လိုက်ရသည်။ မိမွေးကား သွက်လက်လှပါဘိသည်။ လင်သား ကျန်းမာမည့်အရေးဆိုပါက ထန်းပင်ကိုပင် တက်ရ၏။ သို့ကြောင့် ရွာအရှေ့ဖျားမှ ရွာလယ်ပိုင်းသို့ အပြန်တွင် မည်သူ၏ အမေးကိုမျှ ရေရေလည်လည်မဖြေဘဲ အသော့နှင်လာခဲ့ခြင်း ဖြစ်ပေသည်။

`ကွမ်းရွက် ရှာချေဦးမယ်နော်´

ချွေးအောင်းခြင်းကို တိုင်တွင် ချိတ်လိုက်ရာက စံဝ၏ ခိုင်းသံ၊ စီမံသံကိုပင် မစောင့်တော့။ အမေတို့အိမ်သို့ ပြေးခဲ့သည်။ အမေတို့အိမ်မှာ မိမွေးအတွက် ကုဋ္ဌာသယ လွယ်အိတ်ကြီး ဖြစ်၏။ မိမိစီးပွားနှင့်မိမိ တစ်အိုးတစ်အိမ် ခွဲနေသည်ဆိုရငြား မိမွေးသည် တစ်ဆိတ်ရှိ အမေ့ထံ ပြေး၏။

ငွေကြေးကအစ အမေ့အိမ်၊ ကလေးတွေ ဟင်းမကောင်းလည်း အမေ့အိမ်။ ယခုလည်း ချွေးအိုးတွင်ထည့်ရန် အမေ့အိမ်သို့ ပြေးလာပြန်သည်။ ဒေါ်သော့မှာ အောင်းခြင်းကြီးကိုင်လာသည် မြင်ကတည်းက ကွမ်းရွက်ဆယ်ရွက်ခန့်ကို အသင့်သန့်စင် ဆေးကြောထား၏။ ချွေးထုတ်ဆေးကိုလည်း စက္ကူဖြင့် တစ်ခွက်စာ အသင့်ထုပ်ထား၏။

`အမေရေ ကိုစံဝ ချွေးအောင်းချင်လို့´

မီးဖိုဆောင်ခါးပန်းတွင် တင်ပါးလွှဲထိုင်ကာ မိမွေး စကားစရုံရှိသေးသည်၊ ဒေါ်သော့က လှမ်းပေးပြီးဖြစ်၏။

`ရော့ပါတော်၊ ကျွန်တော်မျိုးမ အသင့်လုပ်ထားကြောင်းပါ´

မိမွေး သွားကလေးတွေ ဖွေးကနဲ ပေါ်လာ၏။ လင်သား သမုဒယညွှန်အိုင်တွင်

ရှန်းကန်ရ၍ မည်မျှပင်ပန်းပါစေ၊ အမေ့မေတ္တာ ရေစင်တစ်စက် ပက်ဖြန်းလျှင် အမောပြေရသည်။ အားသစ်တိုးရသည်။

`အမေ့ကိုလေ အဲသာကြောင့် သမီး သိပ်ချစ်သာ´

`လာချွဲမနေပါနဲ့၊ ပါးကြီး ပိတ်ရိုက်လိုက်လို့ ဟင်း´

အသံက မာန်မဲသော်ငြား အမူအရာက နှစ်ခြိုက်သောအပြုံးကို ဆောင်ကာ ဒေါ်သော့ မျက်နှာလွှဲလိုက်လျှင် မိမေ့ လုစ်ကနဲ ပြေးထွက်လာ၏။ မိမေ့ အမောမဖြေနိုင်၊ စလယ်ဝင်ထမင်းအိုးကို အတွင်းအပြင် ရေစင်စင်ဆေးသည်။ ရေတဝက်ကျော်ထည့်ကာ မီးပြင်းထိုးသည်။ ကွမ်းရွက်တွေကို ဆုတ်ဖြဲ၍တချို့၊ ခြေမွ၍တချို့ ထည့်သည်။ ရေနွေးအိုး တည်ထားစဉ် စောင်တွေ ဂုန်အိတ်တွေ အိမ်ပြင်သို့ထုတ်ကာ နေလှန်း၏။ လက်လည်းမအား ပျောသမားဖြစ်နေသော သမီးအား ဒေါ်သော့ စိတ်မောစွာဖြင့် လှမ်းကြည့်နေသည်ကိုမူ မိမေ့ သတိမထားမိ။

`မိမေ့ရေ´

စံဝအသံ မကျယ်လှ။ သို့သော် မိမေ့ကြားသည်။ မျောက်တစ်ကောင်ထက် ပေါ့ပါးစွာဖြင့် အပါးကပ်သွားသည်။

`ရင်ထဲ ဘယ့်နယ်နေလဲဟင်၊ ဘာလုပ်ချင်လဲ´

ရင်ကို ဖိမလို၊ ပုခုံးကို ကိုင်မလိုဖြင့် မေးသည်။

`မုန့်ညင်းဥ တစ်ဆုပ်လောက် ထည့်ချင်သေးသယ်ဟာ၊ ရမလား´

`အမယ်လေးတော်၊ မုန့်ညင်းဥများ ဘယ်နတင်းယူမလဲ´

မိမေ့တို့သွက်လက်ပုံများမှာ ဖျိုးကနဲ ဖျတ်ကနဲနေသည်။ နွားတင်းကုပ်ဘေးတွင်

ထောင်ထားသော တူးရွင်းငန်းပြားကို ဆွဲကာ အိမ်ရှေ့သို့ ထွက်ခဲ့သည်။ လမ်းဘေး မြောင်းတွင် အစိုဓာတ်ကလေးဖြင့် သန့်စွမ်းနေသော စိမ်းစိမ်းအပင်များမှာ မုန်ညင်းမြက် ဖြစ်၏။ မြေက ပွပွမို့ တစ်ဖုတ်ကို ကော်ဆွပြီးလျှင်၊ နောက်ထပ်တူးရန် မလိုတော့ပေ။ တစ်ဥမှ တစ်ဥ၊ တစ်ဖုတ်မှ တစ်ဖုတ်သို့ အမြစ်တွေ သွယ်ယှက်နေ၏။ အမျှင်တွေ တန်းနေ၏။

`မေရေ မှင်းချာတယ်ဂျို့´

သားတို့သမီးတို့ပင် ကျောင်းမှ ထမင်းစားပြန်လာကြပြီ။ သို့သော ကလေးများကို မိမေး လှည့်မကြည့်အား။

`အဖေ နေမကောင်းလို့ သားရေ၊ အမေကြီးဆီ သွားနော်´

`တွားချင်ဘူးဗျာ၊ မေကြီးက ချဲ့ယယ်´

သားငယ် နွဲ့ဆိုးနေသော်ငြား သမီးကြီးသည် တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ ရပ်နေ၏။

`သမီး ခေါ်သွား´

`လာ မောင်လေး´

`ယိုက်ဖူး ယိုက်ဖူး´

မိမေး စိတ်ရှုပ်လာသည်။ ဒေါသ ထောင်းကနဲဖြစ်လာကာ ငန်းပြားရိုးဖြင့် ရိုက်ရန် ရွယ်လိုက်သည်။

`တယ်လေ ငါ ခေါင်းရိုက်ခွဲလိုက်ရ´

ရဲရင့်စံ ခေါင်းကလေးပုလျက် မဲ့မဲ့ကလေးဖြစ်ကာ အစ်မကြီး ခေါ်ရာနောက်သို့

ကန့်လန့်ကန့်လန့် ပါသွားရာ၏။ မိမွေး ကလေးတွေကို ပြန်မကြည့်။ အိမ်ပြန်ပြေးကာ မုန့်ညင်းဥတွေကို ရေဆေးသည်။ ထုထောင်းပြီး အပြုတ်အိုးထဲ ထည့်သည်။ နေကလည်း အလိုက်သိ၏။ ချစ်ချစ်တောက်ပူနေသည်။ တစ်ကိုယ်လုံး ချွေးတုတ်တုတ်ကျနေသော်ငြား မိမွေး မောရမှန်းမသိ။ ပြန့်ပြူးသောနေရာတွင် ဂုန်အိတ်တစ်လုံး ခင်းသည်။

`ကိုစံဝ´

စံဝ မှိန်းနေသည်။ သို့ကြောင့် အနားကပ်၍ ဒူးထောက်ကာ အကဲခတ်ကြည့်နေစဉ် စံဝ မျက်စိဖွင့်ကြည့်၏။

`ရပြီလား´

`အားလုံး အဆင်သင့်ပဲ၊ အောင်းတော့မလား´

`အေး အောင်းမယ်´

စံဝအား ဂုန်အိတ်ခင်းထားသောနေရာသို့ ရွှေ့ပေးသည်။ ကွမ်းရွက်နှင့် မုန့်ညင်းဥပြုတ်အိုးကို ကရွတ်ခံ၍ စံဝရှေ့သို့ ရွှေ့ပေးသည်။ အကြမ်းပန်းကန်ဖြင့် ရေနွေးခပ်ပေးကာ၊ ဆေးထုပ်ကို လက်ဝါးထဲ ထည့်သည်။

`ကဲ ဆေးသောက်ပေတော့´

စံဝ ဆေးသောက်၍ မပြီးမီ စံဝကိုယ်ပေါ်သို့ စောင်တစ်ထည် ခြုံပေး၏။ ချွေးအောင်းခြင်းကို စွပ်၏။ ခြင်းပေါ်တွင် စောင်တွေ တစ်ထပ်ပြီး တစ်ထပ် ဖုံးအုပ်၏။ စောင်ပေါ်မှ ရှိသမျှ ဂုန်အိတ်အားလုံး ထပ်မံပတ်လွှားသည်။

`ဒါလောက် ပူသဲ့အချိန်ကြီးမှာ ချွေးအောင်းသာ၊ တော့်ချွေး မနေနိုင်ပါဘူးတော်၊ ထွက်လာမှာပါ´

`အေး´

`ချေးထွက်ချင်ဇော အားကြီးနဲ့ ရေနွေးအပူကြီး မမှုတ်ဘဲသောက်သို့ လျှာကျွတ်ထွက်သွားမယ်နော´

`အေးပါ´

ခြင်းတွင်းမှ စံဝမှာ ဘာမျှ မမြင်ရပေ။ မွန်းအိုက်နေ၏။ ကိုယ်ပေါ်တွင် ခြုံထားသောစောင်နှင့် တိုက်မိကာ ရေနွေးအိုးမှောက်မည် စိုးရ၏။ ချေးအောင်းရင် ရေနွေးပူလောင်သောသတင်းများလည်း သူ မကြာခဏကြားဖူး၏။ သို့ကြောင့် လက်တစ်ဖက်သာ ညင်ညင်သာသာကလေး လှုပ်ရှားရသည်။ ခြင်းတွင်း၌ ပူရှိန်နေ၏။ ကွမ်းရွက်ပြုတ်အိုးမှ အငွေ့ပျံထွက်နေရာ၊ ပေါင်းအိုးတွင်း ရောက်နေဘိသို့ ရှိ၏။ ကွမ်းရွက်ပြုတ်နံ့နှင့် မုန်ညင်းဥပြုတ်နံ့ကလည်း ခါးရှုံသာ မဟုတ်၊ မွှန်သေးသည်။

သည်အနံ့ပါသော သည်ရေပူကြီးကို ကျိုက်ကနဲ ကျိုက်ကနဲ သောက်နေပြန်သောအခါ စံဝတစ်ကိုယ်လုံး ချေးပြိုက်ပြိုက် စီးကျလာတော့သည်။

`ကိုစံဝ´

`ဟေး´

အပြင်မှ မိမေးကလည်း မကြာခဏခေါ်၏။

`ချေးထွက်ရဲ့လား´

`အေး´

အပူဒဏ်နှင့် အနံ့ဆိုးကို ကြိတ်မှိတ်ခံနေရသောကြောင့် စံဝ စိတ်မရှည်လှ။

သို့ကြောင့် တိုတိုဖြေခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေကာမူ မိမေ့း ခေါ်ပြန်၏။

`ကိုစံဝ´

`သေမှာမို့ဒါလောက် ခေါ်ရသာလား´

`စိတ်မချလို့ ခေါ်သာပေ့ါတော့၊ စိတ်ချည်းပဲ တကတည်းမှ´

အသက်ငယ်သေးပေမင့် မိမေ့းလည်း ကြားဖူးနားဝ ရှိသင့်သလောက် ရှိထားသည်။ ဤသည်က ချွေးဝင်အောင်းရင်း ချွေးမွန်း၍ မေ့သွားသူများ၊ အပြုတ်အိုးမှ အနံ့ပြင်းလွန်း၍ သတိလစ်သွားရသူများ၏ အကြောင်း။ သို့ကြောင့် မကြာမကြာ ခေါ်စမ်းနေရခြင်းဖြစ်၏။ စံဝမှာ မျက်နှာမှ ချွေးများကို လက်ဝါးဖြင့် သပ်ချရဖန်များသဖြင့် ခြုံထားသောစောင် ကွာကျသွားသည်။ ဗိုက်ထဲတွင် ပြည့်နေပြီ။ ရေနွေးလည်း မသောက်နိုင်တော့။

`မိမေ့းရေ ထွက်တော့မယ်ဟေ့´

`နေပါဦးလားတော်´

ပြောပြီးခါမှ စိုးရိမ်စိတ် ဝင်လာသည်။ မူးဝေများနေသလား၊ အော့ချင်အန်ချင်များ ဖြစ်နေသလား တွေးမိ၍ စကားကို တစ်မျိုးပြောင်းလိုက်ကာ ...

`ချွေးက တော်တော်ကော ထွက်လို့လား´

`အေး ထွက်တယ်´

`ခဏနေဦးနော်၊ တံခါးပိတ်လိုက်ဦးမယ်´

ချွေးသုတ်စဉ် လေစိမ်းမတိုက်စေရန် တံခါးပိတ်ပြီး လဲလှယ်ရန် အဝတ် အသင့်ထားပြီးမှ `ရေနွေးအိုး ထုတ်လိုက်လေ´ပြောကာ ခြင်းတစ်ဖက် စောင်းပေးသည်။

ခြင်းတစ်ဖက် စောင်းသဖြင့် ဝင်လာသော အလင်းရောင်ကလေးကို မြင်ရရုံဖြင့် စံဝရင်တွင်း လန်းဆန်းသွား၏။ ခြင်းကြီးရော စောင်တွေပါ ဖယ်လိုက်သောအခါ ကမ္ဘာသစ်၊ လောကသစ် တစ်ခုသို့ ရောက်လာသည် ထင်၏။ သူ့ကိုယ်သူလည်း ပကတိ လူကောင်းတစ်ယောက်နှယ် ပေါ့ပါးနေပြီဟု သဘောထားလိုက်မိလေ၏။

တံခါးတွေ ပိတ်ထားသောကြောင့် သူ့အိမ်မှာ မလင်း။ သို့သော် ခြင်းတွင်းထက်ကား များစွာလင်းနေသဖြင့် သူ့စိတ်ရှင်လန်းနေခြင်း ဖြစ်၏။ လူငွေ့ ရေနွေးငွေ့ လျှောင်မွန်းနေသော ခြင်းတွင်းထက်၊ ဤအခန်းတွင်းရှိ လေသည် များစွာလတ်ဆတ်သည်။ သို့ကြောင့် စံဝမှာ များစွာ ရှင်ပျသွားရခြင်းဖြစ်သည်။

မိမှေးသည် သိမ်းဆည်းစရာများကို သိမ်းဆည်းပြီးနောက် စံဝကို အကဲခတ်ကြည့်၏။ နဖူး၊ လက်မောင်းတို့ကို စမ်းကြည့်၏။ ခြောက်ကပ်၍လည်း မနေ၊ ချွေးအရွှဲကြီးလည်း မဟုတ်။

`ဘယ်လိုနေလဲဟင်´

`နေကောင်းသွားပြီဟ၊ ဖွင့်ဟာ တံခါးတွေ ဖွင့်စမ်း´

မိမှေး တံခါးတွေ ထဖွင့်သည်။

လင်းထိန်နေသော အလင်းရောင်၊ ညင်းညှံ့သော လေပြည်နှင့် စိမ်းလန်းသော မြင်ကွင်းတို့ စံဝ၏ အာရုံနှင့် ထိတွေ့သည့် ခဏ၌ စံဝမှာ ပိုမိုလန်းဆန်းသွား၏။ ပို၍ တက်ကြွသွား၏။

`ထမင်းစားမယ်ဟာ၊ လယ်ပြင်သွားရအောင်လို့´

ထမင်းစားမယ်ဆိုသော အသံကြောင့် ရွှင်ရွှင်လန်းလန်း ထလိုက်သော မိမှေးသည် လယ်ပြင်သွားရအောင်လို့ ဆိုသောစကားကို ဆက်၍ ကြားလိုက်ရသော အခါတွင် ရင်ကို

ဖိလိုက်သည်။ စံဝကို မျက်လုံးအပြူးသားဖြင့် ကြည့်မိသည်။

`မတော်သာတော်၊ လယ်ပြင်သွားရမယ်လို့´

`ရပါသယ်ဟ၊ ငါ နေကောင်းပါပြီ´

ပြောပြောဆိုဆိုဖြင့် စံဝ ထရပ်သည်။ ခေါက်တံခါးရွက်ကို နေသားတကျ ကြိုးဖြင့် ချည်နှောင်ရန် တံခါးဘက်သို့ လှမ်းလိုက်သည်။ ခေါင်းထဲက မိုက်ကနဲ ဖြစ်သွားသဖြင့် တံခါးရွက်ကို လှမ်းကိုင်လိုက်ရသည်။ ခြေတစ်ဖက်ကို တံခါးရွက်နား ကပ်လိုက်ရာ၊ ခြေသည် ဒရွတ်ဆွဲနေ၏။ ရင်ထဲက လှိုက်၍ နံ့းလာသဖြင့် ချက်ချင်းပြန်ထိုင်လိုက်ရ၏။

`ဟင်းကတော့ ငါးခြောက်ဖုတ်ပဲ ရှိသယ်၊ ဘဲဥ စားမလား၊ သွားဝယ်လိုက်မယ်၊ သာပေမယ့် လယ်ပြင်တော့ သွားလို့မဖြစ်ဘူးနော်´

စံဝမှာ အေးပါဟာ ပြောလျှင် တုန်ချည့်နေသော သူ့အသံကို ကြားကာ မိမှေး ရိပ်မိမည်စိုးသဖြင့် ခေါင်းသာ ညိတ်ပြလိုက်ရလေ၏။

**၁၉၇၉၊ စက်တင်ဘာ၊ ရှုမဝမဂ္ဂဇင်း**

## လယ်ထဲမှာ အိမ်ထဲမှာ

နောက်ဆုံးကွက်တွင်းဘေးတွင် တိုက်စိုက်မှတ်သားပြီးနောက် စံဝ လည်ဆန့်၍ ဟိုဟိုသည်သည် မျှော်ကြည့်လိုက်သည်။ ပထမဆုံး မြင်လိုက်ရသည့်အရောင်က ဇော်ဂျီရောင် ပေါက်ပွင့်များ။

`ပေါက်တွေတောင် ပွင့်ကြပါပကော´

သည်အထိ ဝင်လာလျှင် ဝင်လာချင်း ရှားပင်လုရွာဆီသို့ ကြည့်မိပြန်သည်။ အနီရင့်အို ကသစ်ပွင့်ပျို့များ၊ သည်မှတစ်ဆင့် ရွှေရော်ရောင် လယ်ပြင်ကွင်းကြီးအနန့် မျက်စိခြေဆန့်လိုက်သောအခါ အနီ၊ ပေါက်နီနီ၊ ကသစ်နီနီ။ သည်အနီတို့တွင် ထပ်လျောက်နှော သော လက်ပံအနီကြောင့် မျှော်လေရာ ခင်တန်းတိုင်း၊ ရှုလေရာ ကုန်းမို့တိုင်းသည် ရဲရဲနီလျက် ရှိတော့သည်။

ပြာစင်လွင်သော မိုးသားရင်ခွင်ဝယ် မြလယ်တောလည်း အိုခဲ့ပြီ။ သစ်ပင်တောအုပ်တို့လည်း မွဲအိုသော ဝတ်ရုံစိမ်းကို ခြွေလဲရန် ပြင်နေကြပြီ။ သည်အခါ သစ်လွင်စွာကျန်ခဲ့သူမှာ အနီ၊ တောက်ပရဲလွင်သော အနီ။ အပူရောင်ပေမယ့် စံဝရင်မှာကြည်နူးရသည်။

စိန်အိနှင့် လွဲခဲ့ရသည်မှာလည်း ယခုနယ် ကောက်ပြတ်ဦး လက်ပံရဲရဲ ကသစ်နှင့် ပေါက်ရဲရဲတို့ မြူးကြွနေချိန်။ မိမေ့နှင့် ကြိုက်ခဲ့ကြသည်မှာလည်း သည်ရာသီ။ စံဝ ရှာဖွေသောအရာမှာ သည်အနီများ မဟုတ်ပေ။ တစ်ဖက်လယ်ပွဲမှ အဖေ့ကိုသာ ဖြစ်၏။ စံဝ အဖေလည်း ကောက်ပြတ် ကတည်းက လှည်းလမ်းပေါက်ချိန်ကို စောင့်ဆိုင်းရင်း လယ်ပြင် စောင့်ခဲ့ရသည်။ ကန်သင်းတစ်ခုသာ ခြားသော ကျောက်ပျဉ်ဖိုးလယ်ပွဲကို အဖေတို့ လုပ်သည်။ အဖေသည် အိမ်မပြန်။ ထမင်းအပို့ကို စောင့်ပြီးစားသည်။ စံဝကတော့ ပြန်ရပေမည်။

`အဖေရေ ဖျိုးအဖေ´

`ဟေး´

ဦးဟိန်း၏ အသံကိုသာ ကြားရသည်။ လူကိုကား မမြင်ရ။ ကွက်တူးနေသလား၊ မြတ်ရိတ်နေသလား။

`ကျုပ် အိမ်ခဏပြန်လိုက်ဦးမယ်´

`အေး´

ဦးဟိန်းသည် ကန်သင်းဆုံရှိ ဥနဲပင်ကလေးအကွယ်မှ ပေါ်လာ၏။ ဤမျှ ချမ်းအေးနေချိန်တွင် အင်္ကျီမပါ၊ `ကိုယ်ချည်းတုံး´ဖြင့်။ တစ်ဖက်တွင် တံစဉ်၊ တစ်ဖက်တွင် မြက်ဆုပ်ကို ကိုင်ထား၏။

`ပြန်လေကွာ၊ မင့်လယ်ကို ငါကြည့်လိုက်မှာပေ့ါ´

`အဲသာထက် အဖေတို့ဘက်မှာကော ကွက်´

`ကွက် ပြောမနေနဲ့ဟေ့၊ ငါ့လခွေးသယ်မှပဲ၊ ကောက်လှိုင်းတွေ မြန်မြန်မသယ်ရင် ကွက်စားသာ၊ ကွက်ချီသာနဲ့ ကုန်မှာပဲ၊ ငါ့လခွေး သူတို့စားဖို့ စိုက်ထားသာကျနေသာပဲ´

`ပိုးသတ်ဆေးနဲ့ အစာနဲ့ရောပြီး ထောင်ရကောင်းမလား အဖေ´

ဦးဟိန်း ခေါင်းတစ်ချက် ငဲ့လိုက်သည်။

`ဝါချိန်ကျရင် ဖျန်းစရာဆေးမလောက်မှ ဟုတ်ပေ့ဖြစ်နေမယ်ဗျား´

`သာဖြင့် အဖေ့ခွေးရော၊ ကျုပ်ခွေးပါ ခေါ်ခဲ့ရကောင်းမလား´

`ကောင်းသယ်၊ အေး ထောင်ချောက်လည်း ရသလောက် လုပ်ထားလိုက်မယ်ကွာ´

`အောက်ဘက်လည်း နည်းနည်းမျှော်လိုက်ပါဦး အဖေ´

`အေး အေး´

စံဝ မြက်ထုံးနှစ်ခုကြားသို့ ဝင်ကာ ထမ်းပိုးကို ထမ်းလိုက်သည်။ မြက်ထုံးနှစ်ထုံးသည် ထမ်းပိုးအဖျားနှစ်ဖက်မှ ညွတ်ပဲ့ညွတ်ပဲ့ ခုန်ပေါက်လျက် လိုက်ပါလာကြ၏။ ဆွမ်းခံဝင်ချိန်တိုင်ခဲ့သော်ငြား ကန်သင်းထက်ရှိ ပန်းတော်နီမြက်များတွင် နှင်းရွဲနေဆဲရှိသေး၏။

နီမောင်းသော ပန်းတော်နီမြက်များကြားတွင် ရွှေခြည်သစ်နှင့် ပဲရင်းပင်များ စွင့်ထောင်နေကြ၏။ စုံ့ပွသော ရွက်များမှာ နှင်းရည်ဖြင့် အိရွဲနေသည့်နည်းတူ အဝါပွင့် အခဲအခက်ကြီးများရော အသီးများမှာပါ နှင်းဥ သီကြည်နေပေသည်။ လယ်ပွဲများစုတွင် ကောက်လှိုင်းစည်းသူများ ကောက်ရိတ်သူများ၏ တေးချင်းသံ ညံနေ၏။ တစ်ချက်တစ်ချက် `သော´ကနဲ ရယ်မောသံကြားလျှင် စံဝ ခြေလှမ်းမှားသွား၏။ ချောနေသော ကန်သင်းမှ ချော်ကျ၏။

ဖျာလိပ်သလို ကျစ်နေအောင် လိပ်ထားသောကြောင့် သေးငယ်သည် မြင်ရပေမင့် ထမ်းပိုးချွန်ထိပ်မှ မြက်ထုံးနှစ်ထုံးသည် တဖြည်းဖြည်း လေးလာ၏။ စံဝကျောရိုးဘေးမှ ချွေးစီးကြောင်းကြီးတစ်ခု အောက်ဘက်သို့ စီးကျသွားသည်ကို သိလိုက်ရ၏။ စံဝ နားမှ ဖြစ်တော့မည်။ နားလျှင် အရိပ်ခိုပြီး နားမှကောင်းမည်။ သို့သော် နားမည်ကြံတော့မှ ထန်းပင်ပေါက်ကလေး တစ်ပင်၊ ချုံတန်းကလေး တစ်တန်းသော်မျှ မတွေ့ရ။

`စံဝရေ ပြတ်ပလားကွေ့´

ကွေ့သည် ကွနှင့် ဟေ့ကို ပေါင်းထားသောအသံဖြစ်၏။ ထောင်မတ်နေသော မြည့ာရိုးတွင် ပုလဲဖြူပွင့်များ ရံသီကာ ပွင့်နေသည့် ပဲကြီးခင်းကလေး တစ်ခုအစပ်ကို

အဖြတ်တွင် တစ်ဖက်လယ်ကွက်ထဲမှ လှမ်းမေးလိုက်ခြင်းဖြစ်၏။ မည်သူဟု ကြည့်ရန်မလို။ အသံကြားရုံဖြင့် စိန်သောင်းမှန်း သိသည်။

`အေးကွ၊ လှည်းလမ်းစောင့်နေသာ´

ပါးစပ်မှလည်း ဖြေ၊ ခြေကိုလည်း သုတ်သုတ်နတ်ကာ ထမ်းပိုးသံ တကျွိကျွိဖြင့် ပဲကြီးခင်းကို ချန်ထားခဲ့သည်။ ရှေ့မှ လယ်ပွဲကား ဝါးပင် မလှဲရသေး။ `ဝီရိယ နည်းလှချေကလား´ အပြစ်တင်မိပြီးမှ လယ်ကွက်တွင်းကို ငုံ့ကြည့်မိ၏။ `သြော် ရေတွေ ရှိနေသာကိုး´

ကုန်းကျောကလေးတွင် မောင်မခေါ် ပဲတစ်မျိုးကို ကြဲထားသည်။ မြည္ဘာရိုးတွင် ဖက်တွယ်ထားသော ပြာပြာအပွင့်ကလေးတွေကို မြင်ရုံဖြင့် `မောင်မခေါ်´ မှန်း သိလိုက်သည်။ မောင်မခေါ်ခင်းနှင့် ဆက်နေသော ကန်သင်းဆုံတွင်လည်း အပွင့်ပြာတွေနှင့်ပင်။ သို့တစေ သူက အရွက်ချောသည်။ ပွင့်ပုံကလည်းအတံတစ်ခုတွင် ပတ်ရံမပွင့်။ အစုစု အခဲခဲပွင့်သည်။ ဤသည်က တိုင်ထောင်ပဲ။ လယ်ကွက်ထဲတွင် ရေပြည့်နေချိန်၌ ကန်သင်းများမှာ အလိုလို အစိုဓာတ်ရပြီးသားဖြစ်နေ၏။ လယ်သမားသည် ဤကန်သင်းတွင် နွားစာမြက်ချည်း မွေးမထားနိုင်။ ဟင်းဟစားပဲရရ၊ ပဲရင်း၊ ပဲလွန်း၊ တိုင်ထောင်ပဲနှင့် ပဲငါးပိတို့ကို စူးထိုးစိုက်ကြ၏။ ထမ်းပိုးသံ တကျွိကျွိကို ဆူညံသောအသံများက ရုတ်ချည်း လွှမ်းမိုးလိုက်သည်။ လှည်းလမ်းဆုံ လက်ပံပင်ကြီးမှ ဆက်ရက်ညိုများ စီကနဲ ထအော်ကြခြင်း ဖြစ်သည်။

ဝါအိုသောအရွက်များ တဝဲဝဲတလည်လည် ကြွေကျနေသည့်ကြားမှ ခေါင်းစိမ်းကိုယ်နီနှင့် လက်ပံပွင့်များ ထိုးစိုက်ကျဆင်း လာကြသည်။ လှည်းလမ်းဝဲယာတွင် လက်ပံပွင့်များ စုထပ်နေကြ၏။ စံပ နားစရာအရိပ် ရှာမတွေ့။ ပင်စည်အရိပ်ကျသော ဘက်တွင် ကင်ပွန်းခါးကိုင်းခြောက်တွေ ရှိနေသည်။ ထို့ကြောင့် ထမ်းပိုးကို ပုခုံးပြောင်း ထမ်းကာ သွက်သွက်လျှောက်လာခဲ့ရသည်။ ပတ္တမြားဝတ်ရုံရှင်ကား ဆက်ရက်သံ တညံညံဖြင့် ဝေး၍ဝေး၍ ကျန်ခဲ့ပေတော့၏။ တစ်ခုသောအရာ ဝေး၍ဝေး၍ကျန်ခဲ့သော တစ်ခုသောအရာသည် နီး၍နီး၍လာပြန်၏။ ရွာ၊ သမီးသားနှင့် ဇနီးမယားတို့

မျှော်တစောင့်စောင့် ရှိနေကြမည့်ရွာ။ ရွာထိပ်က ပေပင်ညီနောင်ကိုသာ မြင်ရသေးသည်။ သို့တစေ စံဝ အမောတဝက် ပြေသွားသည်။ မြင်သာသောနေရာမှ မျှော်ကြည့်သော် အိမ်ရှေ့၌ ငြိမ်နေ၏။ ဝိုင်းထဲတွင်လည်း တိတ်နေ၏။ အခါတိုင်း ယောက်ယက်ခတ်နေသော သမီး၊ မျောက်ရှုံးအောင် ဆော့သော သားတို့ဘယ်သွားကြပါလိမ့်။

`မိမေးများ နေမကောင်းရော့လား´

သည်အခါ အတွေးပူသည် ဆင့်ပိုလာရချေ၏။

`ကလေးတွေများ မီးလှုံရင်း မီးဖိုထဲပဲ လိမ့်ကျသလား။ အပူနည်းတယ်ဆိုပြီး ရှေ့အတိုးနဲ့ မီးဖိုက ထအတောက်နဲ့ အဝတ်ကို မီးစွဲပြီး တစ်ကိုယ်လုံးပဲ လောင်ရော့သလား´

စံဝမှာ မြက်ထုံးနှစ်ထုံးကို ပစ်ချကာ အိမ်သို့ ပြေးသွားချင်လာ၏။ သို့ပေမင့် မြက်ထုံးနှင့် ထမ်းပိုးကို မပစ်ဖြစ်။ လူကသာ သုတ်ခြေတင်လာခဲ့မိသည်။

`ဟော အဖေ လာပြီ´

မိမေး၏အသံ။ သို့သော် မတိုးမကျယ်။ မိမေးအသံကို ကြားရစေကာမူ ရုတ်တရက် ဝမ်းသာမိမည် ဖြစ်သော်ငြား၊ သည့်နှယ် မအေက မတိုးမကျယ် ပြောပေးရခြင်းသည် ကလေးတွေ တစ်ခုခုဖြစ်နေသောအခါတွင် ပြုလေ့ပြုထရှိသော အပြုဟု သတိရလိုက်ကာ ဝမ်းအသာ ပျောက်သွားရ၏။ အမောတက်လာ၏။ ပုခုံးပေါ်က မြက်ထုံးကို အသာအယာ ချမနေ။

ထမ်းပိုးပဲ ကျိုးကျိုး၊ မြက်ထုံးပြေပြီး ဖွာလန်ကြဲချင်လည်း ကြဲရော့။ ပစ်ချခဲ့ကာ အိမ်ကလေးပေါ်သို့ လှစ်ကနဲ တက်လိုက်သည်။ အိမ်ကပြင်မှ အိမ်မသို့ဝင်သော တံခါးပေါက်ဝတွင် အိုးပုတ်များက ဆီးကြိုနေကြသည်။ တချို့အိုးပုတ်တွင် ဖုန်မှုန်းများ ပြည့်နေ၏။ သစ်ရွက်မျိုးစုံလည်း ပြန့်ကြဲနေ၏။ သားငယ်သည် မိမေးရင်ခွင်ထဲတွင် ထိုင်ကာ မိမေးဒူးကို ခေါင်းနှင့် မှေးမှီထားသည်။ သူ့ရှေ့တွင် မုန့်ကျွဲသည်း တစ်ပန်းကန်။ သို့သော်

တကယ်စားရသော မုန့်ကျွဲသည်းကား မဟုတ်။ ကြွက်နားခေါင်းရွက်ကို ရေဆွတ်ပြီး လုံးထွေးခြေမွကာ ညှစ်သည်။ ညှစ်၍ရသော အရည်ကို နေလှန်းလိုက်လျှင် ခဲသွားသည်။ ထုံးရည်ထည့်ဖျော်လျှင် ခဲသွားသည်။ အရောင်ကလေးက ညိုတိုတို၊ မုန့်ကျွဲသည်းရောင်နှင့် နီးစပ်သည်မို့ ကလေးတို့ ကစားပျော်မြူးရာတွင် မုန့်ကျွဲသည်းဟု ချစ်စနိုးခေါ်ကြသည်။ စံဝ၏ သားငယ်ကား ကစားစရာမုန့်ကို စိတ်ဝင်စားသော်ငြား၊ ကစားနိုင်စွမ်း ပျော်ရွှင်နိုင်စွမ်း ရှိဟန်မတူ။ သို့ဆိုလျှင် နေမကောင်းချက် ဆိုးနေပြီလော။

`သမီးကောဟင် သမီး´

`သမီးဒီမှာ အဖေ´

စံဝ လောကြီးသွားသည်။ နေရောင်ထဲမှ လာခဲ့သဖြင့် အရိပ်ထဲတွင် အမြင်မသဲကွဲ။ သို့ကြောင့် တံခါးပေါက်မှ လှမ်းသောနေရာတွင် လှဲနေသည့် သမီးကို မမြင်ခြင်းဖြစ်၏။

`ကလေးတွေ ဘာဖြစ်ကြသလဲဟင်´

မိမေးထံ လှမ်းမေးရင်း သမီးကြီးနဖူးကို ပြေးစမ်းသည်။ နဖူးမှာ အေးလျက်ပါတကား။

`အင်း ကိုယ်လည်း မပူပါကလား´

မြည်ကာရွတ်ကာ မိမေးရင်ခွင်တွင်းမှ သားငယ်နဖူးကို စမ်းပြန်သည်။ သူလည်း မပူချေ။

`သား ဘယ့်နယ်နေလဲဟင်´

`နာယယ်´

လက်တစ်ဖက်ကို ထောင်ပြသည်။ စံဝ ငုံ့ကြည့်သည်။ ပရုတ်ဆီလိမ်းထားသည့်

အတွက် အသားကို မမြင်ရ။ စံဝ မည်သို့လုပ်ရမည် မသိ။ သို့စဉ်တွင် မိမေ့က အေးဆေးစွာ ပြောပြပေသည်။

`မနက် မီးထလှုံတော့မှ နာသယ်ဆိုပြီး နစ်ယောက်စလုံး ငိုကြသာပဲ။ အဲသာနဲ့ ကြည့်တော့ သားက လက်သန်းရယ်၊ လက်မရယ် ထိပ်ကလေးတွေ ပဲ့နေသယ်၊ သမီးကတော့ အလယ်သုံးချောင်း ပဲ့နေသယ်´

`တော်တော်များသလား´

`များသာပေါ့၊ သွေးတောင် ခဲနေသဲ့ဟာ´

`ကြွက်ကိုက်သာများလားဟာ´

`ကြွက်ကိုက်သာ သာလောက်များမလားတော်´

မိမေ့က ဆောင့်ဆောင့်အောင့်အောင့် ဖြေလိုက်သောအခါ စံဝ ရေထသောက်၏။ ဆောင်းကလည်းဆောင်း၊ အိုးကလည်း နွေမှာပင် အေးသော သဲကြမ်းအိုး။ သို့ဖြစ်ငြား ထိုရေသည် စံဝရင်မှ အပူကို မငြိမ်းစေနိုင်။ ရေသောက်အပြီးတွင် ဆေးလိပ်တိုကို ကောက်ကိုင်သည်။ ဆေးလိပ်ကို မညှိဘဲ ချပစ်ခဲ့ကာ ကပြင်သို့ ထွက်သည်။ အထဲသို့ ပြန်ဝင်ပြန်သည်။ သို့ရာတွင် တံခါးပေါက် မရှိသောနေရာမှ ဝင်မိသဖြင့် ထရံနှင့် ဝင်တိုက်ကာ ပက်လက်လန် လဲကျရသည်။

`အရေးထဲမှာ တော်က ဘာဖြစ်ရသာလဲ´

`ဘာဖြစ်ဖြစ်ဟာ´

မိမေ့၏အငေါက်ကို သူက အအော်ဖြင့် တုံ့ပြန်လိုက်သည်။ သည့်နောက်တွင် မိမေ့ပြောစကားကို စံဝ မကြားတော့။ လှည့်လမ်းတွင် စက်ဘီးစီးသွားသော မိန်းမ

တစ်ယောက်ကို လှမ်းမြင်လိုက်ရသောကြောင့်ဖြစ်၏။

`ဆရာမ ဆရာမ´အော်လျက် ကပြင်မှ ခုန်ဆင်း၏။ ၀ိုင်းအပြင်သို့ ပြေးထွက်၏။ အင်္ကျီဖြူလက်စကတွင် ဆွယ်တာအင်္ကျီကလေးကို ယဉ်ယဉ်ကလေး ခြုံထားသော ထဘီနီနှင့် ထိုမိန်းမသည် ၀ိုင်းအပြင်သို့ စံ၀ မရောက်မီပင် စက်ဘီးပေါ်မှဆင်းကာ ၀ိုင်းထဲသို့ တွန်း၀င်လာ၏။

`မမေ့းရဲ့ ခင်ပွန်း ထင်ပါရဲ့´

`ဟုတ်ပါသယ် ဆရာမ၊ အိမ်မှာ ကလေးနှစ်ယောက် လက်တွေ ဘာဖြစ်မှန်း မသိလို့ပါ ဆရာမ´

`ကြွက်ကိုက်တာ ဖြစ်မှာပေါ့ရှင်´

`သူတို့အမေကတော့ ကြွက်ကိုက်သာ မဟုတ်ဘူး ပြောသယ်ဗျာ၊ အဲသာကြောင့် တစ်ဆိတ်လောက်´

ဆရာမကလေးသည် စက်ဘီးကို ဒေါက်ထောက်ထားခဲ့သည်။ စံ၀နောက်မှ သွက်လက်စွာ တက်လိုက်လာသည်။ ပိတ်ထားသော ခေါင်းရင်း ပြတင်းပေါက်များကို အဖွင့်ခိုင်းပြီးမှ ကလေးနှစ်ယောက်၏ လက်ကို ရေနွေးဖြင့် ဆေးပေးသည်။ ဆေးထည့်ပေးသည်။

`အဲသာ ဘာဖြစ်သာလဲ ဆရာမ´

မိမေ့းကလည်း မေးပြန်သည်။

`ကြွက်ကိုက်တာပါရှင်´

`ဟင်´

`ကဲ နော် မေးမယ်နော်၊ မနေ့ညက ကလေးတွေ ဘာဟင်းနဲ့ ထမင်းစားကြသလဲ´

`အမဲသားဟင်းနဲ့´

`အဲဒါပေါ့ မမေးရဲ့၊ ဒါထက် မမေးတို့သားအမိတွေ အိပ်တဲ့အခါ ခြင်ထောင် မထောင်ဘူး မှုတ်လား´

`ဟုတ်သသယ် ဆရာမ၊ ရှိသဲ့ ခြင်ထောင်က နေထိုင်မကောင်းသဲ့အခါမှာ ထောင်ဖို့´

စံဝအဖြေ ဖြစ်၏။

`ကလေးတွေက အမဲသားဟင်းနဲ့ ထမင်းစားပြီး လက်ကို စင်အောင်မဆေးဘဲ အိပ်တော့ ကြွက် ဟင်းနံ့နံနေတဲ့လက်ကို စားစရာမှတ်ပြီး ကိုက်ဖဲ့စားတာပဲရှင့်´

`ဟင်´

ဆိုကာ မိမေး မျက်လုံးပြူးနေ၏။ ထိုပြူးသော မျက်လုံးများဖြင့် ဆရာမကို ကြည့်လိုက်၊ စံဝကို ကြည့်လိုက်ဖြစ်နေသည်။

`ခြင်ထောင်ထဲမှာ ဆိုရင်တော့ ကြွက်ဟာ အလွယ်တကူ အနားမကပ်နိုင်လို့ အကိုက်ခံရဖို့ မလွယ်ပါဘူး´

ဆရာမကလေးက အိမ်ခေါင်မိုးကို မော့ကြည့်လိုက်သည်။ အမိုးသက်ကယ်များ သစ်လွင်နေသေးသော်ငြား ခေါင်တွင် အပေါက် သုံးလေးပေါက် ပေါက်နေ၏။

`အဲဒီအပေါက်တွေဟာ ကျီးကန်းဖောက်တာ မဟုတ်လားရှင်´

`ဟုတ် ဟုတ်ပါသယ်´

တအံ့တသြ ဖြစ်နေရသောကြောင့် စံဝမှာ ထစ်ထစ်ငေါ့ငေါ့ ဖြေမိရသည်။

`အဲဒါရဲ့ ပင်မတရားခံက ကြွက်ရှင့်´

`ဗျာ´

`အစ်ကိုကြီးတို့က အိုးခွက်ပန်းကန် ဆေးတဲ့ရေတွေကို လွယ်လွယ်ပဲ အိမ်အောက်ကို သွန်ချကြတော့၊ ကြွက်အတွက် အစားအစာ ရသွားတာပေါ့၊ စားကြွင်း စားကျန်ကိုလည်း လုံအောင် ဖုံးအုပ်မထားတဲ့အတွက် ကြွက်က နီးနီးနားနားလည်းဖြစ်၊ လူရဲ့အန္တရာယ်ကလည်း လွတ်တဲ့ အိမ်ခေါင်တက်ပြီး အသိုက်လုပ်တာပေါ့´

စံဝမှာ ပါးစပ်ဟပြီး ငေးနေရ၏။ ငေးနေရခြင်းမှာ အံ့သြနေရသောကြောင့် ဖြစ်ပေ၏။ သိလှချေလားဟူသော သဘောဖြင့်။

`ဒါပေမယ့် အိမ်ခေါင်က ကြွက်သိုက်ထဲမှာ ကြွက်သားနီနီရဲရဲ ကလေးတွေ ပေါက်လာကြတဲ့ အချိန်မှာ၊ အိမ်ခေါင်ကို လာနားတဲ့ ကျီးကန်းက သိတယ်။ သိတော့ ကြွက်ကလေးတွေကို ယူဖို့အတွက် အိမ်ခေါင်ကို ဖောက်တာပါပဲ´

`ဪ´

`ထမင်းစားတဲ့အခါမှာ ဟိုပစ်သည်ပစ် မပစ်ဘဲ စားပွဲပေါ်မှာ တင်ထားပေါ့။ ထမင်းစားလို့ ပြီးသွားပြန်တော့လည်း စားပွဲခုံပေါ်က ထမင်းစေ့တွေ၊ အရိုးအရင်းတွေကို အလွယ်တကူ အိမ်အောက် ပစ်မချနဲ့ပေါ့။ အိုးခွက်ပန်းကန်ဆေးတဲ့ ရေသွန်တဲ့နေရာ တစ်နေရာ သတ်မှတ်ထားပြီး၊ အဲဒီမှာ စနစ်တကျသွန်မယ်၊ စားကြွင်းစားကျန်တွေ စွန့်ပစ်မယ်ဆိုရင် အိမ်ပေါ်မှာ စားစရာ အလွယ်တကူ မရှိတဲ့အတွက် ကြွက် နည်းသွား

ပါလိမ့်မယ်´

စံဝ ခေါင်းညိတ်နေရသည်။ မိမှေးမှု ပြော်ပင်မဆိုနိုင်ဘဲ ဆရာမကလေးကိုသာ ငေးကြည့်နေမိ၏။

`ပြီးတော့ ရှိသေးတယ် အစ်ကိုကြီးရဲ့´

`ဟုတ်ကဲ့ ဆရာမ´

`ကလေးတွေကို လက်သည်းခြေသည်း မရှည်ပါစေနဲ့၊ အစားအစာ စားခါနီးမှာ လက်ကို ဆပ်ပြာနဲ့ စင်အောင်ဆေးပါစေ´

`ဆပ်ပြာနဲ့ ဟုတ်လား ဆရာမ´

မိမှေး၏ အမေးဖြစ်သည်။

`ဟုတ်ပါတယ်၊ ပြော် ဒါပေမယ့် ရေနဲ့ သေသေချာချာဆေးရင်လည်း ရပါတယ်။ အထူးသဖြင့် ညစာစားအပြီးမှာတော့ ဂရုတစိုက် ဆေးပါ။ ဂရုတစိုက် မဆေးရင် မကြာခဏ အခုလိုပဲ လက်ကို ကြွက်ကိုက်ခံရမှာပဲ´

သမီးကြီးလှလှမှာ လက်အနာ သက်သာစပြုလာသဖြင့် ဆရာမအနား တိုးလာ၏။ ဆရာမက ပါးကလေးကို အသာအယာ ဖျစ်လိုက်၏။

`နောက်ကို ထမင်းစားပြီးရင် လက်ကို စင်အောင်ဆေးနော် သမီး´

လှလှ ခေါင်းညိတ်ပြ၏။

ထိုအခါ မိမှေးက ...

`သဲဆပ်ပြာနဲ့ ဆေးရင်ကော ရမလား ဆရာမ´

မရဲတရဲ မေးသည်။

`ရပါတယ်ရှင် ရပါတယ်´

သွက်လက်စွာ ဖြေအပြီးတွင် အိမ်အောက်သို့ ငုံ့ကြည့်၏။

`အိမ်အောက်က ဗွက်ကိုလည်း သဲနဲ့ဖြစ်ဖြစ်၊ ဖုန်နဲ့ဖြစ်ဖြစ် ဖို့ပေးပါနော်၊ အဝတ်တွေလည်း စုတ်ချင်စုတ်ပါစေ၊ သန့်သန့်ရှင်းရှင်းကလေး ဝတ်ပေးပါနော်´

ဆရာမကလေးသည် သွက်လက်ချက်ချာစွာ တစ်ခုပြီးတစ်ခု ညွှန်ကြားပြီးနောက် နှုတ်ဆက်ကာ ထွက်ခွာသွား၏။ ဆရာမကလေး လမ်းကွေ့တွင် ပျောက်ကွယ်သွားမှ မိမေး စကားစတင်နိုင်၏။

`အိမ်မှာ ဆပ်ပြာမရှိသာလည်း ကြာပြီ´

`အိုကွာ သဲဆပ်ပြာနဲ့ ဆေးရင်လည်း ရသားပဲ´

`အဝတ်လျှော်တော့ တော့်သဲဆပ်ပြာကြီးနဲ့ ကောင်းမလား တော်ရဲ့´

ဈေးကြီးသောဆပ်ပြာကို မဝယ်ရရန် စံဝ စဉ်းစား၏။ စဉ်းစားရင် ဆေးလိပ်တိုကို ကောက်ယူမီးညှိသည်။ မီးညှိဆဲတွင်ပင် အကြံရလာသည်။

`သဖျက်ပင်ရဲ့ဥကို ထုပြီး အဝတ်လျှော်ရင်လည်း ဆပ်ပြာလိုပဲ အမြှုပ်ထွက်သဗျာ၊ အေးကွာ ငါလည်း အခုမှ သတိရသယ်´

စံဝ သူ့ဘာသာသူ ကျေနပ်အားရပြီး ရယ်မောနေ၏။

`ဘာ သဗျက်ဥ ဟုတ်လား´

`ဟုတ်ပါသဗျား၊ မယုံရင် မင့်အမေ မေးကြည့်´

တစ်ဆိတ်ရှိ သူ့အမေ ပြေးပြေးမေးတတ်သော မိမှေး၏အကျင့်ကို သိသည့်အလျောက် ပိတ်ပြီးပြောလိုက်ခြင်းဖြစ်၏။ သို့ဖြစ်ငြား၊ မိမှေးမနေ၊ `ခဏနေဦး´ဆိုကာ အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ မိမှေးနောက်သို့ ကလေးနှစ်ယောက်လည်း ပြေးလိုက်သွားကြသည်။ စံဝလည်း ထိုအခါကျမှ နွားတွေကို အစာကျွေးရန် သတိရပြီး အိမ်ပေါ်မှ ပြေးဆင်းလိုက်မိလေ၏။

**၁၉၇၉၊ မေ၊ ရှုမဝမဂ္ဂဇင်း**

## အပွင့်အသီးတို့မြိုင်ဝေ

### ၁

မြလိုင်းတွန့်ကြီးသည် တရှဲရှဲမြည်လျက် တစ်ဖက်ကန်သင်းသို့ ပြေးသွား၏။ တစ်ဖက်လယ်ကွက်တွင်းမှ ကောက်ပင်များသည် မြညှာမြရိုးများဖြင့် နွဲ့လူးကြိုဆိုရာက ရှေ့ဘက်သို့ မြလိုင်းတွန့်ကြီးကို သယ်ဆောင်သွားပြန်လေ၏။ မြင်ကွင်းသည် ဝေး၍ဝေး၍ သွား၏။ မြလိုင်းတွန့်ကြီးကား ပြေးလွှားနေဆဲပင်။ မြရွက်တွင် ငွေရည်လိမ်း၍ ငွေရည်တွင် ငွေလွှာခြုံထားသော မြနှစ်မြခဲများ ပြည့်သိပ်စပြုပြီ။ မြကောက်နှံတို့သည် ထောင်မတ်ရာမှ ငိုက်စောင်းစပြုပြီ။

ချိုးတစ်ကောင်၏ ပျင်းတိပျင်းတွဲ ကူသံသည် နင်းဝတ်ရုံကို ထိုးဖောက်ရောက်ရှိလာသည်။ ပေါက်ပင်ပေါ်ကလား၊ ထန်းပင်ပေါ်ကလား စံဝ မခန့်မှန်းတတ်။ လှမ်းမျှော်ကြည့်သည်။ အသံတိတ်သွား၏။ ပဲလှော်ဖိုး လယ်ပွဲအစပ်ရှိ ထန်းပင်ကြီးမှာ မီးလောင်ထားသည့်နယ် နင်းကမ္ဗလာအောက်မှ မည်းမည်းကြီး ရပ်ပြနေ၏။

ပုစွန်လုံးတစ်ကောင်သည် စံဝအား တွင်းဝမှ လက်မတထောင်ထောင်ဖြင့် အကဲခတ်နေ၏။ စံဝ ရှေ့တိုးလာသောအခါ တွင်းထဲ ဝင်ပြေးသည်။ စံဝသည် ကောက်နှံတစ်နှံကို တယုတယ ကိုင်ကြည့်သည်။ ဖုံးစလုံးစ သန္ဓေသားများကို အမြေးပါးအောက်တွင် အတိုင်းသား မြင်ရ၏။ ကတွတ်ပေါက်မှ ရေများ တသွင်သွင် ဝင်ထွက်နေကြသည်။ မြောင်းထဲတွင်လည်း ရေတွေ အပြည့်အလျှံ။ သည်ပုံဆိုလျှင် သည်စပါး အောင်ပြီပေါ့။ အတွေးသည် စံဝရင်ကို ထိခတ်၏။ ရင်မှ ကြည်နူးမှုသည် နှုတ်ခမ်းသို့ ကူးစက်၏။

ကန်သင်းတိုင်းတွင် ပန်းတော်နီမြက်များ ဖုံးလွှမ်းနေပုံမှာ ပတ္တမြားမျှင်များ ပြေးလွှားနေဘိသို့ရှိ၏။ စံဝ ခြေလှမ်းလှမ်းတိုင်း နင်းသီးကလေးတွေ ပြတ်ကြွေ၏။ စံဝ ခြေသလုံးတွင် နင်းရည်နှင့် အမှိုက်များ လူးကျံနေသည်။ မန်ကျည်းပင်ရိပ်အစပ်တွင်

နင်းအကျသက်သာသည်။ သည်နေရာတွင် မြက်ရိတ်၍ ရတန်ကောင်း၏။ ခါးမှ တံစဉ်ကို ဖြုတ်ပြီး ပလူမွေး ပလူတောင် မြက်များကြားတွင် ဆောင့်ကြောင့်ထိုင်၏။ မထူးခြားပါ၊ နင်းဖြင့် ရွှဲနစ်နေသည်။

နင်းသင်တိုင်းကြားမှ နေရောင်ခြည်တန်းကလေး ထိုးကျလာ၏။ ကန်သင်း တစ်ခြမ်းစီတွင် ပန်းတော်မြက်များနှင့် နေရာလုထားသော ပဲပင်များ ထင်းကနဲ ပေါ်လာ၏။ စပါးပင်များကို ကျော်လွှားရန် ရွက်ဖားစိမ်းကြီးများ စွင့်ထောင်ထားသော ပဲပင်များမှာ သန်မာလှပါဘိ။ အပွင့်ပြာပြာ များကို ထောင်မတ်လျက် ပွင့်နေသော အပင်များမှာ `မောင်မခေါ်ပဲ´များ ဖြစ်သည်။ အမွေးရှိသော ရွက်ပွကြီးတွေထဲမှ ထိန်လျှပ်နေသော ပွင့်ဝါများမှာ ပဲရင်းဖြစ်သည်။ မောင်မခေါ် ပဲပွင့်များကို မြင်မှ အိမ်သူဇနီး မိမေးကို စံဝ သတိရ၏။ သည်အနီးအနား လယ်ပွဲများတွင် ပဲကြီး၊ တိုင်ထောင်ပဲနှင့် ပဲရင်းကိုသာ `ကန်သင်းထိုး´ ကြ၏။ မည်သူမျှ မောင်မခေါ် မထိုး။ မိမေးတစ်ယောက်သာ `စမ်းကြည့်သာပေ့ါတော်၊ ရွက်ထားရသာ မှတ်လို့´ဆိုကာ ဆတ်ဆော့ခြင်းဖြစ်၏။

`ဖျောက်ဆိပ်ခေါက်တဲ့၊ သန်းသတ်ခေါက်တဲ့။ ဘာလုပ်ဖို့ပါလိမ့်´

မိမေး၏ အမှာစကား ကြားခါခဏတွင် ခါးကို ယောင်ယမ်းစမ်းမိသည်။ တံစဉ်သာ ရှိ၏။ ဓားကား ပါမလာချေ။ စံဝဦးခေါင်း ဟိုမော့သည်မော့ မော့သည်။ ဟိုကြည့်သည်ကြည့် ကြည့်သည်။ ညောင်ပင်၊ ထန်းပင်၊ လက်ပံပင်၊ မန်ကျည်းပင်။ ဖျောက်ဆိပ်ပင် မရှိ။ သို့သော် သန်းသတ်ပင်ကား မရှားသေး။ နွယ်ဆန်ဆန် အရိုးကြမ်း အရွက်ကြမ်းနှင့် ဆူးရှိသည်။ သဘော်ကုက္ကိုပွင့်နယ် အပွင့်များ ပွင့်သည်။ စင်စစ် မိမေး၏ အမှာစကား မဆုံးသေး။ `ကုက္ကိုခေါက်နဲ့ သရက်ခေါက်ကိုတော့ အိမ်နားမှာပဲ ရနိုင်ပါတယ်လေ´ဟူ၍ ဆက်သေး၏။ `ဘာလုပ်ဖို့ပါလိမ့်´တွေးရင်း မိမိလုပ်သော ငှက်ပျောပင် စိုက်လယ်၏ အောက်ဆုံးကန်သင်း သို့ ရောက်လာ၏။ အောက်ဆုံး လယ်ကွက်တွင်းရှိ ရေနေရေထားမှာ နည်းသည်ထင်၏။ ထို့ကြောင့် စံဝ ပုဆိုးတိုတိုဝတ်သည်။ သပိတ်လုံး အရွယ်ခန့်ရှိ ရွှံ့ခဲကြီးတစ်ခဲ သယ်လာပြီး ကတွတ်ပေါက်တွင် ချသည်။ လိုသည့် အနိမ့်အမြင့် ရသည်အထိ ခြေဖြင့် နင်းပေးသည်။

ကတွတ်ပေါက်မှ ရေကျသံ တဖြောဖြောသည် ရပ်တန့်သွား၏။ နင်းခြောက်စပြုလာပြီမို့ စံဝ ခြေလက်ဆေးသည်။ မြက်ရိတ်သည်။ ဝဲလက်ဖနောင့်အောက်က ပွတ်သွားသော တံစဉ်သွားများ၏ ဗျင်းကနဲ ဗျင်းကနဲ အသံမှတစ်ပါး ပကတိ တိတ်ဆိတ်နေသည်။ `ဘာလုပ်ဖို့ပါလိမ့်´ အတွေးကား မပြတ်သေး။ အောက်ဘက်လယ်ပွဲတွင် လူရိပ်လူယောင် မြင်ရ၏။ လယ်ရှင်များကား မဟုတ်။ မြက်ရိတ်ထွက်လာသော မိန်းကလေး သုံးယောက်။ ခေါင်းဖု(ခေါင်းခု) ပေါ်တွင် တံစဉ်ကိုယ်စီ တင်လျက်။

`အမယ် စောစောစီးစီး၊ တော့်မြက်တွေ ကျုပ်တို့မခိုးပါဘူးတော်´

ရှာမှတ်မှ ခင်မိဖြစ်သည်။ ကလေးနှစ်ယောက်အမေမို့ စံဝ ဝမ်းသာအားရ မော့ကြည့်သည်။

`သွားရင်းလာရင်း ဘယ်နားများ ဖျောက်ဆိပ်ပင် မြင်မိလဲဟ´

`ခိုးခိုးခါးခါးတော်၊ ဘာလုပ်ဖို့လဲ´

အလိုက်သင့် ပြန်မေးပြား ခင်မိ မျက်မှောင်ကုတ်သွား၏။

`မိမှေး မှာလို့ပါဟာ၊ အခေါက်ခွာချင်လို့´

`ဘယ်သိမလဲတော့်´

ဖြေသံနှင့်အတူ တစ်ဖက်သို့ ချာကနဲ လှည့်ထွက်သွား၏။ စံဝ ပါးစပ်ဟလျက် ကျန်ခဲ့၏။

`ဟောဗျာ ဘယ်လိုဖြစ်သွားရတာလဲဟ´

ကွက်ကနဲ မျက်နှာပျက်သွားပုံ၊ နှုတ်ခမ်းစူသွားပုံနှင့် ခက်ထန်ပြတ်တောင်းသော

စကားသံတို့ကြောင့် စံဝမှာ အတော်ကြာအောင် ငေးနေမိ၏။

`ဘယ်လိုမိန်းမလဲဟ´

သွေးပူနေသောလက် အအေးဓာတ်ပြန်ဝင်တော့မှ မြက်ရိတ်ရန် သတိရ၏။ အဆုပ်ကလေးတွေ ချထားခဲ့ပြီး ရှေ့သို့ တရွေ့ရွေ့ တိုးရိပ်လာမိပြား ခင်မိကို မကျေနပ်။ သို့လျှင် မကျေနပ်သောကြောင့် ရေရွတ်မိသည်။ တစ်ဆက်တည်းပင် `ဒါလောက် ရှားနေသာများ ဘာလုပ်ဖို့လိမ့်´အတွေးက ဝင်မြဲဝင်လာပြန်သည်။ ကန်သင်းဆုံတစ်ခုသို့ ရောက်လာပြီ။ စံဝ ကျောဘက်သို့ ပြန်လှည့်ကြည့်သည်။ စီတန်းနေသော မြက်ဆုပ်များ ကန်သင်းကွေ့လျှင် ကွေ့သည့်အလိုက်၊ ဖြောင့်လျှင် ဖြောင့်သည့်အလျောက်။

၂

မည်သို့ဖြစ်ပါသည်ဟု မပြောတတ်ပြား ရင်ထဲတွင်ကား မကောင်းဟု မိမွေး သိသည်။ ကြက်သားအုပ်မ နစ်အုပ်ကို အမှတ်မထင် ငေးကြည့်နေမိသည်။ ကြက်ကလေးများ အနီးသို့ ဥဘန်းကြီး ရောက်လာသည်။ သူသည် စိတ်မထင်လျှင် မထင်သည့်အလျောက် ကြက်ပေါက်ကလေးတွေကို ဆိတ်တတ်၏။ သို့ကြောင့် ကြက်ကလေးတွေ အနားသို့ သည်ကောင်ကြီး ရောက်လာလျှင် မိမွေး မောင်းစမြဲ။ ယခု မိမွေး မမောင်းမိ။ လက်မြှောက်ပြီး `ပလုံးတောင်း´ကိုပင် မိမွေး မသယ်ချင်။ ကပြင်တွင် ထိုင်ချကာ အိမ်ထရံကို မှီနေမိသည်။ တမြားမြားဖြစ်လာသော တံတွေးကို ထွေးရာက ကြမ်းပေါ်သို့ ပစ်လှဲလိုက်လေ၏။ ဝက်အော်သံ ပေါ်လာသည်။ နွားစာခေါင်းကို ဦးချိုဖြင့် ဝှေ့ခတ်သံလည်း တစ်ဆက်တည်းလို ပေါ်လာ၏။ ဝက်တွေ ဆာနေပြီ။ နွားစာထည့်ရမည် မိမွေး သိပါ၏။ သူ့ခမျာများ လူကျွေးမှ စားရတာပါကလားဟု မိမွေး သိပါ၊ စာနာပါ၏။ သို့ဖြစ်ပြား မိမွေး မထချင်။ ခြေမဆီမှ မျက်ကနဲ ခံစားရ၏။ မထူချင့်ထူချင်ဖြင့် ခေါင်းထောင်ကြည့်ရန် ကြိုးစားစဉ်မှာပင် မျက်ကနဲဖြစ်ရသည့် အကြောင်းကို သိရပြီ။ ခြေဖမိုးကို ကိုင်လာသော နထွေးအိသည့်အတွေ့၊ အမေလိုလို အစ်မလိုလို မပီမသခေါ်သော

အသံနှင့် ခြေသလုံးကို တဖျပ်ဖျပ်ရိုက်ပုတ်သော အတွေ့တို့ကြောင့် ဖြစ်၏။

`လူကလေး မကိုက်နဲ့၊ အော့အော့တွေ´

သည်ကောင် သွားဖုံးယားသောကြောင့် ဟိုဟာကိုက်၊ သည်ဟာကိုက် လုပ်နေသည်မှာ တစ်လခန့်ရှိပြီ။ သွားဖုံးတွင်းမှ ပြောင်းဖူးစေ့ အရွယ်ကလေးတွေ ပြူစတွင် ကိုက်လျှင်ကား တော်သေး၏။ အပေါ်နှစ်ချောင်း အောက်တစ်ချောင်းဖြင့် ကိုက်သည့် အခါတွင် နာသည်။ သို့ကြောင့် မိမှေး ခြေထောက်ကွေးလိုက်သည်။ ဝါးကြောဖျာပေါ် တဖြန်းဖြန်းရိုက်သံ ပေါ်လာသည်။ အသံဆုံးလျှင် တင်ပါးမှ စစ်ကနဲ နာကျင်၏။ တင်ပါးကို ကိုက်ပြန်ပြီ။

`လာ အမေ့ဆီလာ´

လက်ဖြင့်ယမ်းပြီး လှမ်းဆွဲသည်။ ကလေးကို မမိ။

`သမီးရေ လှလှ၊ မောင်လေးကို ခေါ်စမ်းဟယ်´

သမီးကြီး၏အသံကို မကြားရ။ နို့စို့ကလေး တဗျင်းဗျင်းနှင့် သေးပေါက်ချသံ ကြားရသည်။ တစ်ဆက်တည်းပင် ဖျာပေါ်တွင် ကျန်သော သေးအိုင်ကို လက်ဝါးဖြင့် ပုတ်ခတ်သံ ပေါ်လာ၏။ သမီးကြီးလှလှ ရောက်မလာချေ။ နို့စို့ကလေးသာ ဂူးဂဲအော်လိုက်၊ မေမေ မမြည်လိုက်၊ သေးကို လက်ဝါးဖြင့်ပုတ်လိုက် မြူးထူးနေသဖြင့် မိမှေး အားစိုက်ပြီး ခေါ်၏။

`ဟဲ့ လှလှ´

`ဝက်စာထည့်နေသယ် အမေရေ့´

ဝက်များသည် ကိုးနှစ်သမီး လှလှ၏ ခါးထက်မြင့်၏။ သည်မလောက်လေး

မလောက်စားကလေးနှင့် ဝက်တွေ ဖြစ်မှဖြစ်ပါ့မလား။ မိမေ့ လက်ထောက်ထသည်။ ရင်ထဲမှ တလှပ်လှပ်၊ ခေါင်းထဲက တရိပ်ရိပ်။ လှဲနေရာမှ ထိုင်မိအောင် အားထုတ်ရသည် ကပင် ပင်ပန်းလှပါဘိ။

`ဟဲ့ ဘာဖြစ်သာလဲ´

ဒေါ်သော့၏ အသံဖြစ်၏။ ဒေါ်သော့သည် မိမေ့၏ အမေဖြစ်သည်။ မိဘ၏ အိမ်ဝိုင်းထဲတွင် ကိုယ့်အိမ်ကလေးနှင့် ကိုယ် သီးခြားဆောက်လုပ် နေထိုင်ရာ သည် တစ်ခုတော့ ကောင်း၏။ သားသမီးတွေ ဝေးဝေးလံလံသွားပြီး မနိုက်ရ။ အမေကြီးရေ တစ်ချက်အော်ပြီး ပြေးသွားလျှင် `ဟဲ့ ဘာလဲ´မေးသံနှင့်အတူ ထမင်းကြမ်းတစ်ခဲ ထန်းလျက်တစ်ခဲ သော်ကား အသင့်ဖြစ်နေတတ်၏။

ယခုလည်း ဒေါ်သော့သည် ဆွမ်းမီးအောင် အပြေးအလွှား ထမင်းချက်နေခဲ့ရာက ကြက်စာကျွေးနေသော သမီးကို မြင်၏။ မရွှင်မလန်း အိပ့်အိပ့်လုပ်နေတာ သတိထားမိ ကတည်းက ခဏခဏလှမ်းကြည့်၏။ မြေကြီးလှလှ ဝက်စာကျွေးနေသည်ကို မြင်သောအခါ ထမင်းအိုး နပ်ထားခဲ့ပြီး ဆင်းလာ၏။ `ဟဲ့ ဘာဖြစ်သာလဲ´ မေးသံနှင့်အတူ သေးကွက် ထဲက ကလေးကို ဆွဲချီ၏။ ကလေးသည် ဒေါ်သော့၏ အင်္ကျီကို ဆွဲဆုပ်လျက် မြူးထူး၏။ ညွတ်ပဲ့ညွတ်ပဲ့လုပ်လျက် ခုန်၏။ `ငြိမ်ငြိမ်နေပါဟဲ့ မျောက်ရဲ့၊ လွတ်ကျတော့ မှာပဲ´ ပြောနေသည့်ကြားမှ ကလေးသည် ပုခုံးကို ဖက်ကိုက်၏။

`အမယ်လေး သေပါပြီတော်´

ဒေါ်သော့ အော်လည်းအော်သည်။ ကလေး၏ နှာခေါင်းကိုလည်း လက်နှစ်ချောင်းဖြင့် ဖျစ်သည်။ နှာခေါင်းပိတ်တော့မှ ကလေး ပါးစပ်ဟကာ ပုခုံးကို ပါးစပ်ထဲမှ ထုတ်လွှတ်၏။

`ခွေးဟဲ့၊ ခွေးကိုက်တယ်´

နာပါလျက်နှင့် မြေးကို ကျီစယ်၏။ တစ်ဆက်တည်းပင် `ဘယ်လိုနေလဲ´မေး၏။ မိမှေးမှာ စကားပင် ဟဟမပြောချင်။ မပြောချင်ပြား ကြို့တလှန်လှန် ပျို့တအန်အန် အခြေအနေကို ပြောပြမိ၏။

`တို့များတော့အေ၊ အပျိုဗိုက်တုန်းကပဲ ဝမ်းကြီးနာစွဲပါတယ်၊ ညည်းလိုသာ တစ်ယောက်တစ်ခါ ဖြစ်နေရင်တော့ ...´

ပြောပြီးမှ ပြောမိသည်မှာ လွန်သွားသလားတွေးရင်း မာလကာပင်ဘက်သို့ လျှောက်လာ၏။ ဟုတ်သာပေါ့၊ မိန်းမတစ်ယောက်နဲ့ တစ်ယောက်တော့လည်း ဘယ်တူမလဲ။ တချို့မှာ ကိုယ်ဝန်ရှိတာ ထမင်းစားရေသောက်။ တချို့ကျတော့လည်း တစ်လကိုးသီတင်း မစားနိုင် မသောက်နိုင်ဟု တွေးသည်။ ဒေါ်သော့သည် မာလကာရွက် ရွက်ကြမ်းသုံးလေးရွက် ခူးလာ၏။ အရေးထဲ လှလှက `ဘာလုပ်ဖို့လဲ´မေးနေသေး၏။ `နေစမ်းပါအေ´ဆိုကာ မိမှေးအနား ပြန်လာပြီး သစ်ရွက်ကို ခြေပေးသည်။ နာခေါင်းဝတွင် တေ့ပေးသည်။

`ဘယ်နှရက်ရှိပြီလဲ´

`ကနေ့မနက်မှပါ အမေရာ´

မိမှေးသည် စံဝထံ ဖျောက်ဆိပ်ခေါက်၊ သန်းသတ်ခေါက် မှာလိုက်ပုံ အမေ့အား ပြောသင့်မပြောသင့် စဉ်းစား၏။ အမေကြိုက်မည်မထင်။ ပွက်သေးကြမ်းအောင် ဆဲမည်ထင်သဖြင့် မပြောတော့ပါ။ ဟုတ်ပါတယ်လေ၊ မပြောတော့ပါဘူး စဉ်းစားလျက် မာလကာရွက် အငွေ့စူးစူးကို ရှူရင်း ထရံကို ခေါင်းမှေးထား၏။

၃

`ရွာသာကြီးရွာထဲဝင် ဓားငှားပြီး ခွာခဲ့တယ်ဟေ့´

စံဝ၏ အသံ။

မိမေး မျက်လုံးဖွင့်ကြည့်သည်။ မြက်ထုံးအထမ်းကြီးကို မချသေး။ သူ့မြက်ထမ်းက ခြင်းဖြင့်ထမ်းသော အထမ်းမဟုတ်။ ထုံးထားသော အထုံးနှစ်ထုံးကို ထမ်းပိုးဦးချွန်ဖြင့် တစ်ဖက်တစ်ချက် ထိုးစိုက်ထားသည့် မြက်ထမ်း။ သည်မြက်ထမ်းကို ထမ်းလျက် တန်းလန်းဖြင့် ခါးပိုက်ထောင်ထဲမှ သစ်ခေါက်တွေကို အိမ်ကပြင်ပေါ် တင်ပေး၏။ မိမေးမျက်လုံးထဲတွင် စံဝ သုံးလေးယောက် မဖြစ်တော့ပေ။ တစ်ယောက်တည်းသာ။

`အဲသာ ဘာလုပ်မှာလဲဟင်´

`ကုက္ကိုခေါက်နဲ့ သရက်ခေါက် ခွာဦးတော်၊ အမေလည်း မြင်သွားဦးမယ်။ ပြီးရင် ရေစင်စင်ဆေးပြီး သုံးခွက်တစ်ခွက်တင် ကျိုပေးစမ်းပါ´

သူ့ဇနီး ရွှင်ရွှင်လန်းလန်း မရှိ။ ထပ်မေးလျှင် အဆူအငေါက်ခံရနိုင်သည်။ ကေန္တ မပြည့်မစုံဖြစ်၍သော ရှိမည်အတွေးဖြင့် မြက်ထမ်း ပစ်ချသည်။ လိုနေသော အခေါက်များ အပြေးအလွှားခွာကာ ပြုတ်သည်။ ဟောင်းလောင်းဖြစ်နေသော ထမင်းအိုးကို ဦးစွာ တည်ရမည့်အစား ပြုတ်အိုးကို ဦးစားပေးနေရသည်။ စံဝမှာ အူတကြုတ်ကြုတ်ဖြစ်ခြင်း မည်သည်းတွားဝံ့။ ထမင်းအိုးကို အသင့်ပြင်ထားခဲ့ကာ ယောက္ခမအိမ်သို့ ပန်းကန်တစ်ချပ်ဖြင့် ပြေးသည်။

စံဝ ပြန်လာသောအခါ ဟမ်းဆမ်းထားသော ထမင်းခဲတစ်ခဲ ပါလာသည်။ သူ့နောက်တွင် တန်းလန်းပါလာသူများမှာ အလယ်နှစ်ကောင် ဖြစ်သော ရဲရင့်စံနှင့် ကျော်သူစံ။

`အဖေ ဘာပါလဲ´

`မြက်ရိတ်သွားသာ ဘာပါရမလဲကွ´

ထန်ထန်မာန်မာန်ဖြေသဖြင့် ကပြင်တွင် ကိုယ်ရှိန်သတ်လျက် ကျန်ခဲ့ကြ၏။ ကျန်ခဲ့ကြပြား ရိုးရိုးမကျန်။ ကျော်သူစံက ရဲရင့်စံ၏ ခါးကို ဖက်ပြီး လှဲသည်။ သူ့ထက် လေးနှစ်ကြီးသော အကောင်ကို သူ လှဲ၍မရ။ မရသောအခါ `ခြေကလိန်´ထိုးသည်။ ရဲရင့်စံ မလဲပါ။ ထိုအခါ အစ်ကိုကြီး၏ အားနည်းချက်ကို ကိုင်သောအားဖြင့် ဗိုက်ကို ကလိထိုးသည်။ ရဲရင့်စံ တဟားဟားရယ်ရင်း ထိုင်ချသည်။ ကျော်သူစံက ထပ်ပြီး ချိုင်းကြားကို ထိုးသည်။ တွန့်လိမ်ရယ်မောနေသူအား တွန်းလှဲကာ တက်ခွသည်။ ခုန်သည်။

မိမေ့ မျက်လုံးမှိတ်ထား၏။

`သွားကြစမ်းဟယ်´

သူ့အသံကို ကလေးနှစ်ယောက် မကြားပါ။ မိမေ့မှာ မျက်စိသာမက၊ နားကိုပါ ပိတ်ထားမိသည်။ မောက်ဖင်ဓားရှဆိုတာ သင်းတို့ပဲ။ နဂိုက ဆော့တဲ့အကောင်ကို မျက်စဉ်းခတ်တော့ ပိုဆိုးလို့ မောက်မျက်စဉ်းခတ်လို့ ပြောသာနေမှာပဲ။ သူတို့က မောက်ထက် ဆိုးသာပါကလား။

မိမေ့ သည်းမခံနိုင်တော့ပါ။ ကျောနှင့် ထရံကို ခွာလိုက်သည်။ ရင်ထဲက တလှပ်လှပ် မရှိတော့ပြီ။ အားရှိသလိုလို ဖြစ်လာပြီမို့ အငယ်ကောင်ကို ဆဆ၊ အကြီးကောင်ကို ပြင်းပြင်း လက်ဝါးစာကျွေးလိုက်သည်။

`နင်တို့နဲ့ မောက်နဲ့အတူထားရင် ပြိုင်ပြီးမဆော့နိုင်လို့ မောက်က မှိုင်နေရမှာ သိရဲ့လား´

မိမေ့ပြောလည်း ပြောစရာ။ အရိုက်ခံရဆဲသာ ကျောကော့သွားပြား မြေကြီးပေါ်

ရောက်သည်နှင့် တစ်ပြိုင်နက်တည်း မန်ကျည်းကိုင်းကို ခုန်ဆွဲ၏။ တန်းလန်းဖြစ်နေသော ရဲရင့်စံ၏ခါးကို ကျော်သူစံက ဖက်ထား၏။ ရဲရင့်စံ တွန့်သည်၊ လိမ်သည်၊ လူးပ်ယမ်းခါသည်။ ကျော်သူစံ ပြုတ်မကျ။ ကျမည့်ကျတော့ ရဲရင့်စံ၏ခါးမှ ဘောင်းဘီပါ ကျွတ်ကျပြီး မြေကြီးပေါ်သို့ ကျော်သူစံ ခွေခွေကလေး ကျလာ၏။ ကျော်သူစံအောက်မှ ခွေးကလေးတွေ။ ခွေးမကြီးက တစ်ချက်ဟိန်းပြီး ထပြေး၏။ ခွေးကလေးတွေသည် ခွေးမကြီးနောက်သို့ ပြေးလိုက်လာကြ၏။။ ကျားကြီးကို တောခွေးတွေ အုံသလို တစ်ကောင်လျှင် နို့သီးတစ်လုံးစီ ဝိုင်းဟပ်ကြ၏။ ခွေးမကြီးမှာ ဗိုင်းကနဲ ပစ်လှဲလိုက်ရာက ခွေးကလေးတွေ၏ ကုပ်ကို သန်းရှာပေးသည့်အနေဖြင့် အသာအယာ ကိုက်ပေး၏။ သည်တစ်ကောင်၏ နို့သီးကို အခြားတစ်ကောင်က လာလု၏။ ထိုအကောင်ကို လျှာဖြင့် လျက်ပေး၏။

အကောင်စေ့အောင် လျက်လိုက်၊ သန်းရှာလိုက် လုပ်ပေးနေသည်ကို မိမေး ငေးကြည့်နေစဉ် မန်ကျည်းပင်အောက်သို့ ကြက်သားအုပ်မကြီး တကွပ်ကွပ်မြည်လျက် ရောက်လာ၏။ မန်ကျည်းကိုင်းကို ဆွဲခိုကျွမ်းပစ်နေသော မျောက်နစ်ကောင်မှာ ဝက်ချေးပန် တောစပ်ရှိ ခံတင်ပင်ပေါ် ရောက်သွားကြပြီ။ မြေကြီးမှာ ခွေးယက်ထားသဖြင့် ချိုင့်ဖြစ်နေ၏။ ကြက်မကြီးက သည်ထဲဝင်ပြီး ဝပ်သည်။ အတောင်ကို ကားပြီး အမွေးတွေ ဖွထားက မြေမှုန့်တွေ ယက်သွင်း၏။ သူ့ကျောပေါ်တွင် ကြက်ကလေးအချို့၊ သူ့နည်းတူ မြေလူးနေသည်က အချို့။

မြေမှုန့်ထဲမှ စားစရာတွေ့လျှင် ကြက်မကြီးသည် နှုတ်သီးဖြင့် ကောက်၏။ ချက်ချင်းပြန်ချကာ အသံတစ်မျိုးဖြင့် ခေါ်၏။ ကြက်ကလေး တစ်ကောင်ပြေးလာပြီး ကောက်ယူသွား၏။ ထိုအကောင်နောက်သို့ အခြားအကောင်က လိုက်လုနေစဉ် ကြက်မကြီးက ခေါ်ပြီ အစာပေးပြန်၏။ ကြက်မကြီးက နီနီ၊ ကြက်ကလေးတွေက ဖြူဖြူမို့ မိမေးမှာ ကြည့်ရင်း ပျော်လာ၏။ ရင်ထဲက ဝေဒနာနှင့် ခေါင်းထဲက ဝေဒနာများ လွင့်စဉ်သွားပြီ။ ကြက်မကြီး၏ ကျောပေါ်တက်နေသော ကြက်ကလေးတွေကို မြင်ရသည်မှာ ကြည်နူးစရာပါတကား။

ခွေးမကြီးအော်သံ ကြားရသည်။ မိမေး၏ အာရုံသည် အိမ်ကပြင်ရှေ့သို့

ရောက်လာပြန်၏။

ခွေးမကြီး ဘာဖြစ်သာပါလိမ့်။ ဩော် ကစားနေကြတာကိုး။ ခွေးမကြီးသည် ဖုန်းဖုန်းဖုန်းဖုန်းနှင့် ပြေးသွားလိုက်၊ ပြန်လာပြီး ကလေးတွေကို နှုတ်သီးနှင့်ထိုးလိုက်၊ မနာအောင် ငုံလိုက်နှင့် ကစားနေသည်။

သူ့နားရွက်သည် စွင့်နေ၏။ အမြီးကား တောင့်နေအောင် ထောင်လိုက်၊ ခါယမ်းလိုက်ဖြင့်။ ခွေးမကြီးသည် ခွေးကျားကလေးကို လက်နှစ်ဖက်ဖြင့် ပွေ့ရင်း သူပါ တုံးလုံးလှဲသည်။ ထိုအခါ ခွေးနီကလေးက ခြေထောက်ကို ငုံ၍ ခွေးနက်ကလေးက နှုတ်သီးကို ခဲသည်။ ခွေးကျားကလေးကမူ နားရွက်ကို ကိုက်ပြီး အဝတ်စတစ်စ ဆွဲသလို ခြေကန်ပြီး ဆွဲ၏။ ခွေးမကြီး နာပြီ။ နာကျင်စွာအော်ပြီး ထပြေး၊ တုံးလုံးလှဲ နှုတ်သီးဖျား အကိုက်ခံရ၊ အော်ပြန်ပြီ။

သုန်မှုန်ညှိုးလျော်နေခဲ့သော မိမေး။ ကြည့်ရင်းကြည့်ရင်း ကြည်နူးလာသည်။ ကြည်နူးသည်နှင့်အမျှ သူ့မျက်နှာ ဝင်းပလာ၏။ တဖြည်းဖြည်းပြုံးလာရာက ခွေးမကြီး နစ်ကြိမ်မြောက် အော်ချိန်တွင်ကား အသံထွက်အောင် ရယ်မိလေ၏။

`အမေရေ ထမင်းဆာပြီဗျို့´

`သားလည်း ဆာသာပဲ၊ အမေရေ ဗိုက်ချောင်သွားပြီ´

အမေ့မျက်နှာ ကြည်လင်သည်ကို မြင်ရသည်နှင့် တစ်ပြိုင်နက်တည်း အကြီးကောင်နှင့် အငယ်ကောင်သည် လိုလားချက်တွေ ဟစ်ကြွေးလျက် အိမ်ပေါ်သို့ တက်လာကြ၏။

`ကျက်ရင်စားရမှာပေါ့ သားတို့ရယ်´

အငယ်ကောင်ကို လှမ်းဆွဲပြီး ပေါင်ပေါ် အထိုင်ခိုင်း၏။ တစ်ကိုယ်လုံး ချွေးဖြင့်ရွှဲနစ်

နေ၏။ မျက်နှာ၊ လည်ပင်းနှင့် လက်မောင်းတွင်မူ မည်းနက်သော ဖုန်ထုကြီး။ သည်အရာများကို ပုဆိုးစုတ်ဖြင့် သုတ်ပေးနေစဉ် စံဝ၏အသံ ပေါ်လာ၏။

`ထမင်းအိုးတည့်ရင်း ခွင်ဘေးမှာ ကပ်ထားသာ တစ်ဝက်ကျော်ကျော် ခန်းသွားပြီဟေ့၊ သောက်တော့မလား´

`သွန်ပစ်လိုက်တော့ တော်ရေ့´

`ဘာဟ´

မေးသံသာ မဟုတ်။ စံဝကိုယ်တိုင် အိမ်ခါးပန်းပေါ် ရောက်လာ၏။

`သမီးရေ၊ မောင်လေးကို ခေါ်ခဲ့တော့ဟေ့၊ နို့ဆာလှရောပေါ့´

နို့စို့ကောင်ကို ခါးထစ်ခွင်လျက် ဟိုနားမတ်တတ် သည်နားမတ်တတ် လိုက်ချော့နေသော သမီးကြီးကို လှမ်းမြင်သဖြင့် အသံပေးမိသည်။ ပြီးမှ စံဝကို မော့ကြည့်သည်။

`သွန်ပစ်လိုက်တော့လို့ ပြောသာ နားမလည်ဘူးလား´

`ဟောဗျာ၊ အခုတစ်မျိုး တော်ကြာတစ်မျိုး၊ နမြောစရာ´

`နမြောရင် တော့်ဥစ္စာ တော်သောက်´

မိမေ့သည် လှေကားထိပ်မှ လေးဘက်ပြေးလာသော နို့စို့ကလေးကို လက်ဝါးရိုက်ကာ အသံပေးနေစဉ်၊ ရဲရင့်စံနှင့် ကျော်သူစံတို့ထပြီး နပန်းလုံးရာမှ မိမေ့ရင်ခွင်ထဲသို့ လုံးထွေးရစ်ပစ် လဲကျလာလေ၏။

**၁၉၈၆၊ ဇန်နဝါရီ၊ ရှုမဝမဂ္ဂဇင်း**

## မြော်ခေါ်တတ်ဘိခြင်း

### ၁

ရှားပင်လှကျောင်းမှ တုံးခေါက်သံပေါ်လာချိန်တွင် စံဝနှင့် နွားတစ်ရှဉ်းမှာ ငှက်ပျောပင် စိုက်လယ်ထိပ် မန်ကျည်းပင်ကြီး အောက်သို့ ရောက်နေကြလေပြီ။ တုံကနဲ တုံကနဲ ပျင်းတိပျင်းတွဲ လေးတိလေးကန် စတင်ခေါက်သော တုံးသံသည် လျင်မြန် လာခဲ့သည်။ ရေသွင်းထားသော လယ်ကွက်များသည် တပြောင်ပြောင် တလက်လက်ရှိပြား ဝန်းကျင်ကို မလွှမ်းမိုးနိုင်။ ကန်သင်းများ၊ ချုံပုတ်များသည် အမှောင်ထဲသို့ ပြေးဝင်ကြ၏။

`ဟ ခုနတုန်းက လင်းပါသေးတယ်၊ ဘာဖြစ်ရသာလဲ´

အတွေးဖြင့် စံဝ မော့ကြည့်သည်။ တိမ်မည်းအုပ်ကြီးက မိုးသောက်ကြယ်ကြီးထဲ လျင်မြန်စွာ ပြေးလာပြီး ဖုံးအုပ်ပစ်ခြင်းဖြစ်၏။ ထို့ကြောင့် အမှောင်ထဲသို့ ချုံတွေ သစ်ပင်တွေ ပြေးဝင်ကြသည် ထင်ရခြင်းဖြစ်လေသည်။

လက်သော တောက်သော ရေပြင်မှအပ လင်းသောအရာ မရှိ။ သည်ပုံဖြင့် ချုံထဲသို့ မတိုးရဲ။ နဘူးချုံထဲတွင် ထွန်ရှိသည်။ ထမ်းပိုးတုံး ရှိသည်။ ရှိပြား မသွားသင့်။ ကိုယ့်ခြေထောက်ကိုမှ ကိုယ်ပြန်မမြင်ရလျှင် အန္တရာယ်ရှိသည်။ လက်ကွက်တွေ ရေဝင်နေသောကြောင့် လယ်ကွက်၏ ခိုကိုးရာသည် ချုံတည်း။ ကွက်နံ့ရသောနေရာတွင် မြွေသည်လည်း အခွေလိုက် အပုံလိုက် ရှိနိုင်သည်သာတည်း။

သို့အတွက် ခမောက်ထဲတွင် ထည့်လာသော ဆေးလိပ်နှင့် မီးခြစ်ကို ထုတ်ကာ မန်ကျည်းမြစ်ပါးပျဉ်းပေါ် ထိုင်သည်။ ဆေးလိပ်ကို မီးညှိပြီးနောက် ဆေးလိပ်မီးရောင်ဖြင့် သစ်ခေါင်းထဲကို ကြည့်၏။ တွေ့ပါပြီ။ နွားချေးချပ်တွေ မီးအလို့ငှာ နွေက ကောက်ထားသော နွားချေးချပ်။ ဆေးလိပ်ထိပ်တွင် နွားချေးချပ်ကို ထိကပ်ထား၏။ ဆေးရိုးနံ့ချိုချို၊ ဆေးရွက်နံ့ ပြင်းပြင်း၊ ပြောင်းဖူးဖက်နံ့သင်းသင်း ပျောက်သည်။ စံဝနှာခေါင်းထဲသို့ နွားချေးနံ့

ထောင်းကနဲ ဝင်လာပြီ။ နွားချေးချပ်ကို ဆေးလိပ်မှ ခွာလိုက်သည်။

နွားချေးနံ့နှင့် မီးခိုးနံ့ရောသောလေသည် ၄က်ပျောပင်စိုက် လယ်ပွဲအတွင်း ပတ်လျှံဝဲပြီ။ အလွန်လျင်မြန်သော တုံးခေါက်သံသည်လည်း တစ်ချက်ချင်း တို့နေးရာက လုံးဝပျောက်ရပ်ပြီး လယ်တောပြင်ကြီး တစ်ခုလုံး စံဝတစ်ယောက်တည်း ကျန်ခဲ့တော့၏။

ကန်သင်းများသည် မှောင်လွှာထဲမှ တရွေ့ရွေ့ တွားထွက်လာကြ၏။ ဤကား နဘူးချို ထိုအရာကား ဟင်းရံပင် စသည်ဖြင့် မြင်ရစပြုပြီ။ ဟိုအရှေ့အရပ် မှောင်လဟာ တံတိုင်းစပ်တွင် နက်ပြာရောင်စွက်သော ချပ်ရည်များ စီးဆင်းလာပြီ မဟုတ်လား။ အရှက်ရိပ်၊ အရှက်ရောင်ရှိခိုက်တွင် စံဝ အပြေးအလွှားထသည်။ နဘူးချိုလယ်မှ ထွန်တုံးနှင့် ထမ်းပိုးရှိရာသို့ အမြန်ဝင်သည်။ သည်အရာများကို တစ်နေ့တစ်နေရာ ၄က်ရသည်မို့ ရှုတ်တရက် မတွေ့။

ပထမအရှက် ကုန်ဆုံးလျှင် မှောင်မြဲမှောင်လိမ့်ဦးမည်။ မမှောင်မီတွေ့မှ ကောင်းမည်။ ငါထားသာ သည်နေရာပါ၊ တစ်ထောင့်တစ်နားက ချောင်းကြည့်နေတဲ့ သူခိုးများ အုပ်သွားရော့လား။ အင်း သူခိုးအုပ်သွားရင်တော့ နှစ်ရာသုံးရာ အေးအေးလေး ပေါ့ကွာ။

ပူပန်စွာတွေးရင်း နဘူးချိုအဆုံး ကလိန်ချိုအစပ်တွင် ဆောင့်ကြောင့်ထိုင်သည်။ ထိုင်လျက်က ခုန်ဆုတ်မိပြီးမှ ဆေးလိပ်မီးကို တအားဖွာသည်။

စံဝ၏ ရယ်မောသံ ညံစီသွားတော့သည်။ သူ လန့်ပြီးခုန်မိသောအရာကား ထမ်းပိုးတုံးမှ နွားလည်ပတ်ကြိုးပါတကား။ ကြိုးကျစ်စဉ်က ပိုမိုခိုင်မာစေရန် ထန်းလျှော် ဝမ်းသားဖြင့် အုပ်ခဲ့၏။ သည်ဝမ်းသားက အမှတ်မဲ့သော် ပြောင်ပြောင်ပြောင်ပြောင်နှင့် မြွေနှင့်ယိုးမှား ထမ်းပိုးကြိုးပါတကား။

၂

`ငနီကြီး ဘာကြောင်သာလဲ၊ တယ်လေ သေတော့မှာပဲ´

သေတော့မှာပဲဟူ၍ ငေါက်ရငြား စံဝ လက်မအားပါ။ ထွန်တုံးကို ထွန်ကိုင်းမှ ကိုင်မြှောက်ထားရသည်။ အသားက မန်ကျည်းနှစ်၊ တပ်ဆင်ထားသော ထွန်သွားက တစ်တောင့်ထွာရှည်သည်တွင် အားလုံး ရှားနှစ်။ ရေစိုရေစိမ့်နေပြန်သေးရာ ခွက်တစ်ရာမှ မအောက်။ ကြွက်သားကြီးတွေ ကျောမှာ မြှောင်းထ၍ ဝမ်းဗိုက်၊ ရင်နှင့် လက်မောင်းမှ ခုံးထအောင် တအားမြှောက်ပါမှ ဆင်ငိုမြက်ဖုတ်ကြီးက လျှောကျသွားလေ၏။ ခြေဖြင့် တွန်းချလည်း မရသော မြက်ဖုတ်ကြီး လျှောဆင်းသွားတော့မှ ရင်ထဲက ပေါ့သွား၏။

ရင်ထဲက ပေါ့သွားငြား တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ကျလျက် ကျန်ခဲ့သည်။ သည်နှယ် ဆင်ငိုမြက်ထံ အာရုံရောက်နေစဉ် အလုည့်နွားက ခြေလှမ်းပျက်သည်။ ရေထဲမှာ ရှားရှားပါးပါး ပေါ်နေသော ကုလားမျက်စိပင်ကလေးကို ခေါင်းငုံ့ကား လျှာဖြင့်လိမ်းသည်။ တစ်ကောင်က ခြေတစ်လှမ်းစာ တုံ့သွားလျှင် ထွန်ကြောင်းကောက်သွားပြီ။ သို့အတွက် ငေါက်ငန်းလိုက်ပြီးမှ ထွန်ကြောင်းမှတ်တိုင်ကို လွန်သွားသည်။ ကပျာကယာ ဆွဲနုတ် ရသေးသည်။ ရေထဲတွင် ထွန်ကြောင်းကို မမြင်ရ။ အမှတ်အသား ပြုသောအားဖြင့် တိုင်စိုက်ထားရ၏။ နုတ်ရမည့် မှတ်တိုင်ကို ညာလက်ဖြင့် ဆွဲနုတ်ပြီးနောက် ထွန်ကြောင်းသစ်၏ အနားစပ်ကို ဘယ်လက်ဖြင့် အပြေးအလွှားစိုက်ရပြန်သည်။ မေ့၍မဖြစ်။

လက်လှည့်မအား ဗျောသမားဘဝမှ တစ်အောင့်မျှ လွတ်သွားသည်။ စံဝမျက်လုံးများ ပြောင်းခင်းဘက်သို့ ရောက်သွားသည်။ ဆံမြိတ် တဖွားဖွားဖြင့် လေယူရာ မြူးနေသော ပြောင်းဖူးများ၊ သားချစ်သမီးချစ် ပြောင်းဖူးများကို ခါးထစ်ခွင်ထားသော ပြောင်းပင်များမှာ ထိပ်နံ့တလူလူ ဝေနေ၏။

ပဲလျော်ဖိုးလယ်ဘက်မှ `ဟေးကနဲ ဟေးကနဲ´ကျေးခြောက်သံများ လွင့်ဝေ့လာ၏။ ကြက်တူရွေးသည် နေကြာကိုမှ နှိပ်စက်သည် မဟုတ်။ ပြောင်းဖူးကိုလည်း အကြီးအကျယ် ဖျက်ဆီးသည်။ စံဝပြောင်းခင်းကား မများလှ။ ရေမတက်သော ကုန်းကြောတစ်ကေ

မဲ့မဲ့မျှသာ ရှိသည်။ သို့သော် အပင်ကောင်း၏။ အဖူးလည်း သန်လှ၏။ `ပျော့ကောင်ဖက်ထားပါလား´အကြံပေးသူ ပေးသည်။ စံဝ ခန့်မှန်းကြည့်သည်။ ပြောင်းဖူးတွေခြောက်သွေ့သည်အထိ ထားပြီး ဆေးလိပ်လိပ်သည့်ဖက်လိုးလျှင် မည်မျှထွက်မည်နည်း။ တစ်ပိဿာစီးသော ဖက်ထုပ်ငါးဆယ် ရတန်ရာ၏။ တစ်ထုပ်ငါးကျပ်၊ ငွေနှစ်ရာ့ငါးဆယ်၊ ဆိုးတော့မဆိုးလှ။ သို့ရာတွင် မိမေ့က ကန့်ကွက်၏။ အကြာကြီးစောင့်မှ ရမယ့်နှစ်ရာ့ငါးဆယ် ဘာလုပ်ဖို့တုံး။ အစိုမှာ ချိုးပြီးရောင်းဦး၊ တစ်ဖူးတစ်မတ်နှင့် ငွေနှစ်ရာပြေးမလွတ်။ စောစောခုတ်၊ နောက်တစ်မျိုး ပြန်ပြီးကြဲ၊ တစ်ရာ့လေးငါးဆယ် အသာလေး။ ငရုတ်စိုက်စိုက်၊ ခရမ်းချချ။

အတွေးထဲသို့ အိမ်ရှင်မ ဝင်လာသောကြောင့် အိမ်ရှင်မ လာမည့်လမ်းဘက်သို့ မျက်လုံးရောက်သွား၏။ `ကောင်းလေး ဘသောင်း´၏ လယ်ပွဲဘေးရှိ မိုးနံချုံဘေးမှ မိမေ့လာနေကျ။ ထမင်းထုပ်ကို ရွက်လျက် ပေါ်လာနေကျ။ သို့တစေ စံဝ ဆက်မကြည့်အား။ အတိုင်နွားရပ်ပြီး အလှည့် နွားက ကန်သင်းပေါ်တက်ပြီ။ ထွန်ကို ကန်သင်းတွေထဲ ပစ်သွင်းနေရသဖြင့် အာရုံပျက်သည်။

## ၃

နေကို စံဝ မော့ကြည့်သည်။ ထန်းတစ်ဖျားကျော်ပြီ။ မိမေ့ ရောက်ဖို့ကောင်းပြီ။ ကျောင်းသွားတဲ့ ကလေးတွေများ ကျောင်းက ပြန်လာလို့လား။ ဘာအတွက်ဆိုပြီးများ ပိုက်ဆံတောင်းနေကြသလား။ ဟုတ်မည် မဟုတ်မည်၊ ဖြစ်မည် မဖြစ်မည် မသိသော အရာကို ကြံဖန်တွေးသည်။

သူတို့လင်မယားတွင် ကလေး လေးယောက်ရှိပြီ။ သမီးကြီး လှလှရွှေ၊ သူက စတုတ္ထတန်းပင် ရောက်နေပြီ။ သူ့အောက် ရဲရင့်စံက ဒုတိယတန်း။ နို့ညှာ ကျော်သူစံက လွယ်အိတ်ပြင်နေပြီဖြစ်ငြား ယခုမှ သုံးနှစ်သား။ နို့စို့သားလေးက ကိုးလ။ သည်ကောင်

ကပ်နေ၍ပင်လော။

စံဝတို့အိမ်သည် ယောက္ခမ အိမ်ဝိုင်းထဲတွင် ရှိသည်။ ယောက္ခမ၊ အထူးသဖြင့် မိမေး၏အမေ ဒေါ်သော့။ ပစိပစပ်များသည်မှအပ၊ နေရာတကာ လှမ်းလှမ်းပြီး ဩဇာပေးတတ်သည်မှအပ အဆင်ပြေသည်။ ငရုတ်သီး၊ ကြက်သွန်၊ ငါးပိ၊ ဆီ၊ ဆားကအစ မအော့အိမ်မှာ နှိုက်နိုင်သည်။ ထမင်းမလောက်လျှင် အမေ ထမင်းတစ်ဆုပ်လောက်ဆိုကာ မြည်ချင်မြည်၊ ဆဲချင်ဆဲ ခူးလာနိုင်၏။ အဆင်အပြေဆုံး အချက်ကတော့ ကလေးကြည့်ဖော် ရခြင်းပင်။ အမေရေ၊ အမေ့မြေး ခဏထားခဲ့ဦးမယ်နော်။ ဒေါ်သော့ထံမှ မအားဘူး ပြောသည်လော၊ အေးအေးဟု တုံ့ပြန်သည်လော မိမေး မစောင့်။ ကော့လတ်ကော့လတ်ဖြင့် ဝိုင်းအပြင် ရောက်သွားပြီ။ ဒေါ်သော့သာ မဟုတ်၊ ဒေါ်သော့ယောကျ်ား ဦးသောင်းအေး ကလည်း ယခု နို့စို့ကောင်ကျမှ ထမ်းပြီး ချော့သည်။ ခါးထစ်ခွင်ပြီး ရွာရိုးလျှောက်သည်။ လျှောက်ပေမည်။ တစ်မျိုးလုံး တစ်ရွှေလုံး (တစ်ဆွေလုံး)က သည်ကလေးမှာ ရိုးရိုးကလေးမဟုတ်၊ ဦးသောင်းအေးအမေ ဘွားသန့်ဝင်စားသည်ဟု ပြောနေကြသည် မဟုတ်လား။

`ဟဲ့ နင် ဘွားသန့်လား´မေးလျှင် ထိုကိုးလသားက ရောယောင်ပြီး ခေါင်းညိတ်ရာ မချစ်ဘဲ နေနိုင်ပါမည်လော။ သည်းသည်းမလှုပ်ဘဲ မည်သူနေပါဦးမည်နည်း။ သည်ကောင်ကို ထားခဲ့ရရေးမှာ မခက်လှ။ ရင်ခွင်ထဲမှာ ခွာ၍ရရန်သာ အရေးကြီးသည်။ သူ့ထက်ဆိုးသူမှာ နို့ညှာ ကျော်သူစံ။ သူက မအေကို အားကြီးခင်သူ။ တစ်ပိုတစ်ပါး သွားရာသို့ပင် ထဘီစဆွဲဆွဲ လိုက်လွန်းသဖြင့် စိတ်မရှည်သည့် အခါ၌ လက်ဝါးစာ အကျွေးခံရလေ့ရှိသူ။

ဟုတ်ပါပြီ။ ကျော်သူစံ ကပ်နေလို့ ထမင်းပို့နောက်ကျတာ ဖြစ်မယ်ဟူ၍ ထမင်းနှင့် စပ်လျဉ်းကာ တွေးသောအခါ တိုးပြီး ဆာလောင်လာသည်။ အမှန်မှာလည်း စံဝ ဗိုက်ထဲ၌ ရေသာရှိတော့သည်။ လှုပ်လိုက်လျှင် ဂလုံဂလုံမြည်သံကို အတိုင်းသား ကြားနေရသည်။ မဆာလောင်ဘဲ နေနိုင်ရိုးလား။ နွားနှစ်ကောင် စတင်ရွှေ့ပြီဆိုကတည်းက မှတ်တိုင် ပြေးနတ်၊ ပြေးစိုက်။ ထွန်ချေးစာကို ခြေဖျားဖြင့်ထိုးပြီး ကန်ချရသည်။ ဤသည်ပင်လျှင်

နွားက ခြေလှမ်းမှန်ပါမှ။ နွား ခြေလှမ်းပျက်သွားလျှင် ထွန်တုံးကို ဖောက်ထွက်နေသည့် ထွန်သန်အရင်းထိပ်နှင့် ညို့သကျည်းဆောင့်မိပြီး မျက်ရည်တောက်တောက် ကျအောင် ခံရချက်ပြင်းသော အနာ။

ထွန်ချေးစာသည် ထွန်သွားတစ်လျှောက် အဖတ်လိုက်တက်လာပြီး ထွန်တုံးနှင့် အထိတွင် ပက်လက်လန်ကျသွားသည်။ လန်မကျဘဲ အမြိုက်နှင့် ရောယှက်ငြိတွယ်နေပါက ကန်ချရပြီ။ ကန်မချ၍မဖြစ်၊ ထွန်တုံးလေးလံလာကာ ထွန်ညှင်းကွင်း ပြတ်သွားနိုင်သည်။ သည်နှယ်ကန်ချရုံဖြင့် မရသော အမြိုက်ကိုမူ ထွန်တုံးကို မပြီး ကန်ချရ၏။ ပိဿာတစ်ရာမျှ အလေးကြီးကို မပြီးတိုင်း စံဝမှာ ဟိုက်ပြီး ကျန်ခဲ့ရ၏။ သည်ပုံ ပြေးလွှားလုပ်ကိုင်နေရင်းက ထွန်ကြောင်းမကောက်အောင် ဂရုစိုက်ရသေးသည်။

နွားမှာ မပင်ပန်း၊ လူသာ ပင်ပန်းသည်။ နွားက ရေထဲတွင် ရုန်းရဆွဲရသည်မို့ စားမြို့အခတ်ပင် မပျက်။ တအိအိဖြင့် မှန်မှန်ကလေး လှမ်းနေရုံသာ။ သို့သော် နွားသည် စက်မဟုတ်ပေ။ ရေနူးနေသော ကွက်တွင်း၊ ပွေးတွင်းနှင့် တူးတွင်းထဲသို့ ခြေထောက် ကျသွားပါက ယိုင်နဲ့သည်။ ထိုအခါ ထွန်ကြောင်းမှာ မလွဲမသွေ စောင်းသွေသွားချေပြီ။ သို့ကြောင့် ကျင့်သားရပြီးသား နွားတွေပဲဟု စံဝ လွှတ်မထားရဲ။ ထွန်ကြောင်းကိုလည်း ဂရုစိုက်ရသည်။ ယမန်နေ့က သျှားတစ်စပ်၊ နံတစ်စပ်နှင့် စောင်းတစ်ခြမ်း ထွန်ခဲ့ပြီးသော ထွန်ရေး။ ယနေ့နံနက် သျှားစောင်းပြည့်သွားပြီ။ နံစောင်း တစ်စပ် စတင်ထွန်သည့်အခါ စံဝအတွက် အဆင်ပြေချေပြီ။ ထွန်ကြောင်း အသစ်ဖွင့်တိုင်း ကျောပေးထားရခြား ထွန်ကြောင်း ပိတ်သည့်အခါတွင်မူ မိမေး ငဲ့ကြည့်ရန် မလိုပြီ။ စံဝ အေးကနဲ ဝမ်းသာသွားသည်။ သူမျှော်သောလမ်းမှ လူရိပ်တစ်ခု ပေါ်လာ၍ဖြစ်သည်။ ထွန်ချေးစာထဲတွင် ဆူးပုံပင်ဟောင်းတစ်ခု ပါလာသည်။ သူ့ကို ခြေဖြင့် မကန်ရဲ၊ လက်ဖြင့်ဆွဲပြီး ကန်သင်းပေါ် ပစ်လိုက်ရသဖြင့် အာရုံပြတ်သွား၏။ မှတ်တိုင်ကို နတ်ယူ၊ ထွန်သန်ပေါ် ကန့်လန့်တင်ပြီးမှ လမ်းကွေ့သို့ အာရုံဆက်ရ၏။ မော၏။ သူမျှော်သော မိမေး မဟုတ်။

ပုဆိုးအနွမ်းတစ်ထည် ခေါင်းတင်လျက် မိန်းမတစ်ယောက်၊ တစ်စုံတစ်ရာကို ပုခုံးပေါ်တင်လာသည့် မိန်းမတစ်ယောက်၊ ပေါင်းနှစ်ယောက်။ အာရုံမဝင်စားခြား

ထွန်နောက်တစ်ခေါက် ပြန်လှည့်အလာတွင် ထိုမိန်းမနစ်ယောက်ကို တစ်ကျော့မြင့်ရပြန်ပြီ။ ဘယ်က မိန်းမတွေပါလိမ့်။ စံဝ တွေးရသည်။ ကန်စွန်းပင်လှရွာသူတွေ မဟုတ်။ ထို့ပြင် ဤလမ်းမှာ တစ်ရွာနှင့် တစ်ရွာကူးသန်းသော လယ်ကြားလမ်းလည်း မဟုတ်။

ထွန်ကြောင်းပိတ်ရန်အတွက် စံဝ၏ မျက်နှာသည် မိမေ့းလာနေကျ လမ်းဘက်သို့ မျက်နှာမူရပြန်ပြီ။ မိန်းမနစ်ယောက် မရှိတော့ပြီ။ လောလောလတ်လတ်ကြီးကား မြေမမျိုနိုင်။ သူတို့ကို ကွယ်သွားဖုံးသွားမည့် အရာဟူ၍ ကိုင်းဖုတ်တစ်ဖုတ်သော်မျှ မရှိ။ အပင်ကား ဝေးစွ။ ဟုတ်ပြီ၊ ပြောင်းခင်းတွေဘက် ရောက်သွားသာပဲ ဖြစ်ရမယ်။ စဉ်းစားမိသည့် ခဏ၌ လွန်ခဲ့သော လေးငါးရက်က လက်ပံတောရွာမှ အပြန်ခရီးကို သတိရသည်။

# ၄

နေက ပူသည်မို့စံဝမှာ ချုံရိပ်သစ်ပင်ရိပ် များသည့်ဘက်သို့ အားထားပြီး လျှောက်လာရသည်။ ရွာသို့ရောက်ရန် ခရီးတဝက် အကျိုးတွင် မိန်းမသုံးယောက်နှင့် မျက်နှာချင်းဆိုင် တွေ့ရသည်။ လှလှပပ ပြူပြူပြင်ပြင် မဟုတ်သဖြင့် စံဝ သတိမထား။

`အစ်ကိုကြီး ပြောင်းဖူးခင်းကောင်းကောင်း ဘယ်နားမှာ ရှိတုံး´

မေ့ျာ်လေရာတွင် ရိုးပြတ်နှင့် နမ်းခင်းသာရှိသော နေရာ။ ပြောင်းရှိခြား နံ့စားပြောင်းတွေ။

`မြင်တဲ့အတိုင်းပဲလေ၊ ဘယ်မှာမှ မရှိဘူး´

ရိုင်းသည် အထင်မခံရရုံမျှ စံဝ ဖြေသည်။ ဆက်လျှောက်ခဲ့သည်။ ယခု သည် အကြောင်းကို သတိရသောအခါ တစ်ကိုယ်လုံး တောင့်တင်းသွား၏။ ကန်ကြိုးကို ဆွဲကာ တန့်ရပ်ပြီးသား။ ထွန်ကိုင်းတွင် ကန်ကြိုးနှင့် နှင်တံချိတ်ပြီးသား ဖြစ်သွားလေ၏။ ဆေးလိပ်တို ချထားသောနေရာသို့ စံဝ မသွားနိုင်ပါ။ ရေလည်း မသောက်နိုင်တော့ပါ။

ပြောင်းခင်းဘက်သို့သာ ရွှံ့ပေသော ရေရှဲသောကိုယ်ဖြင့် သုတ်ခြေတင်ခဲ့သည်။

လယ်ပွဲသုံးခုကြားက ကန်သင်းခုံသို့ စံဝ ရောက်လာသည်။ လူရိပ်လူယောင်မမြင်ရ။ မဟုတ်သေးပါဘူး။ ဟိုမိန်းမတွေ ဘယ်ရောက်သွားသလဲ။ သိချင်စိတ်ဖြင့် ပြောင်းပင်များကြားထဲသို့ ဝင်ခဲ့သည်။ အတွင်းပိုင်းသို့ တစ်လံမျှ တိုးဝင်ခဲ့ပြီးမှ အသာကလေး ထိုင်ချ၏။

အသံကြားရပြီ။ ငှက်ပျောတုံးကို လက်ဖြင့် ပွတ်သပ်သံမျိုး။ ပြောင်းဖူးအညှာကို အသာကလေးကျိုတ်ပြီး ချိုးယူသံ စစ်စစ်ဖြစ်တော့သည်။ သူ့အခင်းထဲကလော၊ ကိုယ့်အခင်းထဲကလော။ ကန်သင်းဟိုဘက်ကဆိုလျှင် အသံကြားရန် မလွယ်။ စံဝ အသာထသည်။ ပြောင်းပင်များကို ညင်သာစွာဖယ်ပြီး ခြေသံမကြားအောင် ရှေ့တိုးခဲ့သည်။ အသံနှင့် နီးသည်ထက်နီးလာပြီ။ တီးတိုးပြောသံ၊ သတိကြီးစွာထားပြီး တိုးနိုင်သမျှ တိုးသော တီးတိုးသံကို ကြားရပြီ။ စံဝရှေ့မှ ပြောင်းပင်တွေ ယိမ်းထိုးနေသည်။ စံဝ၏ခြေလှမ်းများ ကျဲသည်ထက်ကျဲလာသည်။ ပြောင်းခင်းကို ကျောပေးထွက်ခွာသွားသော မိန်းမနှစ်ယောက်။

`ဟေ့ အခုရပ်လိုက်၊ ခေါင်းပေါ်က အထုပ်တွေ ချလိုက်စမ်း´

ပြောင်းခင်းသုံးခင်း ဖိုခုံလောက်ဆိုင် ကန်သင်းပေါ်တွင် မိန်းမနှစ်ယောက် တောင့်တောင့်ကြီး ရပ်နေ၏။

`နာချင်လို့လား၊ အခု ချဆို မချဘူးလား´

မိန်းမတစ်ယောက်က လှည့်ကြည့်သည်။ ကြောက်ရွံ့ဟန် မပြ။ မထီတရီကြည့်ပုံက အံ့သြစရာ။

`သူခိုးတွေ အခု ခေါင်းပေါ်ကဟာတွေ ချ´

ပြောင်းဖူးထည့်ထားသော ပုဆိုးစုတ်တွေကိုကား ခေါင်းပေါ်မှ မချ။ ဒုတိယ

မိန်းမကပါ လှည့်ကြည့်သည်။

`သည်မယ် ကိုအတ၊ ငါ့ပြောင်းခင်းဆိုပြီး မမောက်မာနဲ့။ ပြောင်းဖူး အလကား ပေးမယ်ပြောပြီး ပြောင်းခင်းထဲ ခေါ်သွားပြီး ဗလက္ကာရ လုပ်ပါတယ် တိုင်လိုက်ရင် ဘာဖြစ်မယ်ထင်သလဲ´

ရင်ကို ဆောင့်ပြီး အကန်ခံရဘိသို့စံဝ တုံ့ကနဲဖြစ်သည်။ `လူပါးဝလိုက်တဲ့ သူခိုးတွေ´ဟု ရေရွတ်ကာ တောက်တစ်ချက်ခေါက်ရုံသာ ခေါက်နိုင်သည်။ ထူပူနေသဖြင့် ရှေ့သို့ မတိုးရဲ။

`ဘာ ဗလက္ကာရလဲ၊ တိုင်ရဲရင် တိုင်ချေလေ´

မမျှော်လင့်ဘဲ တစ်ဖက်ကွေ့မှ ပေါ်လာသော မိမေးအသံ။ မိမေးသည် ဘွားကနဲ ပေါ်လာ၏။ ထမင်းထုပ်ကို ချ၏။ ထဘီပြင်ဝတ်ကာ အပြေးလာ၏။ ခေါင်းပေါ်က အရွက်ကို ဆွဲချသည်ရော၊ ပါးနားရိုက်သည်ရော ပြိုင်တူလုပ်၏။ နှစ်ယောက်နှင့် တစ်ယောက်ပေမယ့် ခံမသတ်။ မျက်နှာကိုသာ လက်ဖြင့် ကာထားသည်။ ကြောက်ပါပြီ၊ နောက်မလုပ်တော့ပါဘူး ဟူ၍သော်မျှ အသံထွက်မလာ။ ဆံပင်ဆောင့်ဆွဲ၊ ခြေဖြင့်ကန်၊ လက်ဝါးဖြင့် ရိုက်ရလွန်းသဖြင့် မိမေး မောပြီ။ ပြောင်းပင်ကိုချိုးပြီး အရင်းပိုင်းဖြင့် လိမ့်ရိုက်သည်။ သည်အခါတွင်ကား ကြောက်ပါပြီ အော်ပြီ။ နောက်မလုပ်ပါဘူး အသံထွက်လာပြီ။

`တော် တော် တော်တော့၊ အရီးခေါ်ချေ၊ ရွာထဲ ပို့လိုက်ကြစို့´

စံဝ သတိပေးမှ မိမေး တစ်ချက်ဆဲရင်း အရိုက်ရပ်၏။ ပြောင်းဖူးသူခိုးများကို စေ့စေ့စပ်စပ် စိုက်ကြည့်နေ၏

`သွား သွား ဟိုဘက်အခင်းက လူကြီးတွေ သွားခေါ်´

မိမေး မလှုပ်။ ငိုင်ကြည့်နေသည်။

`တော်တို့အဝတ်တွေ ယူသွားကြ၊ သွား မြန်မြန်ထွက်သွား´

မိန်းမနစ်ယောက်သည် ခေါင်းကလေးတွေ ငုံ့ကာ အထုပ်ကို ဖြေသည်။ ပြေသည်နှင့် တစ်ပြိုင်နက်တည်း လာလမ်းဘက်သို့ သွက်သွက် လှမ်းသွားကြလေ၏။

`လူကြီးတွေ သွားခေါ်ဆိုသာ ဘာပြုလို့ မခေါ်သာလဲ´

`လူကြီးတွေလက်ထဲရောက်သွားရင် ထောင်ကျကုန်မှာ တော်ရဲ့´

မိမေးအဖြေကို စံဝ သဘောမပေါက်သဖြင့် `ဟေ´ဟူသောအသံ ထွက်မိ၏။

`သည်မျက်နှာတွေ ကျုပ် မြင်ဖူးသလိုလိုပဲတော့်၊ တော်တော်ကြာ ထောင်ကျကုန် တော့မှ ရွှေရိပ်မျိုးရိပ်မကင်းသဲ့ လူတွေ ဖြစ်နေရင် မျက်နှာပူစရာတွေ ဖြစ်ကုန်မှာ´

စံဝ ခေါင်းညိတ်လိုက်သည်။ မိမိဘက်နှင့် မယားဘက်မှ အဖျားအနားကျသော ဆွေမျိုးတွေမှာ သူ့ကိုယ်မသိ၊ ကိုယ့်သူမသိနှင့် အနှံ့အပြားစီ ပြန့်ကြဲနေသည် မဟုတ်လား။

**၁၉၈၈၊ မတ်၊ စံပယ်ဦး**

## နို့ညှာကောင် ကျော်သူစံ

ချိုးသုံးကောင် ကူနေပုံ သာယာသောကြောင့် စံဝသည် ထွန်ယက်နေဆဲ ထွန်ရေးကိုပင် မေ့လျော့မတတ်ရှိသည်။

မြောင်းပေါင်ကို ခွလျက် တည်ရှိနေသော ထန်းနှစ်ပင်နှင့် ထနောင်းပင်ပေါ်တွင် ချိုးသုံးကောင် ရောက်နေသည်။

ထန်းလက်ခြောက်များ တန်းလန်းကျနေသော ထန်းပင်ပေါ်မှ ချိုးက `တကူကူး´ဟု ကူ၏။ ထန်းလက်ခြောက်မရှိ၊ ပြောင်ရှင်းနေသော ထန်းပင်ပေါ်က ချိုးကမူ `တကူကူးကူး´ ဟု ကူးတစ်လုံးပိုပြီး ကူ၏။ အသံသေးငြား စူးသည်။ ကန်သင်းစပ် ထနောင်းပင်ပေါ်ရှိ ချိုးကား `ဂူကူးဂူကူး´ ဟု၍ ဒေါသတကြီး အဆက်မပြတ် ကူသည်။

သည်သုံးကောင်၏ ကူသံများ ရွှေ့ပြောင်းမသွားသောကြောင့် `သည်သုံးကောင် နယ်လုသာလည်း မဟုတ်ပါဘူး´ဟု စံဝ အထင်ရောက်၏။ စိတ်က ချိုးများထံ ရောက်နေသည့် အတွက် ထွန်ကို မကြွေမိ။ ထွန်တုံးနှင့် ရင်ဘတ် ဝင်တိုးမိတော့မှ ထွန်ရေးငင်နေကြောင်း သတိရသည်။

`သေတော့မှာပဲ သည်နွား´

အလှည့်နွားသည် ကွေ့ရမည့်နေရာတွင် မကွေ့ဘဲ ကန်သင်းဟိုဘက်ရှိ မြက်ပင်တစ်ပင်ကို မမှီတမီ လှမ်းဟပ်နေ၏။ စံဝ တံဖျာဖြင့်ရွယ်မှ ကျောကြီးကော့လျက် အပြေးအလွှားကွေ့သည်။ စံဝသည် ထိုအခါတွင်မှ မိမိတွင် အဖော်ပါပါသေးတကား ဟု ထပ်ဆင့် သတိတိုးပြန်သည်။ သူ၏ အဖော်ကား သူ့သား နို့ညှာကောင် ကျော်သူစံပေတည်း။

စံဝတို့ သားမိသားဖတစ်တွေသည် ယောက္ခမအိမ်ကို အဖီဆွယ်ပြီး နေသည်။

ကလေး လေးယောက်ရသည်အထိ အိမ်မခွဲနိုင်သေး။ နို့ညှာကောင် ကျော်သူစံကား အမေကြီး၏ အသည်းဖြစ်သည်။ သူ့အမေကြီးကလည်း `ငါ့မြေး မထိနှင့်´ဖြစ်သည်။ သို့သော် အမေကြီး၏အသည်းသည် အများတစ်ခုကို လုပ်မိသည်။ အမေကြီး၏ နို့စားနွားမကို အမြီးနတ်မိသည်။ သူ့အမြီးကို နတ်ရမည်လောဟု နွားမက ကန်သည်။ ကျော်သူစံမှာ နွားမြီးနတ်သော အတွေ့အကြုံများသောကြောင့် ရှောင်တတ်တိမ်းတတ်နေပြီ။ နို့စားနွားမသည် ကျော်သူစံကို မကန်မိဘဲ ရေအိုးကို ကန်မိသည်။

`သွား သွား၊ နင် ဘယ်တော့မှ ငါ့အိမ်မလာနဲ့´

စံဝသည် နွားစာကျွေးနေရာ တင်းကုပ်ထဲမှ ချောင်းကြည့်၏။ ကွဲသွားသော ရေအိုးအပဲ့များကို ဆက်စပ်ကြည့်နေသော ယောက္ခမသည် သူ့ရေအိုးကို နမြောဟန်တူသည်။ ခပ်လှမ်းလှမ်းတွင် ရပ်နေသော မြေးကို ထပ်မံ မာန်မဲပြန်၏။

`သွား သွား၊ နင့်အဖေနဲ့ လယ်ပြင်ကို လိုက်သွား၊ အိမ်မှာနေရင် အရိုက်ခံရတော့မယ်။ ငါ ရိုက်မိရင်လည်း မသက်သာဘူး´

သူတစ်ပါးရိုက်သည်ကို မကြိုက်သော အမေကြီးသည် မြေးချစ်ကို ရိုက်ခဲ၏။ အခြားသူများကလည်း အမေကြီးကို ကြောက်သောကြောင့် ကျော်သူစံအား ပစား ပေးထားကြ၏။ ထိုသို့ ဖူးဖူးမှုတ်ခံရသူ အကြုံးအဝါးခံရသည်တွင် မိမေး ငြိမ်မနေရဲ။

`လိုက်သွား လိုက်သွား၊ နင့်အမေကြီး စိတ်ဆိုးနေပြီ´

သို့သော် စံဝက မခေါ်လို။ ပြဿနာပေါင်းကို လက်ဝါးကြီး အုပ်ထားသူဟု အဖေက မြင်သည်။

`မဖြစ်ပါဘူးကွာ´ဟု ဆိုသည်။

`ဘာပြုလို့ မဖြစ်ရမှာတုံး၊ ခေါ်သွား´

မိမေး၏ ထိုစကားကို စံဝ မပယ်ရဲ။ နွားနှစ်ကောင်နောက်မှ ပေစောင်းပေစောင်းဖြင့် လိုက်လာသော သားကို မျက်ခြည်ပြတ်မခံရဲပေ။ နေရောင်ကလေး ပြူလာသည်နှင့် ပုတတ်တွေ ထွက်လာပြီ။ စံဝမှာ ချုံတွေကို သတိထားကြည့်ရင်း `အေးနော် ပုတတ်ကို အာရုံစိုက်နေရင် မြွေတွေ့တတ်တယ်´ဟု သတိပေးရ၏။ သို့ရာတွင် ကျော်သူစံသည် မမောတမ်း မြည်ကြွေးနေသော ပုတိမ်ငှက်နှင့် အချိုအချဉ်ကူနေသော ချိုးများကိုသာ စိတ်ဝင်စားနေသည်။

`ဘယ်ချက်မှာ အကျိုးကို ထမ်းပြီး ပြန်ရမယ် မသိဘူး´

စံဝမှာ ထိုအတွေးဖြင့် ဘုရားတနေရ၏။ ချိုးသုံးကောင်ထံ အာရုံရောက်သွားသဖြင့် ရင်ဘတ်နှင့် ထွန်ကိုင်းဆောင့်မိ၏။ ချိုးသုံးကောင်ကို အာရုံစိုက်မိသောကြောင့် ကျော်သူစံကို သတိလစ်သွား၏။

`သည်ကောင် ဘယ်ရောက်သွားပါလိမ့်´

ပုတတ်တွေ ပြေးလွှားဝင်ထွက်နေသော မြောင်းပေါင်နှင့် နဘူးချုံများဘက်သို့ လည်ရှည်ကြည့်နေစဉ် ခေါင်းပေါ်မှ အသံကြားရ၏။

`အဖေရေ လုပ်ပါဦးဗျ´

စံဝမှာ အယောင်ယောင်အမှားမှားဖြင့် ကန်ကြိုးကို ဆွဲသည်။ မော့ကြည့်သည်။ ထနောင်းပင်ပေါ်မှ ခြေကားယားလက်ကားယား လိမ့်ကျလာသော ကျော်သူစံ။

`ဟာ ဟော့ အဲ´

စံဝ တစ်စုံတစ်ရာ မပြောနိုင်မီ အကိုင်းတစ်ကိုင်းကို ဆွဲမိပြီး အခက်တွေ ဖြစ်သည်။

ကျော်သူစံသည် အခက်ကျိုး အခက်ပဲ့များကို နတ်ဝင်သည့်ပုံဖြင့် ဆုပ်ကိုင်လျက် လိမ့်ကျ၏။

`ဆွဲ ဆွဲ အဲသည်ကိုင်း´

အကိုင်းတစ်ကိုင်ပေါ်သို့ ကျော်သူစံ ထပ်မံရောက်သွားပြား မဆွဲမိ။ ထွန်ယက်နေဆဲ တမန်းပြင်ထဲသို့ ဗျန်းကနဲ ပက်လက်ကြီးကျလေ၏။

`ကံကောင်းတယ်၊ တခြားနေရာမှာ ကျရင် သေမှာ၊ အခု´

စံဝ မြည်တွန်တောက်တီးလျက် ကျော်သူစံထံ ပြေးသွား၏။ ကျော်သူစံသည် ဖအေ၏ အပွေ့မခံဘဲ ထပြေးသည်တွင် ချော်လဲလေ၏။ ချော်လဲတော့မှ လက်ထဲက ချိုးတစ်ကောင် ကျော့ကွင်းတန်းလန်းဖြင့် ပျံပြေး၏။ စံဝမှာ သည်အခါကျမှ `သြော် ချိုးတက်ထောင်သာပါလား´ဟု သိရလေတော့၏။

**၂၀၀၆၊ မတ် ၂၈၊ ရွှေမြင်သာဂျာနယ်**

## အငယ်ဆုံးလူ မြတ်ကောင်းစံ

ဦးသောင်းအေး၊ ဒေါ်သော့တို့၏ အိမ်ဝိုင်းထဲတွင် တစ်သက်လုံး မင်းမူလာခဲ့သမျှ သူ့အောက်က အငယ်ကောင် မြတ်ကောင်းစံ စကားပြောတတ်တော့မှ ကျော်သူစံတို့ ဝင့်လည်တော့သည်။ အငယ်ကောင်သည် များများမပြောတတ်သေး။ `ပေး´နှင့် `ကိုကို ပေး´သာ ဖြစ်သည်။ တအားအော်သည်၊ ကုန်းပြီးအော်တတ်သည်။ မိခင် မိမေးကလည်း လှည့်မကြည့်။ `ဟဲ့ ပေးလိုက်စမ်း´အော်သည်။ ယခုလည်း လက်နှစ်ဖက်ကို ကျောဘက်တွင် ဝှက်ထားသော ကျော်သူစံကို မြင်သည်နှင့် မြတ်ကောင်းစံ အော်ပြီ။

`ကိုကို ပေး´

`ကျော်သူစံနော်၊ ကလေး မငိုပစေနဲ့၊ ပေးလိုက်´

ထုံးစံအတိုင်း အမေကလည်း နွားတင်းကုပ်ထဲမှ လှမ်းအော်၏။ ကျော်သူစံသည် လက်နှစ်ဖက်ကို ရှေ့သို့မထုတ်ဘဲ တုံ့နှေးစွာ ချဉ်းကပ်လာ၏။ ထိုအခါ ကလေးကလည်း အသံပြဲကြီးဖြင့် အော်၏။

`ပေး ကိုကို ပေး´

`ဘာပေးရမှာတုံးဟဲ့ ခွေးကလေးရဲ့´

ကျော်သူစံသည် မြတ်ကောင်းစံ၏ အသံမျိုးဖြင့် ကုန်း၍လည်းအော်သည်။ ကျော်ဘက်တွင် ဝှက်ထားသော လက်နှစ်ဖက်ကိုလည်း ရှေ့သို့ ထုတ်ပြသည်။ သို့လျှင်ပြငြား ကလေးက မယုံ။

`ကိုကို ဟိုမှာ ပေး´

မြတ်ကောင်းစံသည် သူ့အစ်ကို၏ ကျောဘက်တွင် တစ်စုံတစ်ရာ ထိုးဝှက်

ထားလေဟန် မယုံသင်္ကာ အကြည့်ဖြင့် လည်ပင်းရှည်ကြည့်သေးသည်။

`ဘာမှ မရှိပါဘူး ညီလေးရာ´ဟု ပြောလည်းပြောသည်။ ကျောဘက်ကိုလည်း လှည့်၍ပြသည်။ ကျောဘက်တွင် ကျောပြင်ချည်းရှိသဖြင့် မြတ်ကောင်းစံ တိတ်သွား၏။ သို့သော် သည်ကောင် စကားပြောတတ်ကတည်းက အနိုင်ကျင့်လာသည်ကို ကျော်သူစံ မကျေနပ်။ ပညာရှိန်ပ်စက်ရန် အကြံရသည်။ မီးဖိုခန်းထဲသို့ ကိုယ်တစ်ပိုင်း ငုံ့ဝင်သည်။ ထို့နောက် ပါးစပ်တလှုပ်လှုပ်ဖြင့် မြတ်ကောင်းစံ၏ ရှေ့သို့ ရောက်လာသည်။

ပါးစပ်လှုပ်နေဟန်သည် တစ်ခုခုဝါးနေသည့် သဘောဟု မြတ်ကောင်းစံ ယုံကြည်သည်။ ယုံကြည်သည့်အလျောက် ကုန်းအော်၏။

`ကိုကို ပေး၊ ကိုကို ပေး´

`ဟဲ့ ပေးလိုက်စမ်း´

မိမေႈကလည်း တစ်ချက်ကလေး စောင့်မကြည့်၊ ရမ်းအော်နေ၏။ သို့အတွက် ကျော်သူစံသည် ကြမ်းပေါ်တွင် လေးဘက်ထောက်လျက် ကလေးရှိရာသို့ တရွေ့ရွေ့ လာ၏။ ပါးစပ်ကလည်း အဆက်မပြတ် လှုပ်နေသောကြောင့် မြတ်ကောင်းစံသည် လှုပ်နေသောပါးစပ်ကို စူးစိုက်ကြည့်နေ၏။

ကလေး၏အနီးသို့ ကျော်သူစံ ရောက်လာပြီ။ အစ်ကို၏ ပါးစပ်ထဲမှ တစ်ခုခု ထွက်လာတော့မည်ဟု ကလေး မျှော်လင့်သည်။ `ဟား´ကနဲ အော်ပြီး ပါးစပ်ဟာပြ လိုက်သည်။ သွားတွေသာ ရှိသည်။

`ဟား ဟား ဟား´

ကျော်သူစံ အလွန်ကျေနပ်သည်။ တစ်စုံတစ်ရာ အကဲမခတ်ဘဲ `ပေး´ဟု တအော်တည်းအော်ကာ အနိုင်ကျင့်သူအား ကသိကအောက် ဖြစ်အောင်လုပ်ရသဖြင့်

ကျော်သူစံ ကျေနပ်၏။ အားရဝမ်းသာ ရယ်မော၏။

ကျော်သူစံ ကျေနပ်အားရ နေသော်ငြား ကလေးက မကျေနပ်။ ကလေးသည် သူ့အစ်ကိုအား သင်္ကာမကင်းသော အကြည့်ဖြင့် မျက်တောင်မခတ်ဘဲ ကြည့်နေ၏။ သူ့အစ်ကိုသည် တစ်စုံတစ်ရာကို အမှန်ပင် ဝါးစားလာပြီးမှ မစားဘဲ ဟပြသလော။ အစ်ကိုသည် ဝါးစရာတစ်ခုခုကို တကယ်ဝါးလာရာက မျိုချပြီး ပါးစပ်ဟပြသလော။ မကြာခဏ လှည့်ဖြားခံရသည့်အပေါ် မူတည်ပြီး ကလေးစဉ်းစား၏။ ကလေး စိုက်ကြည့်နေသဖြင့် ကျော်သူစံ မနေတတ်။ `ဟီး ဟီး ဟီး´ဟု အခြောက်တိုက် ရယ်ပြ၏။ ကလေးကလည်း လိုက်လံရယ်မော၏။

`အမေရေ ညီလေးက ရယ်သယ်ဗျို့´

`အေး အေး´

အေးအေးဆိုသော မိမေး၏အသံသည် နွားတင်းကုပ်ထဲမှ မဟုတ်တော့။ မီးဖိုဆောင်ဘက်သို့ ရောက်သွားပြီ။ `ညီလေး မငိုစေနဲ့´ဟူ၍လည်း နောက်ဆက်တွဲ ပါသေးသည်။

`ညီလေး ကြည့် ကြည့်´

ကျော်သူစံသည် ခြေထောက်တစ်ချောင်းကို လက်တစ်ဖက်ဖြင့် ဆွဲကွေးထားပြီး ချာချာလှည့်လျက် က၏။ ပါးစပ်ကလည်း `အင်အင် အုံအုံ´ မြည်၏။ ကလေးသည် ယိုင်ထိုးယိုင်ထိုး ထရပ်သည်။ ခြေတစ်ချောင်းကို ကွေးထားပြီး ခုန်သည်။ တစ်ချက်ခုန် အပြီးတွင် မှောက်လျက်လဲရာ နဖူးနှင့် ကြမ်းပြင်ဆောင့်မိ၏။ နဖူးနှင့် ကြမ်းနှင့် ဆောင့်မိသော်ငြား အဆော့တွင် အားသန်နေသောကြောင့် ကလေးသည် မငိုပေ။ မငိုရုံသာမက ရယ်များပင် ရယ်မောနေသေးသည်။

`ညီလေးက လူစွမ်းကောင်းကွ´

ကျော်သူစံသည် လျှော်ဖွပ်ရန် အမေချထားသော အဝတ်ထုပ်ကို ခေါင်းဖြင့် ပြေးဝှေ့၏။ မြတ်ကောင်းစံလည်း ပြေးဝှေ့၏။

`တော်တယ်ကွ၊ ညီလေး တော်သယ်´

ကျော်သူစံ လက်ခုပ်တီးပေးသည်။

`ဟီးရိုးဆိုတာ ဒါပဲကွ၊ ချ ချ´

ပြောပြောဆိုဆို အဝတ်ထုပ်ကို ခေါင်းဖြင့် ဝှေ့ပြသည်။ ကလေးကလည်း လိုက်ဝှေ့ပြီး တဟားဟား ရယ်မောသည်။

`ညီလေး ညီလေး၊ သည်မှာကြည့်´

ကျော်သူစံသည် အိမ်ထရံကို တအားပြေးဝှေ့သည်။ ဝှေ့ပုံမှာ ထရံနှင့်ဝေးစဉ်က အားနှင့်ပြေးလာသော်ငြား ထရံနှင့် ဆောင့်ချိန်တွင် အသာကလေး ဆောင့်ခြင်းဖြစ်သည်။ မြတ်ကောင်းစံသည် ဤမျှအထိ မလည်၊ ဤမျှအထိ မသိ။ တဟီးဟီးတဟားဟား ပြေးလာပြီး ထရံကို တအား ကျုံးဆောင့်လိုက်ရာ ပက်လက်လန် ကျသွားလေတော့၏။

`လူစွမ်းကောင်းကွ၊ ဟား ဟား ဟား´

ကျော်သူစံ ရယ်မောသော်ငြား မြတ်ကောင်းစံ မရယ်မောနိုင်။ ထရံကို ပြေးဝှေ့သဖြင့် နာသွားဟန်တူ၏။ သို့ရာတွင် ကြမ်းနှင့် တစ်ကြိမ်ဆောင့်ပြီးသား နဖူးသည် ထရံနှင့်လည်း ထပ်မံဆောင့်မိသဖြင့် ခုံညင်းခန့် စူလာစပြုပြီ။

`ဤနဖူးကို အမေတွေ့သွားခဲ့သော်´ ထိုအတွေးသည် ကျော်သူစံ၏ အသိထဲသို့ ဝင်လာသည်။ ကလေးကို ဂရုမစိုက်ကောင်းလား အမာန်အမဲ အရိုက်အပုတ်ခံရရန်

သေချာ၏။ ဘွားအေ ဒေါ်သော့သည် သူ့မြေး ကျော်သူစံအား ရိုက်သည်ကို မကြိုက်။ ထိုအချက်ကို သိသောကြောင့် ကျော်သူစံက ဘွားအေကြားအောင် တအားငိုသည်။ ဤသို့ဆိုပါက သည်ကောင်ဆိုးသမျှ ခံနေရမည်လော၊ မိမေး ကြံဆသည်။ တုတ်ဖြင့်ရိုက်လျှင် အရိုးရာထင်နိုင်သဖြင့် လက်ဝါးဖြင့် ရိုက်သည်။ ဖြန်းကနဲ ရိုက်သောလက်သည် ပါးစပ်ကို စေ့စပ်ပိုင်နိုင်စွာ ပိတ်သည်။ အားပါးတရလည်း မငိုနိုင်၊ ဒေါ်သော့လည်း မကြား။

အမေသည် ထိုကဲ့သို့ လုပ်တတ်သဖြင့် ကျော်သူစံမှာ အမေကြီးကို အပြည့်အဝ အားမကိုးရဲ။ မီးဖိုချောင်ကို မပြတ်သောသတိဖြင့် ကြည့်နေစဉ် `လူကလေး၊ မင့်အမေကော´ ဟူသည့် အဖေ့မေးသံကို မမျှော်လင့်ဘဲ ကျောဘက်မှ ကြားလိုက်ရ၏။

`အမေရေ၊ အဖေခေါ်နေသယ်ဗျို့´

နောက်ဖေးဘက်သို့ ကျော်သူစံ လည်ပင်းရှည်ကာ လှမ်းအော်နေစဉ် မြတ်ကောင်းစံသည် ဖအေကို ပြေးဖက်၏။ မိမေးမှာ လယ်ပြင်သို့ ထမင်းပို့မီရေးအတွက် အပြေးအလွှား ဆောင်ရွက်နေရာ၊ သား၏အသံကို ကြားသောအခါ ထိတ်ကနဲဖြစ်ရ၏။ နေမကောင်းသောကြောင့် ပြန်လာသလော၊ မည်သည့်ပစ္စည်း မေ့ကျန်ခဲ့သောကြောင့် ပြန်လာသနည်း။ ပူပန်စွာ တွေးလျက် အပြေးထွက်လာ၏။

`အဖေ အဖေ´

`ဟကောင်ကြီး´ အသံပေးလျက် ဖအေကို ပြေးဖက်သော မြတ်ကောင်းစံကို စံဝသည် လက်နှစ်ဖက်ဖြင့် ညှပ်ပြီး မသည်။ ဘယ်ဘက်လက်က နောက်စေ့၊ ညာဘက်လက်က နဖူးကို ညှပ်ရိုက်ပြီး မနေကျဖြစ်သည်။ ယခင်အခါများတွင် မြတ်ကောင်းစံ၏ နဖူးမှာ နဖူးအကောင်း။ ယခုနဖူးမှာ နာနေသော နဖူး။ သို့ကြောင့် `အမယ်လေးဗျ´အော်ပြီး မြတ်ကောင်းစံသည် နဖူးကို လက်ဝါးအုပ်၍ ငိုလေ၏။ စံဝ အံ့ဩသွားသည်။

`အလိုလေးဗျာ´

မိမေ့လည်း သဘောမပေါက်။

`ဘယ်လိုဖြစ်သာပါလိမ့်´

စံဝရော မိမေ့ပါ မြတ်ကောင်းစံကို မျက်လုံးပြူး ကြည့်နေမိကြ၏။

`အမေ အမေ၊ အဖေလုပ်လို့ ညီလေးငိုပြီဗျ၊ နဖူးကို တစ်ခုခုနဲ့ ထုသာထင်တယ် အမေရ´

ဆားပွင့်မှန်သော တီအလား စံဝ တွန့်၏။

`ဟော့ကောင် ကျော်သူစံ သား´

မြတ်ကောင်းစံသည် မအေကို ပြေးဖက်ပြီး အော်ဟစ်ငိုယိုနေသည်။ စံဝက ကျော်သူစံအား မျက်လုံးအပြူးသားဖြင့် ကြည့်သည်။ လက်ကို ဖြန့်ခါပြသည်။

`အချွန်နဲ့ မမပါနဲ့ကွာ၊ အဖေ့လက်ထဲမှာ ဘာမှ မရှိပါဘူး၊ မင်းညီကို ဘာနဲ့မှ မထုပါဘူး´

ဘေးတွင် မိမေ့တစ်ယောက်လုံး ငုတ်တုတ်ရှိနေသည့်အတွက် တော်တော့သည်။ မိမေ့သာ မရှိပါက စံဝမှာ ကျော်သူစံ စွပ်စွဲသမျှ လိုမ့်ခံရမည်။ ကျော်သူစံမှာ သူလုပ်ထားသည့် မကောင်းမှုကို ဝင်ရောက်ခံမည့် လည်းကျိုးထမ်း ရှာနေသူဖြစ်သော်ငြား၊ အမေ မိမေ့ကြောင့် ထင်တိုင်းမပေါက်။

မိမေ့မှာလည်း မြတ်ကောင်းစံ၏ ညိုမည်းဖူးရောင်နေသည့် နဖူးကို ကြည့်ပြီး အံ့သြနေ၏။ ဖအေသည် သား၏နဖူးကို လက်ဝါးဖြင့် ချစ်စနိုး ရိုက်၏။ အသံမြည်သည့်အခါ

မြည်၏။ အသံမမြည်ဘဲ ဖူးရောင်ညိုမည်းလာသဖြင့် နားအလည်ရခက်နေ၏။

`ညီလေး အဖေ့ကို မခေါ်နဲ့နော်´

`မိမေးရေ၊ ညည့်သားကို ကြည့်ပြောဦးနော်၊ သားအဖချင်းကို လုပ်ကြံသွေးခွဲနေပြီဟ´

စံဝက ကျော်သူစံကို အရေးတယူဖြစ်နေခြား မိမေးက တုန်လှုပ်ဟန်မပြ။

`တော် ဘာလာလုပ်သာတုံး´

`လယ်ပြင်မှာ ထွန်သွားတွေ ကုန်နေလို့ဟ´

ထွန်သွားသည် လယ်ကွင်းများ၏ထောင့်တွင်ဖြစ်စေ၊ ကန်သင်းဆုံတွင်ဖြစ်စေ ရှိတတ်၏။ ထွန်ရင်းယက်ရင်း ကျိုးသွားလျှင် ဤနေရာများသို့ ပစ်သည်။ လေးသွားတပ်ထားရာက သုံးသွားသို့ပြောင်းပြီး ထွန်လိုလျှင် ပိုနေသောတစ်ချောင်းကို ထိုနေရာများသို့ ပစ်လိုက်သည်သာ။ လေးသွားလုံးချွတ်ပြီး တုံးအုပ်တုံးရိုက်လျှင်လည်း ထွန်သွားများကို အထက်ပါ နေရာများသို့သာ ပစ်စမြဲဖြစ်သည်။ ထို့အတွက် ထွန်သွား တစ်ချောင်းတစ်လေ လိုအပ်နေပါက ကန်သင်းဆုံများတွင် ရှာဖွေပါက အလွယ်တကူ ရတတ်သည်။ သို့သော် ယနေ့ ထွန်သွားတစ်ချောင်း ကျိုးသွားသဖြင့် အစားထိုးရန် ရှာသောအခါ မတွေ့။

`အံ့ရောပေါ့၊ အကျိုးအပဲ့ တစ်ချောင်းတလေတောင် မရှိဘူး။ အဲသာကြောင့် ပြန်ပြေးလာရသာ´

`ဒါဖြင့်လည်း မြန်မြန်ပြန်၊ ထွန်သွားပစ်ထားသာ ခိုးသဲ့သူခိုးက နွားပါ ခိုးသွားပါဦးမယ်တော်´

နွားတင်းကုပ်ထဲသို့ စံဝ ပြေးဝင်ခဲ့သည်။ ဖွဲနု နမ်းဖတ်ခဲများထားသော စင်ပေါ်တွင် လောင်းရုံလောင်းလားသော ထွန်သွားများနှင့် အသင့် ချွန်ပြီးသား သုံးချောင်းရှိသည်။ စံဝသည် သုံးချောင်းလုံးယူပြီး ထွက်လာသည်။

`တစ်ချောင်းလိုရင် တစ်ချောင်းပဲ ယူသွားပါလားတော်၊ သူ့ခိုးအတွက် အပင်ပန်းခံပြီး သယ်သွားဦးမလို့လား´

`ဝှက်ထားရတော့မှာပေါ့ကွာ၊ လယ်နီးချင်းတစ်ယောက်ယောက် ကိုယ်လို အခက်အခဲကြုံသွဲ့အခါ ကူညီရသာပေါ့´

ပြောတော့သာ ထွန်သွားတစ်ချောင်း ဖြစ်သော်ငြား၊ အချိန်လုပြီး ထွန်ယက်နေချိန်တွင် လစ်ဟာပါက အိမ်သို့ ပြန်ယူလျှင် သုံးလေးစပ် အသာကလေး လစ်ဟာပြီ။ အနီးအနားရှိ သစ်ပင်ကို ထွန်သွားခုတ်လျှင်ကား တစ်နံနက်စာ သွားပြီ။ လက်နီးချင်းတစ်ယောက်ယောက်ထံမှ ထွန်သွားတစ်ချောင်း အသင့်ရလျှင်ကား အလွန်ကျေးဇူးတင်ဖွယ်ကောင်းသဖြင့် အပေဟာဝတ မြည်ကြရ၏။

သည်သဘောကို မိမှေးလည်း သိသည်။ သိသောကြောင့် ထွန်သွားပိုကိစ္စ ဆက်မပြောတော့ပေ။ သို့ရာတွင် ထမင်းမကျက်သေး။ သို့ကြောင့် ထမင်းထုပ် ထုပ်မပေးလိုက်နိုင်။ အချိန်စကောစက ဖြစ်နေသဖြင့် မကျေမနပ် ဖြစ်နေစဉ် မြတ်ကောင်းစံ တစ်စခန်းထ၏။

`ယိုက်မယ်၊ ယယ်ဂျင် ယိုက်မယ်´

အငိုတိတ်ပြီး လယ်ပြင်လိုက်မယ် ထအော်၏။ ဖအေကို ဖက်၏။ စံဝခမျာ ဇနီးသည် မိမှေးအား သနားစဖွယ် မျက်နှာကလေးဖြင့် မော်ကြည့်၏။

`မိမှေးရေ၊ မင်းမှ မကယ်ရင်တော့´

မိမေး သိပါသည်။ လယ်ပြင်သို့ သည်အငယ်ကောင်ပါသွားခဲ့သော ဖအေဖြစ်သူမှာ အလုပ်လုပ်ခွင့်ရှိတော့မည် မဟုတ်။ ကလေးကို မြောင်းထဲ မကျစေရန်၊ တမန်းပြင်ထဲ လိမ့်မကျစေရန်၊ ပုစွန်လုံး မည့ပ်စေရန် ပါးစပ်မစေ့တမ်း ပြောနေရတော့မည်။ အလုပ်ပျက်ခံပြီး စောင့်ရှောက်ရတော့မည်။ သို့ကြောင့် မိမေးက မြတ်ကောင်းစံကို ရင်ခွင်ထဲသို့ ဆွဲသွင်းသည်။

`သား လာ၊ အမေ့နို့ကို စို့´

`အစို့ဘူး´

မြတ်ကောင်းစံ ခေါင်းယမ်းသည်။

`သားလိုက်ရင် အဖေ ဘာမှလုပ်ရတော့မှာ မဟုတ်ဘူး၊ ရေရတုန်းမှာ ထွန်ရတာမို့ လိုက်ပြီး မနှောင့်ယှက်ပါနဲ့ သားရယ်´

`အဖေ အလုပ်မပျက်အောင် သားပါ လိုက်ခဲ့မယ်လေ၊ အဖေ အလုပ်လုပ်နေတုန်း မှာ သားက ညီလေးကို ထိန်းပေးမယ်လေ´

ကျော်သူစံက ဝင်ရောက်ပြောခြင်းဖြစ်သည်။ စံဝမှာ အကျပ်အတည်း အနှောင်အဖွဲ့ မှ လွတ်မြောက်သူနှယ် ဝမ်းသာ၏။

`ကောင်းလိုက်တဲ့အကြံ၊ ဒါနဲ့များ လူတွေက ကျော်သူစံ မကောင်းဘူး ပြောကြသေးတယ်။ အခု ဘယ်မှာ မကောင်းသာရှိလို့လဲ´

သို့သော် မိမေးကား သူ့သားကို မယုံ။

`ကိုစံဝ စဉ်းစားဦးနော်´

`စဉ်းစားနေရင် ကနေ့ လယ်ပြင်ရောက်တော့မှာ မဟုတ်ဘူး၊ ကဲ သားတို့

လာကြပေ့´

စံဝသည် ပြောပြောဆိုဆိုဖြင့် မြတ်ကောင်းစံကို ကောက်ချီရာက `မင်းတို့အမေ ထမင်းလာပို့သဲ့အခါ ပြန်လိုက်သွားရမှာနော်´ဟု သတိပေးသည်။ ထိုအချိန်တွင် ကျော်သူစံက ထွန်သွားတွေ ထမ်းပြီး လမ်းသို့ ရောက်နေပြီ။

`ကျုပ်တော့ တော့်သားတွေကို မထင်ပါဘူးတော်´

အိမ်တံစက်မြိတ်အောက်မှ စံဝ၏ ပထမခြေလှမ်း လှမ်းထွက်လိုက်စဉ် မိမေးက လှမ်းပြီးပြောသေးသော်လည်း စံဝ အလေးအနက်မထား။ လယ်ထိပ်မန်ကျည်းပင် အောက်တွင် ညီအစ်ကိုနှစ်ယောက်ကို ထားပြီး လုပ်လက်စ တမန်းပြန်ခြင်းကို ဆက်လက် လုပ်ဆောင်ရသော် မဖြစ်သလော။ မဖြစ်ပါ။ လယ်ထိပ်သို့ ရောက်သည့်နှင့် တစ်ပြိုင်နက်တည်း ကျော်သူစံ၏ ကျော့ကွင်းထဲသို့ စံဝတို့သားအဖ လျှောကန် သက်ဆင်းသွားလေ၏။ ကျော်သူစံ၏ ကျော့ကွင်းကား `အဖေ ဟိုနဘူးချုံစပ်က ပုတတ်တွေ နွားမြီးကွင်းလျှောနဲ့ ထောင်ကြရအောင်´ဟူသည်ပေတည်း။

မြတ်ကောင်းစံသည် နဘူးချုံစပ်ရှိ ဝါပြောက်ပြောက်အကောင်ကို ပထမဆုံး မြင်ဖူးခြင်းဖြစ်သော်ငြား လေသံဖမ်းပြီး ဝါးတန်းချည်၏။

`ပုတတ်ဖမ်းမယ်၊ ပုတတ်။ အဖေ ပုတတ်ဖမ်းပေး´

မြတ်ကောင်းစံသည် ဖအေ့ခါးပေါ်မှ လျှောချ၏။ ခုန်ဆွခုန်ဆွအော်၏။ စံဝမှာ တမန်းပြန်ဆဲလယ်သို့ မရောက်တော့ပါ။ ချုံတွင် ငြိနေသော နွားမြီးတွေကို စုဆောင်းကာ ကြိုးကျစ်ပြီးနောက် ကွင်းလျှောလုပ်သည်။ ထိုကွင်းလျှောကို ပုတတ်တွင်းဝတွင် ထောင်သည်။

`ပုတတ်ဖမ်းမယ် အဖေ၊ ပုတတ်ဖမ်းမယ်´

မြတ်ကောင်စံက ပုတတ်တွင်းဝတွင် ထိုင်ပြီး ပုတတ်ကို စောင့်နေသည်။

`မင်း အဲသည်လိုသာလုပ်နေရင် ပုတတ်က ဘယ်တော့မှ ထွက်မလာဘူး။ ကိုကိုနဲ့ မန်ကျည်းပင်အောက်မှ ထိုင်နေရသယ် သားရဲ့၊ ပုတတ် မိ မမိ သိချင်ရင် အတော်ကြာမှ လာကြည့်ရသယ်´

ဤသို့ဖြင့် စံဝမှာ နွားမြီးကျစ်ရခြင်း၊ မြတ်ကောင်းစံ သဘောပေါက်အောင် ရှင်းပြနေရခြင်းတို့ကြောင့် မိမေး ထမင်းပို့ ရောက်လာသည်အထိ တမန်းပြန်ဆဲလယ်သို့ မဆင်းရသေးချေ။

**၂၀၀၅၊ နိုဝင်ဘာ၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း**

## ဖားပြုပ်လျှာနီ

စံဝ မိမှေးတို့၏ သားအငယ်ဆုံးကောင် မြတ်ကောင်းစံသည် အုတ်နီခဲထက်ပိုင်းကျိုးဖြင့် အိမ်ခါးပန်းကို ထုနေ၏။ တဒုန်းဒုန်းမြည်သံနှင့်အတူ တံခါးပေါင်အပေါ်ပိုင်းမှ ပိုးမှုန်တွေ တဖွားဖွားကျနေ၏။ အိမ်ခါးပန်းသည်လည်း စွဲထားသောသံတွေ တရွေ့ရွေ့ ကြွတက်လျက်ရှိ၏။

ထို မြတ်ကောင်းစံ၏ အဖေနှင့်အမေသည် လယ်ပြင်သို့ သွားနေကြ၏။ သူ့အထက် တစ်ယောက်ကျော်ရှိ ရဲရင့်စံနှင့် လုလုရွှေတို့မှာ ကျောင်းသွားနေကြ၏။ တစ်အိမ်လုံးတွင် မြတ်ကောင်းစံတို့ ညီအစ်ကိုသာ ရှိသည်။ မြတ်ကောင်းစံ၏ အစ်ကို ကျော်သူစံသည် ကလေးထိန်းရန် တာဝန်ကျပြား ကလေးအပါးတွင် မရှိချေ။

`ညီလေး အောက်မဆင်းနဲ့နော်´

ကျော်သူစံသည် မြတ်ကောင်းစံ၏ ဘေးဘီတွင် မရှိပြား၊ ကောင်းစွာမြင်ရသော နေရာတွင် ရှိသည်။ သို့ရာတွင် မြတ်ကောင်းစံမှာ ကျော်သူစံ၏ ညီဖြစ်သည့်အလျောက် အကြောမာသည်။ အောက်မဆင်းပါနဲ့ ပြောနေပါလျက်က အိမ်အောက်သို့ ဆင်းသည်။

အုတ်ခဲတွေကြားမှာ ဖားပြုပ်ကြီးများ။ ဖားပြုပ်ကိုကာ မြတ်ကောင်းစံ လန့်ဟန်ရှိသည်။ အုတ်ခဲကျိုးတစ်လုံးကို အပြေးအလွှားယူပြီး အိမ်ပေါ်သို့ တက်ပြေး၏။ အုတ်ခဲကြားတွင် အိပ်ပျော်နေခဲ့သော ပက်ကျိသည် အနေအထားပျက်သဖြင့် တရွေ့ရွေ့သွား၏။ ညိုညစ်ညစ်အဆင်းရှိသည့် ပက်ကျိပေါ်သို့ အုတ်နီခဲမှုန့်တွေ တဖွားဖွားကျရာ ပက်ကျိအညိုမှ အနီဖြစ်လာသည်။

`ညီလေး အုတ်ခဲနဲ့ ဘာကို ထုမှာတုံး၊ မလုပ်နဲ့ ငရဲကြီးတတ်တယ်´

မြတ်ကောင်းစံ အုတ်ခဲခွာယူခဲ့သောနေရာရှိ ပက်ကျိကို ကျော်သူစံ မမြင်ရ။

အဘယ်မှာ မြင်ပါမည်နည်း။ ပဲပုစွန်ပင် ကွယ်နေသောကြောင့်တည်း။

အိမ်ရှေ့တွင် အရိပ်လည်းရ၊ ဟင်းလျာလည်း ရစေရန်အတွက် စံဝသည် ပဲပုစွန်ပင် လေးငါးပင်ကို စိုက်ထားသည်။ စင်လုပ်ပေးသောအခါ စင်လုံးပြည့် ကောင်းလှသည်။ ထိုပဲပုစွန်ပင်သည် ကျော်သူစံ ဆော့စရာနေရာ တစ်နေရာ ဖြစ်သွား၏။

`သားရေ၊ ညီလေး ကြည့်ထားလိုက်စမ်း´

`အမေ ဘယ်သွားမလို့တုံး´

ကျော်သူစံ ရှည်သော်ငြား မိမေး မဖြေပေ။ `လယ်ပြင်သို့ ထမင်းပို့´ဟု ဖြေလျှင် သားလိုက်မည် ဖြစ်သည်။ ကျော်သူစံကို ခေါ်သွားလျှင် အငယ်ဆုံးကောင်ကိုပါ ခေါ်ရတော့မည်။ သည်နှစ်ယောက် ပါနေမှဖြင့် လယ်ပြင်သို့ ယနေ့ရောက်ခန်း မမြင်။ ထို့ကြောင့် မိမေးသည် ကလေးကြီးရော ကလေးငယ်ပါ မမြင်သည့်နေရာမှ သွားသည်။ သည်ကဲ့သို့ အမေလုပ်လိမ့်မည်ဟု ကျော်သူစံ သိသည်။ သိသောကြောင့် သတိထား နေသော်ငြား လွတ်သွားသည်။ အမေသွားပြီဟု သိသည်နှင့် တစ်ပြိုင်နက်တည်း ပဲပုစွန်စင်ပေါ်သို့ ကျော်သူစံ တက်သည်။

`ပေး ပေး၊ ပေးနော်´

ကလေးသည် အိမ်လှေကား အတက်ဆင်းတွင် နေလျက် အော်၏။

`ညီလေးရေ၊ လာပြီဟေ့´

ကျော်သူစံသည် ပဲပုစွန်ပင်အစပ်မှ မန်ကျည်းသီးအစိမ်းများ လှမ်းခူးပြီး ကလေးထံ ပစ်ချပေးသည်။ မြတ်ကောင်းစံသည် မန်ကျည်းသီးကို စုံရေမက်ရေစားသော်ငြား မရှုံ့မမဲ့ဘဲ မနေနိုင်။ ရှုံ့ရှုံ့မဲ့မဲ့စားနေရာက မြေတလင်းပေါ်တွင် လူပ်ရှားနေသောအရာများကို မြင်သည်။

မန်ကျည်းသီးတောင့်ကို ချထားသည်။ လှေကားထစ်အတိုင်း မြေပြင်သို့ ဆင်းသည်။

`ညီလေး မဆင်းနဲ့၊ ဖားပြုပ် ဖားပြုပ်´

ကျော်သူစံသည် ပဲပုစွန်စင်ပေါ် တက်သွားကတည်းကပင် ဆားထုပ်ပါသွားသည်။ ယခု မန်ကျည်းသီး ခူးဆွတ်ရရှိပြီးသောအခါ ဆားထုပ်နှင့် မန်ကျည်းသီး ပုလဲနံ့ပ သင့်နေ၏။ အိမ်လှေကားရှိ မြတ်ကောင်းစံမှာ ဖားပြုပ်ကြောက်သောကြောင့် လှေကားရင်းတွေ ကြာကြာမနေရဲ။ ဆွဲမိဆွဲရာ အုတ်ခဲကျိုးကို ယူပြီး လှေကားထိပ်သို့ ပြန်တက်လာသည်။ ခါးပန်းကို အုတ်ခဲဖြင့် ထုရာ အုတ်ခဲထဲမှ နီနီအမှုန့်တွေ ထွက်သည်။ စင်စစ်အားဖြင့် အုတ်နီခဲ၏ အသားများ ပွဲကြွေခြင်းသာဖြစ်၏။ မည်သို့ဖြစ်စေ မြတ်ကောင်းစံ သဘောကျသည်။ ခါးပန်းကို အုတ်ခဲဖြင့် ထုတိုင်း အမှုန့်နီနီတွေ ထွက်သည်။ ခေါင်းပေါ်ကလည်း ပိုးမှုန်ဖြူဖြူတွေ ကျဆင်းလာသည်။ ထုရင်းထုရင်းနှင့် မြတ်ကောင်းစံ သဘောကျလာသည်။ ညာသံပေးသည်။ သူဝတ်ထားသော ပုဆိုးမှာ အုတ်ခဲဖြင့် ထုဖန်များသောကြောင့် အပေါက်ကြီးဖြစ်နေပြီ။

`ဟဲ့ စံဝတို့ မိမေးတို့´

လူအမည် အော်ခေါ်သံအဆုံးတွင် လှည်းရပ်သံ ပေါ်လာ၏။ စံဝ၏ဘကြီး ကောင်းကြီးသာဒင် မြို့ဈေးမှ အပြန်တွင် ဝင်လာခြင်းဖြစ်သည်။ ကျော်သူစံသည် ကောင်းကြီးသာဒင်ကို ကောင်းစွာမှတ်မိသဖြင့် `အဖေရော အမေရော လယ်ပြင် သွားကြသယ် ဘရ´ဟု လှမ်းပြောသည်။

ကောင်းကြီးသာဒင်သည် နွားနှစ်ကောင် ပုခုံးအေးစေရန် လှည်းထောက်ကို ဆင်းထောက်ရင်းက ကျော်သူစံကို မော့ကြည့်၏။

`အလကားနေ အလကားကွာ၊ လက်ဘဒေါ်ကို အလည်လိုက်ခဲ့ပါလားကွ´

`ကလေးထိန်းနေရသယ် ဘရဲ့´

ကျော်သူစံ ထိုသို့ပြောမှ ကောင်းကြီးသာဒင်သည် တစ်မျက်နှာလုံး အုတ်မှုန့်တွေ ပေနေသော မြတ်ကောင်းစံကို သတိထားမိသည်။

`လုသကွာ၊ နပ်နဲ့ အုတ်မှုန့်နဲ့ ဟုတ်ပေ့ကွာ´

`ကိုသာဒင်ရေ၊ လူကြီးတွေ မရှိကြဘူး၊ သည်ကို ကြွပါ´

မိမှေးအမေ ဒေါ်သော့သည် သမက်ကို မျက်နှာကြောမတည့်ငြား သမက်၏ ဘကြီးကိုကား ချေချေငံငံ ဆက်ဆံသည်။

`အကြောင်းကိစ္စ မည်မည်ရရ မရှိပါဘူး၊ ကြုံသာနဲ့ ဝင်လာသာပါ´

ကောင်းကြီးသာဒင်သည် အိမ်ပေါ်တွင် ထိုင်မိမှ ခေါင်းပေါင်းစောင်ကို ဖြုတ်ပြီး ဖုန်ခါသည်။ သူဖုန်ခါ၍မပြီးမီ ဒေါ်သော့က ရေတစ်မှုတ် ခပ်လာပြီ ကောင်းကြီးသာဒင်ထံ ကမ်းပေး၏။ ကောင်းကြီးသာဒင်က တစ်မှုတ်လုံးကုန်အောင် သောက်ပြီးမှ ရေမှုတ်ကို ပြန်ပေးသည်။

`ကောင်းလိုက်သဲ့ ရေဟာ၊ နီးဖလားနဲ့ဆို အဲသလောက်ကောင်းချင်မှ ကောင်းမှာ´

ဒေါ်သော့သည် ဦးသာဒင် ကမ်းပေးသော ရေမှုတ်ကို ကျေနပ်စွာ လှမ်းယူရင်း `နမသားချင်းဆီကော ဝင်ခဲ့သေးလား´ဟု မေး၏။

နမသားချင်းဆိုသူမှာ စံဝ၏မိခင် ဒေါ်ရွှေ ဖြစ်သည်။

`ဝင်ခဲ့ပေမယ့် မီးခိုးတိတ်ပဲဟ´

`အလုပ်ပူနေကြ ထင်ပါရဲ့´

`အင်းပေ့ါလေ ဟုတ်မှာပါ´ ဦးသာဒင်သည် ပြောပြောဆိုဆို ထရပ်ရာက စံဝ၊ မိမေးတို့အိမ်ရှေ့သို့ လှမ်းကြည့်ရင်း တီးတိုးပြော၏။

`ပဲပုစွန်စင်ပေါ် တက်နေသဲ့ကောင် ဘယ်ရောက်သွားပါလိမ့်´

အိမ်တွင် သူ့မြေး နို့ညှာကောင်သာ ကျန်ခဲ့ကြောင်းကို ဒေါ်သော့သိသည်။ ဦးသာဒင်၏စကားအရ ပဲပုစွန်စင်ပေါ်သို့ တက်နိုင်သူမှာ အငယ်ကောင်မဖြစ်နိုင်။ ထို့ကြောင့် ရင်ဘတ်ကို လက်ဖြင့် ဖိသည်။

`အမယ်လေးတော်၊ ပဲပုစွန်စင်ပေါ်တက်လို့ လိမ့်ကျရင်´

ဒေါ်သော့သည် သည်နို့ညှာကောင်နှင့် စပ်လျဉ်းလာလျှင် အကဲပါမြဲဖြစ်ရာ ယခုလည်း အိမ်ရှေ့သို့ ပြေးကြည့်သည်။ ပဲပုစွန်စင်ပေါ်သို့ မော့ကြည့်သည်။ ထိုနေရာတွင် တည်ရှိခဲ့ဖူးသော ပဲပုစွန်စင်ပေါ်တွင် ကျော်သူစံ မဆင်းတတ်သဖြင့် ဘိုးအေ ဦးသောင်းအေး ရော ဖခင် စံဝပါ အလုပ်များခဲ့ကြဖူးသဖြင့် ဒေါ်သော့ မော့ကြည့်ခြင်းဖြစ်၏။ ပဲပုစွန်စင်ပေါ်တွင် ကျော်သူစံ မရှိတော့ပါ။ အရိုးထောင်ထောင် အပွင့်ဖြူဖြူတွေနှင့် လုံးထွေးနေသော လိပ်ပြာများကိုသာ မြင်ရသည်။

`ဟဲ့ ကလေးတွေ´

ကလေးကြီး၏အသံရော ကလေးငယ်၏အသံပါ တုံ့ပြန်မလာချေ။

`တစ်နေရာရာမှာ တစ်ခုခုကို အာရုံစိုက်နေကြလို့ ဖြစ်ပါလိမ့်မယ်၊ ကဲ သွားပြီဟေ့´

ဦးသာဒင် ပြောပြောဆိုဆို အိမ်ပေါ်မှ ဆင်းလာရာ ဒေါ်သော့လည်း ကပ်လျက်ပါလာ၏။ မြေးအတွက် ပူပန်စိတ်ကဲနေသောကြောင့် `ဟုတ်ကဲ့´စသဖြင့် ပြန်မပြောနိုင်ပါ။

သို့သော် မြေးနှစ်ယောက်သည် ဝေးဝေးလံလံသို့ သွားမနေကြပါ။ ပဲပုစွန်စင်အောက်ရှိ ရေအိုးများကြားတွင် တစ်စုံတစ်ရာလုပ်နေကြသည်။

`ကလေးတွေ၊ ဘာလုပ်နေကြသာတုံး´အသံပေးလျက် ချဉ်းကပ်သွားရာ ဒေါ်သော့သည် `အသံမထွက် ဘာမထွက်နဲ့၊ ဘာတွေများ သာလောက် သဘောကျနေကြပါလိမ့်´ ထပ်ဆင့်ပြောသောအခါ မြတ်ကောင်းစံက ဘွားအေကို မော့ကြည့်သည်။ အစ်ကိုကို ကြည့်သည်။ အစ်ကိုဖြစ်သူ ကျော်သူစံက လက်ကို နောက်၌ ဝှက်ထားပြီး နောက်သို့ဆုတ်သွား၏။

`ပြစမ်း၊ လက်ထဲမှာ ဘာတွေတုံး´

အမေကြီး ဒေါ်သော့ ရှေ့သို့တိုးလာသည့်အတွက် ကျော်သူစံသည် ရိုးရိုးမဆုတ်၊ ဆုတ်ပြေးပြေးသည်တွင် ကျောဘက်သို့ ဦးသာဒင် ရောက်လာ၏။

`ဘာတွေလဲ ပြလိုက်စမ်း´

ကုပ်ကို ဖမ်းအကိုင်ခံရသဖြင့် ကျော်သူစံ မဆုတ်သာတော့ချေ။ သူ့ကုပ်ကို ဦးသာဒင်က ဖမ်းကိုင်ချိန်တွင် အမေကြီး ဒေါ်သော့ကလည်း လက်ကို ဆွဲဆုပ်မိပေပြီ။ နောက်က ချုပ်၊ ရှေ့က ပိတ်သဖြင့် မလှုပ်သာတော့သော ကျော်သူစံ၏ လက်ထဲတွင် ကြွပ်ကြွပ်အိတ်ရှိသည်။ ကြွပ်ကြွပ်အိတ်ထဲတွင် သွေးသံရဲရဲဖြင့် ဖားပြုပ်တစ်ကောင်။

မြတ်ကောင်းစံသည် နှစ်နှစ်မပြည့်သေးပြား စကားအတန်အသင့် ပြောတတ်နေရာ ပက်ကျိအနီကို ဆင်းပြီးဖမ်းသော မြတ်ကောင်းစံသည် ဖားပြုပ်အနီကို တက်နင်းမိ၏။

`ပြုပ် ပြုပ်´

သူအော်ချိန်တွင် ကျော်သူစံသည် ပဲပုစွန်ပင်ပေါ်မှ ပြေးဆင်းလာ၏။

`ညီလေး၊ ဘာလဲ ဘာလဲ´

`ပြုပ် ပြုပ်´

ကံဆိုးသော ဖားပြုပ်သည် မြတ်ကောင်းစံ တက်နင်းသောကြောင့် သေလုမြောပါးဖြစ်နေရာက သည်ထက်ပိုမိုပြီး ကောင်းမွန်သော နေရာသို့ ခြေလှမ်းတစ်လှမ်း အလှမ်းတွင် ပက်လက်လန်သွားလေ၏။ ပက်လက်လန်ရာမှ ပြန်မမှောက်နိုင်။ ဖားပြုပ်၏ ဖြူဖွေးသော ဝမ်းဗိုက်သားသည် မြတ်ကောင်းစံကို ညို့ယူ၏။

`ပြုပ်သေ၊ ပြုပ်သေ´

မြတ်ကောင်းစံသည် ဖားပြုပ်၏ ဝမ်းဗိုက်ကို လက်ညှိုးဖြင့် တို့၏။ အတို့ခံရသော ဝမ်းဗိုက်က မထူးခြား။ အတို့မခံရသော လည်ချောင်းက လှိုင်းထသည်။ ထို့ကြောင့် ကျော်သူစံက ဖားပြုပ်ကို တုတ်ချောင်း သေးသေးကလေးဖြင့် ကော်သည်။ ပက်လက်လန်နေသော ဖားပြုပ် မှောက်သွားပြီ။ မြင်သာထင်သာသော ပက်လက်အနေအထား ပျောက်သွားခြား ဖားပြုပ်မှာ ပါးစပ်မစေ့။ နီရဲသောလျှာ ထွက်နေသည်။ သည်လျှာ နီရဲရဲသည် ဖားပြုပ်အတွက် မကောင်းဆိုးဝါး ဖြစ်တော့သည်။ ဖားပြုပ်ကိုက်လျှင် သေတတ်သည်၊ ဖားပြုပ်သေး မျက်လုံးထဲဝင်လျှင် ကန်းတတ်သည်။ ဖားပြုပ်အာနီတွင် အဆိပ်ရှိသည် အစရှိသော ဘိုးဘွားအစဉ်အဆက် စကားများကို ကျော်သူစံ ကြားဖူးသည်။ ကြားဖူးသောကြောင့် ဖားပြုပ်ကို တုတ်ဖြင့် ကော်သည်။

မြတ်ကောင်းစံလည်း သူ့အစ်ကို ကြားဖူးသမျှကို ကြားဖူးမည်သာဖြစ်၏။ သို့ရာတွင် မသိချေ၊ နားမလည်ချေ။ ထို့ကြောင့် ဖားပြုပ်၏ လည်ပင်းနေရာကို လက်ဖြင့် ဖိသည်။ ထိုအခါ ဖားပြုပ်၏ ပြူတစ်တစ်လျှာသည် ပိုပြီးထွက်လာ၏။

`ညီလေး ညီလေး မလုပ်နဲ့´

ပြူတစ်တစ် ဖြစ်နေသောလျှာကို မြတ်ကောင်းစံ ဖမ်းကိုင်သည်။ ကျော်သူစံက

မကိုင်တွယ်ရန် တားဆီးနေဆဲတွင် မြတ်ကောင်းစံက လျှာကို ဆွဲထုတ်သည်။ ဖားပြုပ်သည် အစာကို လျှာဖြင့်ဖမ်းယူသော အကောင်မျိုးဖြစ်သဖြင့် မြတ်ကောင်းစံဆွဲရာသို့ ရှည်ထွက်လာ၏။

`ညီလေး မလုပ်နဲ့၊ သေတတ်သယ်ဟဲ့´

`သေတတ်သယ်´ကို မြတ်ကောင်းစံ မသိပါ။ ချွဲကျိကျိ အတွေ့ရှိသော နီကြင်ကြင် အဆင်းရှိသည့် ဖားပြုပ်လျှာကို တဟီးဟီး တဟဲဟဲဖြင့် ထပ်ဆွဲသည်။ ပါးစပ်မှ သွေးတွေ ထွက်လာသည်။ တစ်ဆက်တည်း အူကပါ တန်းလန်းပါလာသည်။

`အမေကြီးလာပြီ၊ ရိုက်တော့မယ် ဖယ်ဖယ်´

အိမ်ပေါ်မှ ဆင်းလာသော ဒေါ်သော့နှင့် ဦးသာဒင်ကို လှမ်းကြည့်ရာက ကျော်သူစံသည် ကြွပ်ကြွပ်အိတ်ထဲသို့ သွေးစက်လက် အူတန်းလန်း လျှာတစ်လစ်နှင့် ဖားပြုပ်ကို တုတ်ဖြင့်ကော်ပြီး ထည့်၏။ အမေကြီးနှင့် ဘိုးကြီး မသိစေရန် ကျောဘက်တွင် ဝှက်၏။ သို့ရာတွင် ဖားပြုပ်ကို သတ်သော ကာယကံရှင်အစစ်ကို မသိသော အမေကြီးသည် ချစ်လှစွာသော မြေးကို အထင်လွဲတော့သည်။

`သူတစ်ပါးအသက်ကို ရက်ရက်စက်စက်´

`ကျုပ်လုပ်သာ မဟုတ်ဘူး အမေကြီး၊ ညီလေးလုပ်သာ´

`ညီလေးလုပ်ရင် မလုပ်နဲ့လို့ နင် တားဆီးပါတော့လား၊ ပြောပါတော့လား´

ဒေါ်သော့သည် မြေးကို ရိုက်ရန် တုတ်ရှာလေပြီ။ ဆွဲထားသောလက်ကိုလည်း မလွှတ်၊ မျက်လုံးကလည်း ဘေးဘီနှင့် မြေပြင်တွင် တုတ်ကို ရှာနေသည်။ သူတစ်ပါး ရိုက်လျှင်ပင် `ငါ့မြေးကို မထိနဲ့´ ဖြစ်လေ့ရှိသော အမေကြီး၏ အရိုက်ကို မခံရစေရန်

ကျော်သူစံသည် အပြင်းအထန် ရှင်းပြသည်။ ခုန်ပေါက်လျက် ငြင်းဆန်သည်။

`မလုပ်နဲ့၊ သေတတ်သယ် ပြောသဲ့ကြားက လျှာကို ဆွဲသာ အမေကြီးရဲ့´

ကျော်သူစံမှာ သက်သေထူစရာလူလည်း မရှိဖြစ်နေစဉ် မြတ်ကောင်းစံ `အီအ´ ဖြင့် အတင်းတွန်းသည်။ `ကိုကို´ဟု ပြောကာ ကျော်သူစံကို လက်ညှိုးထိုးသည်။ `ပြုပ်´ဆိုကာ ဖားပြုပ်ကို လက်ညှိုးထိုးသည်။

`လူလေး၊ သည်ဖားပြုပ်ကို ကိုကို သတ်သာလား၊ ဘယ်သူသတ်သာတုံး၊ ပြောစမ်း´

`အဲသည်ခွေးကလေးကို အဲသည်လိုမေးရင်တော့ အရိုက်ခံရတော့မှာပဲဗျ´ ဆိုကာ ကျော်သူစံမှာ ကြံရာမရသည့်အဆုံး၌ မြေကြီးပေါ်သို့ ပစ်ထိုင်ချလျက် အားရပါးရ ငိုလေ၏။ မြတ်ကောင်းစံကို ရှည်ရှည်ဝေးဝေး ရှုပ်ရှုပ်ထွေးထွေးမေးလျှင် နားလည်တော့မည် မဟုတ်။ ဖြေလည်း ဖြေတတ်တော့မည် မဟုတ်။ ယခုပင်လျှင် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

`ကိုကို´ ပြောလိုက်၊ `ပြုပ်ပြုပ်´ ပြောလိုက်၊ လက်ညှိုးထိုးလိုက် လုပ်နေရာ ကျော်သူစံ ကြိုတင်ပြီး ငိုမထားလျှင် သေချာပေါက် ဝါးခြမ်းပြားစာမိမည်။ ဒေါ်သော့မှာ ခင်ပွန်းဖြစ်သူ ဦးသောင်းအေးကိုလည်း နိုင်သူဖြစ်ရာ သည်ဝင်းထဲတွင် သူ ဘုရင် ဖြစ်တော့သည်။ ထိုအခါတွင် သမက်နှင့် သမီးကပါ ကြောက်ရသည်။ `ရိုက်မိလျှင် မလျော့ဘူး´ ဟူ၍လည်း ပြောတတ်သည်။ သို့ကြောင့် အမေကြီးရိုက်မည်ကို ကျော်သူစံမှာ အလွန်အမင်းကြောက်သည်။

`လူလေး၊ သည်ဖားပြုပ်ကို ကိုကိုသတ်သာလား´

မြတ်ကောင်းစံ ခေါင်းညိတ်သဖြင့် ကျော်သူစံသည် ငိုလျက်က `မဟုတ်ဘူး၊ မဟုတ်ဘူး´ ဟူ၍ အော်ဟစ်လေ၏။

`လူကလေး၊ သည်ဖားပြုပ်ကို မင်းသတ်သာလား´

မြတ်ကောင်းစံ ခေါင်းခါသောအခါ ကျော်သူစံသည် ငိုလျက်က `ခွေးကလေး၊ လိမ်သယ်´ဟူ၍ အော်ဟစ်တော့သည်။

`သွားမယ် မသော့ရေ၊ ကလေးငယ်ပြောသာယုံပြီး ကလေးကြီးကို ရိုက်မနေပါနဲ့တော့´

ဦးသာဒင်သည် ပြောပြောဆိုဆို သူ့လှည်းပေါ်သို့တက်သွားပြီ။

`အမေကြီး မြေးကလေး ပြောသာ မယုံနဲ့နော် အမေကြီး။ သည်ကောင်လေး ပြောသာကို ယုံရင် မှားမယ်နော်´

သည်ပြောပေါက်ဆိုပေါက်သည် အမေကြီး သဘောကျစရာ ဖြစ်၏။ သို့ရာတွင် အမေကြီး ဒေါသထွက်နေခိုက်တွင် အရာမရောက်ပါ။ `ဘာကြီးကြီးကျယ်ကျယ်တွေ ပြောနေပြန်သာလဲ´ ဆိုကာ လက်ထဲရှိ ဝါးခြမ်းပြားကို မြှောက်လိုက်သည့်ခဏတွင် ကျော်သူစံ ရွှတ်ကနဲ ထွက်ပြေးသွားလေ၏။

အမှန်မှာမူ ကျော်သူစံသည် ပြေးလွှားဆော့ကစားစရာ အဖော်များရှိသော ရွာထဲဘက်သို့ ထွက်ပြေးခြင်းဖြစ်ငြား၊ ထမင်းတောင်း ရွက်လျက်လာသော သူ့အမေ မိမေးနှင့် ဝင်တိုး၏။ သို့ကြောင့် ကျော်သူစံမှာ ဝမ်းလျားထိုးဝင်မှ ဝင်၍ရသော အိမ်ကလေးအောက်သို့ လေးဘက်ထောက်လျက် ဝင်ပြေးလေ၏။

`ထွက်ခဲ့နော်၊ ခေါ်တုန်းက ထွက်လာရင် သက်သာမယ်´

အမေဒေါ်သော့သည် ထိုမြေးကို သူတစ်ပါးရိုက်သည်ကိုပင် စိတ်ဆိုးပါလျက် ယခု ဘယ်သို့ ဖြစ်ရသနည်း။ မိမေး မေးချင်သည်။ မေးချင်သော်ငြား မမေးရဲ။ မြေးအပေါ်၌ ဖြစ်သော ဒေါသသည် သူ့ဘက်သို့ လှည့်လာနိုင်သောကြောင့် အုတ်နီခဲမှုန့်တွေ၊ ဖုန်တွေ၊

ဖားပြုပ်သွေးစေတွေ လူးလိမ်းနေသော နို့စို့ကလေးကိုသာ ကောက်ချီမိ၏။

`ညည်းတို့ကလဲ သည်ကလေးနစ်ယောက်ကို ထားခဲ့ပြီး သွားရသလား´

မိမေး အခက်တွေ့ပြီ။ မဖြေဘဲနေလျှင် မအေကို အဖက်မတန် လူရာမသွင်း၊ မထီမဲ့မြင်ပြုသည် အဆိုခံရတော့မည်။ ဖြေလျှင်လည်း အာတွေ့နေသော ဒေါ်သော့၏ ပါးစပ်ကို အားဖြည့်ပေးသည်သို့ ရှိတော့မည်။ အမှန်မှာမူ မြတ်ကောင်းစံက မအေ့ခါးပေါ်မှ လျှောချပြီး နေခဲ့ခြင်းဖြစ်သည်။ သို့တစေ အမေ လက်ခံကောင်းမှ လက်ခံလိမ့်မည်။

ယင်းသို့ရှိစဉ် အဖေ့ကိုလှမ်းမြင်သည်။ မြို့ဈေးမှ ပြန်လာသော ဦးသောင်းအေးသည် ဝင်းတံခါးမှ ဝင်လာနေပြီ။ မိမိနည်းတူ အပြောအဆို အငေါက်အငမ်း ခံမည့်လူတစ်ဦး ရောက်လာသည့် အတွက် မိမေးသည် ပါးစပ်ကို တင်းတင်းစေ့လျက် အိမ်ကလေးဘက်သို့ လျှောက်လှမ်းခဲ့လေ၏။

**၂၀၀၆၊ ဩဂုတ်၊ မဟောသဓာမဂ္ဂဇင်း။**

## ခါးနာသော ငထွား

`သွား ငါ့အိမ်ဝိုင်းထဲက အခုထွက်သွား´

စံဝသည် ဘီလူးစီးနေသော ယောက္ခမ ဒေါ်သော့၏ ရင်တုန်ဖွယ်ရာ အသံကြီးကို ကြားသည့်ခဏဝယ် မိမေးကို စောင်းငဲ့ကြည့်၏။ မိမေးလည်း လင်ကို နိုင်သော်ငြား၊ မအေကို ပြောရဲဟန်မတူ။ သို့သော် ဆီမန်း မန်းသံဖြင့်ကား ပြော၏။

`သူ့မြေးဆိုးသာတော့ မပြောဘဲနဲ့၊ တစ်ဆိတ်ရှိ ငါ့အိမ်ဝိုင်းထဲ မနေနဲ့ ပြောဖို့ပဲ သိသယ်´

မိမေး တီးတိုးပြောသော စကားသံထဲတွင် ပါဝင်သည့် `သူ့မြေး´ ဆိုသည်မှာ နို့ညှာကောင် ကျော်သူစံ ဖြစ်ချေသည်။

ဒေါ်သော့သည် သူ့မြေး နို့ညှာကောင် ကျော်သူစံကို အထိမခံချေ။ `ငါ့မြေးမထိနဲ့ ဓားကြည့်´ဆိုသူ ဖြစ်သည်။

`ဟဲ့ မယ်သော့ အတ္တကြီးလှချည်လား´

ခင်ပွန်းဖြစ်သူ ဦးသောင်းအေးက ဝေါက်သောအခါ `ကြီးတယ်၊ ကြီးတော့ ဘာဖြစ်သလဲ၊ တော့အပူ ပါသလား´ ဟု ပြန်ပြီးအော်၏။

ဦးသောင်းအေးလည်း ကြီးတောင့်ကြီးမားမှ မရိုက်ချင်သဖြင့် လက်လျှော့လိုက်ရ၏။ ဒေါ်သော့တွင် ဒေါ်ကျော့အမည်ရှိသော အစ်မ တစ်ယောက်ရှိသေး၏။

`မိသော့ နင့်မြေးဆိုးသာ ထည့်မပြောဘဲ မြေးထိ ဓားကြည့်လုပ်လုပ်မနေနဲ့´

ထိုအစ်မကို ဒေါ်သော့ ကြောက်သည်။ ဒီအရွယ်ကြီးအထိ အရိုက်အခေါက် မလျှော့သေးသော ဒေါ်ကျော့ကိုကား အတိအလင်း မဆန့်ကျင်ရဲ။ သို့သော် မခံချည့် မခံသာ

ဖြစ်နေဟန်ကိုမူ ဖော်ပြဖြစ်အောင် ဖော်ပြသေး၏။

`သူများပြောနဲ့ လေသံကြား တရားနာမနေစမ်းပါနဲ့ အစ်မရာ´

`လေသံကြားနဲ့ တရားနာသာ မဟုတ်ဘူးဟေ့၊ ညည်း အကဲပါလွန်းလို့ ပြောရသာ။ ညည်းမြေးလည်း ငါ့မြေးပဲ။ တော်ရုံဆို ငါမပြောဘူး။ ညည်းက တော်တော့်ကို လွန်လို့ ငါပြောရသာ။ အေး ပါးစပ်နဲ့ပြောရသာ အားမရဘူးနော်´

ထိုအခါတွင်ကား ဒေါ်သော့၏ ပါးစပ်ကို သံတူးရွှင်းဖြင့် ကော်ပြီးဖွင့်ဦး၊ အသံထွက်မလာတော့ချေ။ တစ်ဆွေလုံး တစ်မျိုးလုံးတွင် အသက်အကြီးဆုံး ဘကြီးဦးစံမြိုင်ရှိသည်။ သူ့စကားကိုပင် လက်ခံရန် ခက်ခဲသော ဒေါ်သော့သည် ဒေါ်ကျော့၏ `ပါးစပ်နဲ့ပြောရသာ အားမရဘူးနော်´ကိုကား ကြောက်သည်။ ထို ဒေါ်ကျော့မှလွဲ၍ မည်သူကိုမျှ အရေးမထားသော ဒေါ်သော့သည် ပါးစပ်ဖြင့်သာ မဟုတ်၊ လက်ပါ ပါလာသည်။

သူ့ဘေးတွင် ချထားသော ဓားမတိုကို ကောက်ကိုင်ပြီးမှ ပစ်ချသည်။ ကြမ်းပေါ်သို့ ဓားကျသွားသောအသံကို ကြားခါမှဖြင့် စံဝမှာ နေစရာ မရှိပြီ။ ထို့ကြောင့် နောက်ဖေးပေါက်ဖက်သို့ ဖင်တရွတ်ရွှေ့သည်။

`ဒါက ဘယ်သွားဦးမလို့တုံး´

အရေးထဲတွင် မိမေးက တစ်မှောင့်၊ ခါးကို ဆွဲထားသည်။

`နင့်အမေကို ကြောက်လို့ လွတ်ရာပြေးမလို့´

`ကျုပ်ကို ဒီအတိုင်း ပစ်ထားခဲ့မယ်ပေါ့´

`သားအမိချင်း ကြောက်စရာလားဟ´

`ကြောက်သာပေါ့တော်၊ ဒီမှာ ကြည့်ပါလား´

မိမေးသည် ဆံပင်ကို ဖြပြီး ချိုစောင်းပေါ်ရှိ ချော်ချွတ်ချွတ် အမာရွတ်ကို ပြသည်။ အမှန်ပင် ဒေါ်သော့၏လက်ရာဖြစ်သည်။ ထိုဒဏ်ရာမှာလည်း နို့ညှာကောင် ကျော်သူစံတွင် မြစ်ဖျားခံသည်။ ဖအေဖြစ်သူ နွားမပါဘဲ လယ်ပြင်သို့ ထွက်သွားသောအခါ အိမ်တွင် ကလေးငယ် နှစ်ယောက်နှင့် မအေသာ ကျန်ခဲ့သည်။ ကလေးနှစ်ယောက်မှာ နို့ညှာကောင် ကျော်သူစံနှင့် အငယ်ဆုံးကောင် မြတ်ကောင်းစံတို့ ဖြစ်သည်။ သူတို့ အထက်က အကြီးမ လှလှရွှေနှင့် သူ့အောက်ကကောင် ရဲရင့်စံတို့မှာ ကျောင်းသွားနေကြသည်။

မိမေးမှာ လုပ်နေရသောအလုပ်ကို အမည်တပ်၍ မရသော်ငြား မနားရပေ။ ထမင်းအိုးကို တည်ထားရင်း အဝတ်လျှော်ရ၏။ ဟင်းအိုးသာ တည်သည်၊ အဝတ်လျှော်၍ မပြီးသေး။ ကြက်မတွေ `ကတော်´ လွှန်းသဖြင့် ကြက်မြုံတွင် မွေ့ရောက်နေသလော သို့မဟုတ် မည်သို့ဖြစ်နေသနည်း ပြေးကြည့်ရသေး၏။ ကြက်ခြံမှ အပြန်တွင် ပခက်ပေါ်မှ ခိုဆင်းနေသော အငယ်ကောင်ကို ခါးထစ်ခွင်ချီလျက် ရေခပ်ရသည်။ ကလေးချီလျက် ရေအိုးရွက်လျက် အတော်ဝေးဝေးသွားပြီးမှ အိမ်သို့ ပြန်ပြေးလာရသေး၏။ အိမ်ရှေ့တွင် ဆွမ်းရပ်နေသဖြင့်။ စင်စစ် ဆွမ်းလောင်းရမည့်သူမှာ ကျော်သူစံဖြစ်သည်။

`ရေလေး တစ်ခေါက် နှစ်ခေါက် ခပ်လိုက်ဦးမယ်။ ဆွမ်းလောင်းလိုက်´

`ဟုတ်ကဲ့ အမေ၊ ဟုတ်ကဲ့´

ကျော်သူစံသည် `ဟုတ်ကဲ့´ ကို အိမ်ရှေ့တွင် ထားပစ်ခဲ့ပြီး လူက ပျောက်နေသည်။ မိမေးမှာ ထိုအချိန်ကတည်းက လက်ယားနေပြီ။ ဆွမ်းလောင်းအပြီးတွင် ရေအိုးကို ကောက်ယူကာ ရိုသေးသည်။ ဝါးကနဲ ငိုသံကြားရသည်။ မိမေးမှာ ရေအိုးကိုသာမက နို့စို့ကလေးကိုပါ ချထားခဲ့ရသည်။ နွားတင်းကုပ်ဘေးရှိ ဗွက်ထဲရောက်နေသော ကျော်သူစံ။

`အမယ်လေး ကျိုးပါပြီဗျ´

`ဟဲ့ ဘာဖြစ်သာတုံး´

`နပြောက်(နွားပြောက်)ကန် ကန်သယ်ဗျ´

နွားနက်ပြောက်သည် အကြောင်းမဲ့ မကန်တန်ရာ။ မည်သည့်အတွက်ကြောင့် ကန်ရသနည်းဟု ပါးစပ်က မေးလျှင် အမှန်အကန် ဖြေကောင်းမှ ဖြေမည်။ သို့ကြောင့် ဗွက်ထဲမှ ကုန်းထနေသော ကျော်သူစံကို ကြည့်သည်။ လက်ထဲ၌ နွားမြီးသုံးမျှင်။ အိပ်နေသောနွားထံမှ အမြီးကို သွားနုတ်သောကြောင့် ကန်လွှတ်ခြင်းဖြစ်မည်။

`တော်သေးသယ်၊ အိပ်နေရင်းကန်လို့ သာလောက်ပဲ နာသာ၊ ရပ်နေတုန်းသာ အကန်ခံရရင် အကျိုးနဲ့ အသေ တစ်ခုခုပဲ´

မိမေးသည် ရွှံ့ဗွက်ထဲ၌ လဲနေသော နို့ညှာကောင်ကို ဆွဲထုတ်သည်။ နွားကန်သောကြောင့် ဗွက်ထဲသို့ အလွင့်တွင် ဗွက်အစပ်ရှိ အုတ်ခဲနှင့် နဖူး ဆောင့်မိသည်။ သွေးပေါက်ပေါက်မကျပြား သွေးစို့နေသည်။

`ဒီနဖူးက ဘာဖြစ်သာတုံး´

`အီး မသိဘူး ဟီး´

`ကိုယ့်ကိုကိုယ်တောင် ဘာဖြစ်သယ် မသိဘူးလားဟဲ့´

အိမ်ရှေ့သို့ ဆွဲခေါ်လာပြီးမှ မိမေးသည် အံကြိတ်ပြီး လက်ဝါးစာကျွေး၏။ ပြဲကနဲ ငိုသံထွက်ထွက်ချင်း ပါးစပ်ကို လက်ဝါးဖြင့် ပိတ်သည်။ အသံကို အုပ်ပြီး ပြောသည်။

`မျိုချ၊ အသံကို မျိုချစမ်း´

သို့ရာတွင် မိမေး နောက်ကျသွားပြီ။ အကြောင်းမူ သူ့အမေ ဒေါ်သော့က

ကျော်သူစံ၏ ပြကနဲငိုသံကို ကြားသွားပြီး ဖြစ်သဖြင့်တည်း။

`ဟင် ကလေးကို သတ်နေသဲ့ မိထွေးမ´

ဒေါ်သော့သည် အိမ်ပေါ်မှ လှမ်းအော်၏။ ပြေးဆင်းလာရင်း ထဘီပြင်ဝတ်၏။ မိမေးမှာ မအေကို ရိုသေသော်ငြား၊ ကြောက်ရွံ့သော်ငြား `မိထွေးမ´အခေါ်ခံရသောကြောင့် မျက်ကနဲ ဖြစ်သွား၏။ `ရိုက်ပစေ၊ ရိုက်လို့ သေသွားလဲ အေးသာပဲ´ ဆိုသည့် စိတ်လည်း ဝင်လာ၏။

`သာလောက်ဆိုးသဲ့ကလေးကို ဘယ်မိထွေးမှ သည်းညည်းမခံဘူး၊ မအေရင်းမို့ ညှာပြီးရိုက်တာ အမေရေ့´

`ကောင်မ တော်တော် လျှာစောင်းထက်နေပါကလား´

မိမေး၏စကားတွင် အများအပါ၊ အရိုင်းမပါ။ သို့ဖြစ်ငြား `ငါ့ကို ပြန်ပြောရကောင်းလား´ဟူသည့် ဒေါသဖြင့် တွေ့ရာနှင့် ကောက်ရိုက်သည်။ ဒေါ်သော့၏ လက်ထဲသို့ ရောက်သွားသောတုတ်မှာ ဝါးခြမ်းပြား မဟုတ်၊ `ချည်ထုတ်ပုတ်´ ဖြစ်သည်။ မိမေး၏ လက်မောင်းခနဲ့ တုတ်သော အဆစ်ပိတ်ဝါး၊ ရေဝနေသောကြောင့် လေးလံသည်။ ထိုတုတ် မြောက်တက်သွားလျှင်သွားချင်း မိမေးက တံတောင်ဆစ်ကွေးဖြင့် ထိုးခံသည်။ ထို့ကြောင့် ဒေါ်သော့၏ ရိုက်ချက်လွဲသွားသည်။

ရိုက်ချက် မလွဲချော်ပါက နဖူးကွဲမည်။ ယခု လွဲချော်သွားသောကြောင့် မာသော ထူသော ချိုစောင်းကို ရိုက်မိသည်။ မိမေးသည် ချိုစောင်းကို လက်ဝါးဖြင့် ဖိထားသည်။ သို့သော် သွေးမထွက်အောင် မတတ်နိုင်။

`မင်း တော်တော်ခက်ပါလား၊ သားအမိပေမယ့် တရားစွဲရင် ရသယ်နော်´

ဦးသောင်းအေးသည် မယားကြောက်သူဖြစ်ငြား ငေါက်ငမ်းသည်။ အော်ဟစ်သည်။

အော်ဟစ်ငေါက်ငမ်းသံတွင် ငိုသံပါနေသဖြင့် စိတ်ကို များစွာထိခိုက်ကြောင့် ဒေါ်သော့ သဘောပေါက်သည်။ ထိုသို့ ဖြစ်ခဲ့ဖူးသည့်အတွက် ယခုအခါတွင် အိမ်ထဲမှ ဒေါ်သော့ မထွက်ဘဲ ဓားကြိမ်းကြိမ်းနေခြင်း ဖြစ်ပါလိမ့်မည်။ ယခင်အခါက အိမ်တွင် စံပ မရှိ။ ယခု အိမ်တွင် စံပရှိသည်။

အကြောင်းအရာ၏ အခြေခံမှာ ကျော်သူစံပင်ဖြစ်သည်။ အိမ်တွင်ရှိသော ကြက်သားအုပ်မ နှစ်ကောင်အနက် တစ်ကောင်သည် သားခွဲသွားပြီ။ သားခွဲသော ထိုကြက်မအတွက် မြုံလုပ်ပေးထားသည်။ ကြက်မြုံဟူ၍ ဖြစ်ကတတ်ဆန်းကား မဟုတ်။ ကြက်မအတွက် ကြက်ဖက ဝပ်ကျင်းရှာပေးရရာ ကြက်ဖတစ်ကောင်၏ အလေးချိန်ကို ခံနိုင်အောင် လုပ်ပေးထားရ၏။ သို့ဖြစ်သောကြောင့် နွားတင်းကုပ် ကျပ်ခိုးစင်ပေါ်ရှိ ကြက်မြုံသည် အသုံးမပြုတော့သော `ခြင်းကြားတောင်း´ ဖြစ်သဖြင့် ကြီးမား၏။ ကျကျနန ချည်နှောင်ထားသဖြင့် အခိုင်အခံ့ရှိ၏။ ယနေ့နံနက်တွင် အိမ်တွင်ရှိသော ကြက်တွေ `ကတော်´ သည်။ မိမှေးသည် ပထမသော် အမှတ်မဲ့နေ၏။ မြုံတက်သော ကြက်မသည် တစ်နေ့တစ်လုံး ဥသည်။ ဥပြီးတိုင်း အော်သည်။ ထိုအခါတွင် အခြားကြက်တွေလည်း ဝိုင်းဝန်းကတော်ကြသည်။ သို့သော် တစ်ခဏမျှသာ။

ယနေ့တွင်မူ ကြက်တွေသည် တစ်အောင့်ဖြင့် ကတော်မရပ်။ တစ်ခဏဖြင့် အအော်မရပ်။ မိမှေးအား သတိပေးသကဲ့သို့ ဖြစ်နေ၏။

`ဘာပြုလို့ သာလောက်အော်နေပါလိမ့်´

မြည်တမ်းရင်း နွားတင်းကုပ်ထဲသို့ ဝင်ခဲ့သည်။ ကျပ်ခိုးစင်ပေါ်တွင် မလိမ့်လဲအောင် ချည်နှောင်ထားသော ကြက်မြုံထဲသို့ နှိုက်သည်။ ကြက်မြုံထဲသို့ နှိုက်ခြင်းမှာ ယခုကလေး တွင် ဥချပြီး ဆင်းသွားသော ကြက်မ၏ဥကို ယူခြင်းဖြစ်သည်။ ကြက်ဥတွေကို ဒီအတိုင်း ထားပါက ကျီးချီသည်။ သို့ကြောင့် လူက နေ့စဉ်သိမ်းဆည်းပြီး ကြက်မ ဝပ်သောအခါကျမှ ဆယ့်လေးငါးလုံး ထည့်ပေးရသည်။ ကြက်မြုံထဲသို့ နှိုက်သော မိမှေး၏လက်သည် ခြင်းကြားတောင်းထဲသို့ မရောက်၊ အဝတ်တစ်ထည်ကို ကိုင်မိသည်။ ကိုင်မိသော အဝတ်မှာ

ကျော်သူစံ၏ အကျီဖြစ်သည်။ လက်စသတ်တော့ မြတ်ကောင်းစံနှင့် တူတူပုန်းတမ်း ကစားသော ကျော်သူစံပါတကား။ မိမေးသည် ကျော်သူစံကို အကျီကျော်မှ စုရုံး ဆုပ်ဆွဲလျက် ကြက်မြီးပေါ်မှ ဆွဲချ၏။

`ကြက်ဥကော လူလေး´

`ဘယ်က ကြက်ဥလဲ´

ကျော်သူစံက မအေကို ပြူးတူးပြဲတဲ ပြန်ကြည့်ရင်း ပြန်မေး၏။

`ဟေး မိပြီကွ´

မြတ်ကောင်းစံက ပြေးလာပြီး အော်၏။

`ဒီမှာ ပြဿနာတက်နေပြီ၊ အရေးထဲမှာ မင်းက တစ်မျောင့်´

မိမေး ကုပ်မှ ကိုင်ဆွဲထားသဖြင့် ကျော်သူစံသည် မအေ့လက်ထဲတွင် ယက်ကန်ယက်ကန် ဖြစ်နေရာက မြတ်ကောင်းစံကို ပြန်အော်၏။ မိမေးအတွက်မူ ညီအစ်ကိုချင်း ရန်ဖြစ်သည်ထက် ကြက်ဥက ပိုပြီး အရေးကြီး၏။

`ဘယ်မတုံး ကြက်ဥ´

`ဘယ်က ကြက်ဥလဲ၊ မသိဘူး´

`ဟဲ့ မြုံထဲက ကြက်ဆင်းသွားမှ နင် ၀င်ပုန်းသာလား၊ သည်လိုဆိုရင် ကြက်ဥ တွေ့ရမယ်၊ မြုံထဲကို ကြက်မ မရောက်ခင် နင်၀င်နေသာဆိုရင် မြုံတက်ပျက်ပြီး နက်ဖြန်လည်း ဥတော့မှာ မဟုတ်ဘူး´

မိခင်က ဤသို့လျှင် အကျိုးအကြောင်း ရှင်းပြသည်ကို `မသိဘူးပြောနေသာ

မကြားဘူးလား´ ဟု ဝမ်းခေါင်းသံဖြင့် အောသည်။

လက်လေးချောင်း ကွေးထားသော လက်ကြီးသည် ကျော်သူစံ၏ ခေါင်းပေါ်သို့ ဆက်ကာဆက်ကာ ကျသည်။

`အော်ဦးဟဲ့၊ မသိဦးဟဲ့´

မိမွေးမှာ ဒေါသဖြစ်နေသောကြောင့် ကျော်သူစံ့ပါးစပ်ကို မပိတ်မိ၊ ဆက်ကာဆက်ကာ ခေါက်မိသည်။

`လူလေး ဘာဖြစ်သတုံး´

အမေ့အသံကို ကြားမှသာ ကျော်သူစံကို လွှတ်ထားခဲ့ပြီး အိမ်ပေါ်သို့ တက်ပြေးလာသည်။

`ကြည့်စမ်း၊ ကလေးရဲ့ခေါင်းကို ခေါက်လိုက်သာ ကလေးနဲ့ မတန်ဘူး´

ကျော်သူစံ၏ ငိုသံအပျောက်တွင် ထွက်ပေါ်လာသော ဒေါသော့အသံ။

`တစ်ခေါင်းလုံးမှာ အာလူးတောင်းဖိတ်ကျနေသဲ့အတိုင်းပဲ´

တစ်ခွန်းမှ နှစ်ခွန်းဖြစ်လာသောအခါ အမေ ဒေါသဖြစ်ပြီဟု မိမွေးသိသည်။ အားကိုးစရာ ရှာသောအခါ မျက်နှာသေကလေးဖြင့် အိမ်ပေါ်သို့ တက်လာသော စံဝကို မြင်ရ၏။

`မင်း ဘာတွေလုပ်ခဲ့သတုံး´

`အငယ်ကောင်နဲ့ တူပုန်းတမ်း ကစားသာ ကြက်မြို့ထဲ ဝင်ပုန်းရသတဲ့။

ကြက်ဥကော မေးတော့ ပြန်အော်သယ်လေ၊ အဲသည်တော့ ခေါက်တယ်´

`မင်းကွာ ရာဇဝတ်အိုးမှ တုတ်နဲ့ သွားထိုးရသယ်လို့´

`ဘာ ရာဇဝတ်အိုးလဲ´

မိမေး ထအော်သည်။

`ကိုယ်မွေးတဲ့သားကို ကိုယ်ကြောက်နေရဦးမှာလား´ ဟူသည့် နောက်ဆက်တွဲ အသံကလည်း တစ်ဆက်တည်း ကျယ်သည်။ ထိုကဲ့သို့ ဒေါသတကြီး ကျယ်လောင်မိခြင်း၏ ရလဒ်ကား `သွား ငါ့အိမ်ဝိုင်းထဲက အခုထွက်သွားကြ´ အော်ဟစ်သံနှင့် ကြမ်းပြင်ပေါ်သို့ တစ်စုံတစ်ရာ ပစ်ချသံပေတည်း။

စံဝသည် ဒေါ်သော့ကို ကြောက်၏။ ယောက္ခမကို ကြောက်ရွံ့ရန်၊ ရိုသေရန်မှာ ချွေးမများ၊ သမက်များ၏ တာဝန်ဖြစ်ရကား စံဝလည်း ဒေါ်သော့ကို ကြောက်ရွံ့သည်။ သို့ဖြစ်ငြား အိမ်ထောင်စုကြီး ပြောင်းရွှေ့သွားရန်မှာ မဖြစ်နိုင်သောကြောင့် အိမ်ပြင်သို့ ကုပ်ချောင်းချောင်း ထွက်လာသည်။

သမက်သည် သမီးနှင့်နှိုင်းပါက သူတစိမ်းပင်။ သူတစိမ်း၏ မျက်နှာကို မြင်ပါက အပြောအဆို တန့်သွားတန်ရာ၏။ စံဝသည် ထိုမျှော်လင့်ချက်ဖြင့် အိမ်ရှေ့သို့ ထွက်လာရာ လှမ်းအအော်ခံရ၏။

`ဟဲ့ ဟိုကောင်၊ ငါပြောသာ ကြားလား´

`ဗျာ အရီး´

`ဘာဗျာလဲ၊ ဘာအရီးလဲ´

ဒေါ်သော့သည် ဓားကို ကိုင်လျက်တန်းလန်းဖြင့် အိမ်ပေါ်မှ ဆင်းလာသည်။

စံဝသည် လူကို မကြောက်ပေမယ့် ဓားကိုကား ကြောက်သည်။ စိတ်မထင်၍ ခုတ်လိုက်လျှင် မည်သို့လုပ်မည်နည်း။ ယောက္ခမအား တရားစွဲ၍လည်း မလျော်။ ယောက္ခမသည် မိဘနှင့် တစ်တန်းတည်း မဟုတ်ပေသလော။

သို့အတွက် စံဝသည် အိမ်ဝိုင်းအပြင်သို့ ခြေဦးလှည့်၏။

`ဟဲ့ အကောင် သာက ဘယ်တုံး´

စံဝမှာ ယီးတီးယားတား ဖြစ်သွားသည်။ အမှန်မှာ သူသည် ဒေါ်သော့၏ ဘကြီး ဦးစံမြိုင်နှင့် အစ်မကြီး ဒေါ်ကျော့အနက် တစ်ယောက်ယောက်ကို သွားရောက်ခေါ်ငင်ရန် ဖြစ်သည်။

`ဟဲ့ ငါမေးနေသာ မကြားဘူးလား။ နင်တို့အိမ်ကို အခုဖျက်ပြီး အခုချက်ချင်း ငါ့အိမ်ဝိုင်းထဲက ထွက်သွား´

`ဟုတ်ကဲ့ ဟုတ်ကဲ့၊ အိမ်ဖျက်ဖို့ လူကူတစ်ယောက်တော့ ခေါ်ဦးမှ ဖြစ်မှာမို့´

`သွား မြန်မြန်သွား၊ မြန်မြန်ပြန်´

ဒေါ်သော့သည် စံဝကို ကျောပေးပြီး မိမှေးဘက်သို့ လှည့်သွားသည်။ တစ်ခဏတွင် စံဝမှာ ရွာထဲသို့ အပြေးထွက်လာမိခဲ့လေ၏။ သို့သော် စံဝ အားကိုးအားထား ပြုသော ဒေါ်ကျော့မှာ အိမ်တွင် မရှိချေ။ အိမ်ရှိလူများထံတွင် စုံစမ်းသည့်အခါ `ဖိုးစံမြိုင်အိမ် သွားသည်´ ဖြေသူက ဖြေပြီး ရှားပင်လှသို့ သွားဟန်တူသည်ဟု ထင်မြင်ချက်ပေးသူက ပေး၏။

`ခွကျပါကလားနော်´

စံဝသည် ဒေါ်ကျော့တို့ အိမ်ဝိုင်းထဲမှ ခေါင်းကုတ်ညည်းညူကာ ထွက်လာသည်။

လိုရမည်ရ သဘောဖြင့် ဖိုးစံမြိုင်တို့အိမ်ဘက်သို့ လျှောက်အလာတွင် `ဟဲ့ ဘယ်လဲ´ မေးသော ဒေါ်ကျော့အသံကို ကြားရသည်။ တစ်အိမ်ကျော်တွင် ရောက်နေသော ဒေါ်ကျော့။

`အရီးညီမက သူ့အိမ်ဝိုင်းထဲ မနေရဘူး၊ ခုထွက်သွားဆိုလို့´

အိမ်ဝိုင်းထဲသို့ ဝင်လာရင်း စံဝက မတိုးမကျယ်ပြောရာ ဒေါ်ကျော့အရင် အိမ်ရှင်က လှမ်းပြောသည်။

`နင့်သမီးဦးတောင် အပျိုဖော်ဝင်တော့မယ်၊ နင့်ယောက္ခမအကြောင်း ခုထက်ထိ မသိသေးဘူးလား´

`ကောင်းချင်တုန်းတော့ သေလုအောင်ကောင်းသာဗျ´

`ဟဲ့ သားသမီးနဲ့ မိဘ ဒီလိုပဲပေါ့´

`ခက်သယ်ဗျာ၊ နို့ညှာကောင် မထိနဲ့၊ မီးပွင့်သွားမယ်ဖြစ်နေတော့။ နို့ညှာကောင်ကလည်း သူ့ထက်ဆိုးသဲ့ အကောင်တောင် သူ့လောက် မဆိုးဘူး´

ထိုအခါကျမှ ဒေါ်ကျော့ စကားပြောဖော်ရသည်။

`ငါ့ညီမမို့ ငါပြောသာမဟုတ်ဘူးအေ့၊ မယ်သော့က နည်းနည်းတော့ ဆိုးသဟဲ့၊ သာပေမယ့် သူ့သမီးကို ယူထားမိတော့မှတော့ သည်းခံပေါ့ပဟယ်´

`ဟုတ်ကဲ့ သည်းခံပါသယ် အရီးရာ´

`အေး အေး ခုလောက်ဆို သားအမိ မြေးအဖွားတစ်တွေ ကျေအေးသလောက် ရှိကြပြီ ထင်ပါသယ်၊ စိတ်ချလက်ချသာ ပြန်ပေတော့´

ကိုယ်ကြောက်ရသော ယောက္ခမ၏ အစ်မစကားကို စံဝ မပယ်ရဲပါ။ မပယ်လှန်ရဲခြား

စိတ်မချတချသာ ပြန်ရဲသည်။ အိမ်ဝိုင်းထဲသို့ လှမ်းမြင်ရသော ဇကရာဇ်ပင်ကြီးကို ကွယ်ပြီး ချောင်းကြည့်ရသေးသည်။ ဒေါ်ကျော့ပြောလိုက်သောစကား မှန်ပါသည်။ ယောက္ခမကြီး ဒေါ်သော့သည် မြတ်ကောင်းစံကို ခါးထစ်ခွင်လျက် ကျော်သူစံကို လက်ဆွဲပြီး အိမ်ပေါ်သို့ တက်သွားပါတကား။

**၂၀၀၆၊ မေ။ လပြည့်ဝန်းမဂ္ဂဇင်း။**


www.mmteashop.com